
Facebook link : www.facebook.com/daddyzhanghan
Page Name : ဒက်ဒီကျန်းဟန်
Telegram : https://t.me/daddyzhanghan
Available on :
Wun Zinn
Book Store
WOW Book Store
Bookstore
K Eros
(ကျန်းဟန်)
အင်မော်တယ်ဖေဖေ
Godly Stay-Home Dad
အင်မော်တယ် ဖေဖေ
K Eros

အင်မော်တယ်ဖေဖေ

စာစဉ်(၃၀)

## အခန်း(၃၆၂-က) ဒါရိုက်တာ လဲ့ထျန်းနန်(၁)

ဟောင်ကောင်အစိုးရအဆောက်အဦးတွင်...

အလွန်အထင်ကြီးစရာကောင်းသည့် အရှည်အသွေးမြင့် တန်ဖိုးကြီးကားတစ်စီး ကားပါကင်တွင် ရပ်တန့်သွားခဲ့သည်။

လျို့ယွင်ကျန်းသည် မျက်နှာထက်တွင် အားကိုးရာမဲ့သည့် အမူအရာဖြင့် အဆောက်အဦးထဲသို့ လျှောက်ဝင်သွား၏။

အစည်းအဝေးခန်းထဲသို့ ရောက်သည်နှင့် အထဲတွင် လူ ဆယ်ယောက်နီးပါးရှိနေပြီဖြစ်သည်ကို တွေ့လိုက်ရသည်။

တက်ရောက်လာသည့်လူတိုင်းသည် မိမိတို့နယ်မြေတွင် ကြီးမားသည့်အာဏာကို ပိုင်စိုးထားသည့် အကောင်ကြီးကြီး များဖြစ်ကြ၏။

သူ ထိုင်လိုက်ပြီးနောက် ဆယ်မိနစ်ခန့် စောင့်နေလိုက်ရာ လူဆယ်ယောက်ခန့်မှာ ဆက်တိုက် လျှောက်ဝင်လာခဲ့သည်။ စုစုပေါင်း အကောင်ကြီးကြီး ၁၉ ယောက်ရှိပြီး ကြီးမားသည့် ပမာဏတော့ မဟုတ်ချေ။

"ဒီနေ့ ၈ နာရီ ၄၃ မိနစ်က ကျန်းရှခရိုင်ရဲ့ ဒရယ်ဂွန်ထရှိုင် ယန်ကလပ်မှာ ကမ္ဘာပြိုတဲ့အဖြစ်အပျက်တစ်ခု ဖြစ်ခဲ့တာကို အားလုံး ကြားပြီးပြီလို့ ထင်ပါတယ်။ အခု အဲဒီကိစ္စကို အသေးစိတ် ပြောပြပါမယ်"

ထိပ်ဆုံးထိုင်ခုံတွင် ထိုင်နေသည့် အဘိုးအိုက လက်ကို ဝှေ့ယမ်းလိုက်ပြီးနောက် သူ၏နောက်တွင် ပရိုဂျက်တာစခရင် တစ်ခု လင်းလက်လာပြီး လမ်းမများပေါ်ရှိ စီစီတီဗီမှတ်တမ်းပုံရိပ်များကို ပြသနေသည်။

တစ္ဆေတစ်ကောင်ပမာ အနက်ရောင်ပြိုင်ကားတစ်စီးက စီစီတီဗီကင်မရာတိုင်းတွင် ဖြတ်ပြေးနေသည်ကို လူတိုင်း မြင်နိုင်၏။ ဗီဒီယိုအား အချိန်အနည်းငယ် ရစ်လိုက်ပြီးနောက် Lamborghini(လန်ဘော်ဂီနီ) တစ်စီးက နောက်မှလိုက်လာသည်ကို တွေ့လိုက်ရသည်။ ထိုနောက် ခဏအကြာတွင် Hummers(ဟမ်းမား) စစ်ကားများနှင့် အနက်ရောင် Mercedes(မာစီးဒီး)ကားများက လမ်းမပေါ်တွင် အရှူးအမူး ပြေးသွားနေကြသည်။

"အရေးကြီးပုဂ္ဂိုလ်တွေကို သတ်ခဲ့တဲ့လူက ရှေ့ဆုံးက အနက်ရောင်ပြိုင်ကားထဲမှာ....”

ပုံရိပ်များမှာ အဆက်မပြတ် ပြသနေပြီး ဝရုန်းသုန်းကား သွားနေသည့် ပြိုင်ကားက ဒရယ်ဂွန်ထရှိုင်ယန်ကလပ်သို့ ရောက်ရှိသွားသည်ကို လူတိုင်း မြင်လိုက်ရသည်။

နောက်ဖေးတံခါးရှေ့တွင် လူတစ်ဦးက အစောင့်များကို လေထဲချက်ချင်း မြောက်တောင်သွားအောင် လုပ်လိုက်သည်။

သူသည် ဖူးမွန်းပါဗီလီယွန်သို့ အမြန်ပြေးသွားပြီး အပေါ်ထပ် ကော်ရစ်တာ(စင်္ကြံ)အဆုံးတွင် ရပ်တန့်လိုက်သည်။

အနက်ရောင်အရိပ်တစ်ခုက စခရင်တွင် ဖြတ်သွားပြီး လူခြောက်ယောက် ကြမ်းပြင်ပေါ်လဲကျသွားခဲ့သည်။

တဖြည်းဖြည်းနှင့် ဗီဒီယိုက နှေးကျသွားပြီး ထိုရိုက်ချက်ကို ဆက်တိုက် ထပ်ခါထပ်ခါပြသသည်။

"သူ့ရဲ့ ရုတ်တရက်အမြန်နှုန်းက အသံရဲ့အမြန်နှုန်း တစ်ဝက်လောက်ကို ရှိတယ်။ အဲဒါအပြင် သူက မတုံ့မဆိုင်းနဲ့ လူ ၁၃ ယောက်သတ်ခဲ့ပြီး ၁၁၇ ယောက်ကို ခြေထောက်တွေ ချိုးသွားခဲ့တယ်။ ဒါက တကယ့်ကို အရေးကြီးတဲ့ဖြစ်ရပ်တစ်ခုပဲ..."

ဤအချိန်တွေတော့ ဤကိစ္စကို မည်သို့ကိုင်တွယ်မလဲ ဆွေးနွေးရန် အချိန်ကျပေပြီ။

ဤပြဿနာကို ရင်ဆိုင်ရန် တက်ရောက်လာသည့်သူများအား အဖွဲ့သုံးဖွဲ့ခွဲထားသည်။

ပထမအဖွဲ့မှာ လူလေးယောက်ပါဝင်ကာ လျိုယွင်ကျန်းဦးဆောင်ပြီး သူတို့အဖွဲ့က ဝရုန်းသုန်းကားအခြေအနေကို တည်ငြိမ်အောင် ကြိုးစားကြမည့်အဖွဲ့ဖြစ်သည်။

ဒုတိယအဖွဲ့အား လူခြောက်ယောက်ဖြင့် ဖွဲ့စည်းထားကာ ကျန်းဟန်အား ဖမ်းဆီးရန် ထောက်ခံကြသည်။

တတိယအဖွဲ့မှလူများသည်တော့ ခေတ္တစောင့်ကြည့်ရန် ရည်ရွယ်ထား၏။

ရှင်းပေသည်။ ဤသည်က ကစားပွဲတစ်ခုပင်…

ထိုအချိန်အတွင်း၌ ကာကွယ်သူလန်နှင့် ဒရယ်ဂွန်ထရှိုင်ယန်ကလပ်ရှိ သူ၏အဖော်များမှာ စီစီတီဗီမှတ်တမ်းကို စိုက်ကြည့်နေကြသည်။

"ရှီး…"

မော်နီတာပုံရိပ်ရှိ အနက်ရောင်အရိပ်ကိုကြည့်ပြီး ဗီဒီယို အား နေးကာ သူ၏အမြန်နှုန်းကို တွက်ဆပြီးနောက် ကာကွယ်သူလန် အသက်ရှူချောင်သွားသည်။

"အသံရဲ့တစ်ဝက် မြန်တယ်။ ဘယ်လိုလုပ် သူ ဒီလောက် မြန်နေတာလဲ"

နက်နဲအဆင့်မာစတာတစ်ယောက်က ဤကဲ့သို့ မယုံနိုင်စရာအမြန်နှုန်းရှိထားသည်မှာ မူလတန်းကျောင်းသားက ပရော်ဖက်ဆာလက်မှတ်ရထားသကဲ့သို့ ကာကွယ်သူလန် ယုံရခက်နေသည်။

ဝူတာအိုမဟာမာစတာတစ်ယောက် ထိုကဲ့သို့ အရှိန်ဖြင့် ရွေ့လျားနိုင်သည်ဟု သူယုံကြည်ပေသည်။ သို့သော် သူ၏ ထိတ်လန့်မှုမှာ နက်နဲအဆင့်မာစတာက ထိုကဲ့သို့ ပြုလုပ်ခဲ့ခြင်းပင်။

"ကံကောင်းလို့ ငါ သူ့ကို တိုက်ရိုက်သွားမဖမ်းခဲ့ဘူး။ မဟုတ်ရင်တော့ ကြိုတင်ပြင်ဆင်မထားဘဲ ဒီလိုအရှိန်နဲ့ ရင်ဆိုင်ရရင် အကျိုးနည်းကုန်မှာ"

"ဘောခ်စ်က တကယ်ကို အံ့မခန်းပဲ။ သူက ပြိုင်ဘက်ကင်း တယ်" နည်းပြလျိုက ခေါင်းကိုယမ်းကာ စိတ်ခံစားချက်များ ဖြင့် သက်ပြင်းချသည်။

ထိုအချိန်တွင် သူတို့နှစ်ဦးအပြင် ကလပ်ပိုင်ရှင်နှင့် သတင်းကြားပြီး ချက်ချင်းလိုက်လာတော့ ကာကွယ်သူ လန်၏အစောင့်လေးယောက်လည်း စောင့်ကြည့်ခန်းတွင် ရှိ နေသည်။

ဖြစ်ပျက်နေသည်ကို မြင်သည့်အခါ လူတိုင်း အံ့အားသင့် ကာ စွံ့အသွားကြ၏။

"မင်း သူ့ကို ဘောခ်စ်လို့ ခေါ်လိုက်တာလား" ကာကွယ်သူ လန်က နည်းပြလျိုကို ကြည့်ကာ သိချင်စိတ်ဖြင့် မေးသည်။

"အာ... ဟုတ်ပါတယ်" နည်းပြလျိုက ခေါင်းညိတ်သည်။

"မင်း သူနဲ့ အရမ်းရင်းနှီးတာလား။ သူက ဘယ်သူလဲ" ကာကွယ်သူလန်က တစ်ချက်စဉ်းစားလိုက်သည်။

မာစတာကျန်းသည် သိုင်းပညာ လျှို့ဝှက်နည်းစနစ်နှင့် ဓားသိုင်းတို့ကို အသုံးပြုခဲ့ကြောင်း မေကမ္ဘာအဆင့် မာစတာ နှစ်ယောက်ထံမှ ကြားသိရသည်။ ထိုအရာများမှာ သာမာန်လူ များ မကျွမ်းကျင်သင့်ပေ။

သူသည် ကောင်းကင်အဆင့်တွင် နှစ်အတော်ကြာ နေခဲ့ သော်လည်း လျှို့ဝှက်နည်းစနစ် သုံးခုသာ ကျွမ်းကျင်ခဲ့သည်။

မည်သည့်လျှို့ဝှက်နည်းစနစ်ဖြစ်ပါစေ စဦးအဆင့်၊ ကျွမ်းကျင်အဆင့်နှင့် အောင်မြင်မှုအဆင့်ဟူ၍ အဆင့်သုံးဆင့်ရှိ သည်။

သူ၏အမြင်တွင် မာစတာကျန်း ကျွမ်းကျင်ထားသည့် လျှို့ဝှက်နည်းစနစ်နှင့် ဓားသိုင်းပညာတို့မှာ ကျွမ်းကျင်အဆင့်

ကို ကျော်လွှန်ခဲ့လျှင် သူသည် ဟဲယွမ်ဖေးအား ဂရုမစိုက်မိသည့်အချိန်တွင် တစ်ချက်တည်းဖြင့် သတ်နိုင်ဖွယ်ရှိသည်။

ဟဲယွမ်ဖေးက တန်ပြန်တိုက်ခိုက်ပုံရ၏။ သိုင်းလောကတွင် တစ်ခါတစ်ရံ ထိုသို့သော ကိစ္စများ ကြုံဖူးသော်လည်း သိုင်းပညာရှင်အချို့သည် သူတို့ထက် အဆင့်တစ်ဆင့်မြင့်သည့် ပြိုင်ဘက်ကို အနိုင်ယူခြင်းကိုသာ ကြားဖူးခဲ့သည်။ သို့သော် နက်နဲအဆင့် သိုင်းပညာရှင်က ကောင်းကင်အဆင့်သိုင်းပညာရှင်ကို လုပ်ကြံသတ်ဖြတ်ခဲ့သည်ကို သူ ပထမဆုံးကြားဖူးခြင်းဖြစ်သည်။ သူတို့သည် အဆင့်နှစ်ဆင့် ကွာခြား၏။

ကာကွယ်သူလန်၏သဘောတရားများမှာ အမှန်တရားနှင့်နီးစပ်လုနီးပါးပင်။ သို့သော် ဟဲယွမ်ဖေးသည် ခုခံကာကွယ်ရန် အာရုံစိုက်ထားပါလျက်နှင့် အသတ်ခံခဲ့ရကြောင်း ကာကွယ်သူလန်သိရှိပါက သူ၏အမူအရာမှာ စိတ်ဝင်စားစရာကောင်းပေလိမ့်မည်။

ကာကွယ်သူလန်၏စကားကို ကြားသည့်အခါ နည်းပြလျို က ခဏလောက် စဉ်းစားလိုက်သည်။

ကာကွယ်သူလန်သည် ဘက်မလိုက်တတ်သည့် သဘောထားရှိကြောင်း သူသိရှိသည်။ ထို့ကြောင့် သာမန်လူများသိရှိထားသည့် အချက်အလက်အချို့ကို ရိုးရိုးရှင်းရှင်း ပြောပြောလိုက်၏။

"ကျွန်တော် မာစတာကျန်းကို ဘော့စ်လို့ခေါ်ရတဲ့ အကြောင်းအရင်းက သူက စားသောက်ဆိုင်တစ်ဆိုင် ဖွင့်ထားလို့ပါ။ ပြီးတော့ သူက ဇီယန်နဲ့ နှစ်အနည်းငယ်ကြာအောင် နေခဲ့တာ။ သူတို့နှစ်ယောက်က အရမ်းချစ်ကြတဲ့ စုံတွဲဖြစ်ပြီး သူတို့မှာ အရမ်းလှပြီး ချစ်စရာကောင်းတဲ့ မုန့်မုန့်ဆိုတဲ့ သမီးလေးတစ်ယောက်ရှိတယ်။ စားသောက်ဆိုင်နာမည်ကို မုန့်မုန့် အပန်းဖြေရာစားသောက်ဆိုင်လို့ ခေါ်ပါတယ်။ ဘော့စ်က အိမ်မှာပဲ အချိန်ပြည့်နေတတ်တဲ့ ဖခင်တစ်ယောက်ဦးကိုလိုပါပဲ။ တခြားကိစ္စတွေကို ဂရုမစိုက်တတ်ဘူး။ ဒါပေမယ့် သူ့သမီးလေးကို

စောင့်ရှောက်ပြီး တစ်ခါတစ်လေ ဧယန်နဲ့ လျှောက်လည်လေ့ရှိတယ်။ သူတို့က တကယ် ပျော်စရာကောင်းတဲ့ မိသားစုပါ”

ထိုစကားကို ကြားသည့်အခါ လူများ တိတ်ဆိတ်သွားကြသည်။

အချိန်အတန်ကြာ တိတ်ဆိတ်နေသည်။

တစ်မိနစ်အကြာတွင် ကာကွယ်သူလန်က သက်ပြင်းချကာ "ငါသိပြီ။ ငါ သူ့ကို နားလည်ပေးနိုင်ပါတယ်။ သူ့မှာ အစွယ်တွေရှိပေမယ့် ဖုံးကွယ်ထားခဲ့တယ်။ သူ လူတွေအများကြီးကို သတ်ပစ်မယ်ဆိုတာ အံ့ဩစရာမရှိပါဘူး။ တကယ်လို့ ငါသာ သူဆိုရင် ငါလည်း အတူတူပဲလုပ်မိမှာ။ ပျော်ရွှင်စရာ မိသားစုလေးအပေါ်မှာ ကြမ္မာဆိုးဝင်လာရင် သူ ခန်းမထဲက လူတွေအကုန်လုံးကို သတ်ပစ်ရင်တောင် သူတို့အနေနဲ့ ပြန်လှည့်မရနိုင်တဲ့ အကျိုးဆက်ကို ခံစားရလိမ့်မယ်”

ထိုအချိန်တွင် ကာကွယ်သူလန်သည် တစ်စုံတစ်ခုကို ပြန်တွေးနေပုံရပြီး သူ၏နှလုံးသား နာကျင်လာသည်။ "လူတစ်

ယောက်က ကိုယ့်မိသားစုကို ကာကွယ်ဖို့တောင် ပျက်ကွက်ရင် သိုင်းပညာရှင်တစ်ယောက်ဖြစ်ဖို့ သေချာပေါက် အရည်အချင်း မရှိဘူး။ ရှံ့စရာကောင်းလိုက်တာ။ အဲဒီ လူကုံထံမိသားစုတွေ ကလာတဲ့ ထောင်လွှားမောက်မာတဲ့ သခင်လေးတွေက သူတို့ ဘာပဲလုပ်လုပ် ဘာပဲပြဿနာရှာရှာ တစ်ယောက်ယောက်က ကူညီဖြေရှင်းပေးလိမ့်မယ်လို့ အမြဲတမ်းထင်နေတာ”

"ကံဆိုးစွဦးနဲ့ အရည်အချင်းရှိတဲ့လူတစ်ယောက်ရဲ့နောက်မှာ နောက်ထပ် အရည်အချင်းရှိတဲ့လူတွေအမြဲရှိတယ်ဆိုတာကိုတောင် သူတို့ နားမလည်ကြဘူး။ သူတို့ရဲ့ အခြေခံ အရည်အချင်း အသိပညာတွေကို ခွေးစားသွားပုံရတယ်။ ဒီလို လူတွေက သတ်ပစ်သင့်တယ်။ သူတို့အသက်ရှင်နေရင်တောင် သူတို့က တခြားသူတွေကို ဒုက္ခပေးနေမှာ”

ကာကွယ်သူလန်၏စကားကိုကြားပြီးနောက် နည်းပြလျို နှင့် အခြားသူများ အေးခဲသွားပြီး အနည်းငယ် အံ့အားသင့်သွားကြသည်။

သူက စကားပြောနေရင်း ဘယ်လိုလုပ် ဒေါသထွက်သွားတာလဲ။ ကြည့်ရတာ ကာကွယ်သူလန်လည်း ဇာတ်လမ်းတွေရှိတယ်ထင်တယ်...

"အင်း... သူတို့က သေဖို့တောင်းဆိုနေကြတာကိုး။ ဒါပေမယ့် ကာကွယ်သူဟဲနဲ့ တခြားသူတွေရဲ့ အဆင့်အတန်းက..." နည်းပြလျို တိုးတိုးလေး ရေရွတ်လိုက်သည်။

"ဟမ့် နတ်ဆိုးဆီမီးထွန်းတဲ့ကောင်တွေက သေဖို့ထိုက်တန်တယ်။ လူကုံထံမိသားစုတွေရဲ့ သားသမီးတွေက ကျောထောက်နောက်ခံပြုပေးတဲ့ ဒီလိုကောင်မျိုးတွေမရှိရင် သူတို့ ဒီလောက် မောက်မာနေမှာမဟုတ်ဘူး" ကာကွယ်သူလန်သည် အတွေးနစ်နေဆဲဖြစ်ပြီး အေးစက်ကာ လူသတ်လိုသည့်လေသံဖြင့် ပြောလိုက်သည်။

"အရမ်းကောင်းတယ်" နည်းပြလျိုက လက်မထောက်ပြလိုက်ပြီး သူ့အား ချီးကျူးသည်။ "ကာကွယ်သူလန်က တကယ့်ဖြောင့်မတ်တဲ့လူပဲ"

"ဟားဟားဟား.... သိုင်းပညာရှင်တစ်ယောက်အနေနဲ့ မှန်ကန်တဲ့အရာတွေ လုပ်ဖို့လိုတယ်လေ။ အကျင့်မကောင်းတဲ့ ကောင်တွေရဲ့ ရာဇဝတ်မှုက သေရင်တောင် အဆုံးမသတ်နိုင်ဘူး။ အခုဖြစ်ပျက်ခဲ့တာတွေကို ငါ ဒါရိုက်တာလဲ့ကို သတင်းပို့လိုက်မယ်" ကာကွယ်သူလန်က မျက်ခုံးပင့်လိုက်သည်။

"ဒါရိုက်တာလဲ့ ပြန်ရောက်ပြီလား"

နည်းပြလျို၏မျက်လုံးများမှာ အံ့အားသင့်မှုကြောင့် ပြူးကျယ်သွားသည်။

ဒါရိုက်တာလဲ့၏အမည်မှာ လဲ့ထျန်းနန်ဖြစ်သည်။ သူသည် ဟောင်ကောင်မှ ဝူတာအိုမဟာမာစတာတစ်ယောက်ဖြစ်ပြီး ဟောင်ကောင်သိုင်းပညာရှင်များအဆင့်တွင် အဆင့် ၁၁ တွင်ရှိသော်လည်း ထိပ်ဆုံး ၁၀ ယောက်တွင် ပါဝင်သည်ဟု ကောလဟာလများထွက်ခဲ့သည်။ သူသည် အမှန်တကယ် ကြောက်စရာကောင်းသည့်လူတစ်ယောက်ဖြစ်သည်။

ထိုစာရင်းသည် တိုက်ခိုက်ရေးစွမ်းအားနှင့် အဖျက်စွမ်းအားဆိုင်ရာ အချက်အလက်များကို စနစ်တကျခွဲခြမ်းစိတ်ဖြာပြီးနောက် အမျိုးသားလုံခြုံရေးအေဂျင်စီ၏နည်းပြဆိုင်ရာဝန်ထမ်းများမှ ဖန်တီးထားသည့် မြို့ကြီးများရှိ သိုင်းပညာရှင်များအတွက် သီးသန့်စာရင်းဖြစ်သည်။

ပြည်နယ်တစ်ခုစီတွင် ကိုယ်ပိုင်စာရင်းရှိပြီး ဂုဏ်ကျက်သရေ၊ ကျော်ကြားမှုနှင့် အဆင့်အတန်းတို့ကို ကိုယ်စားပြုသည့်အတွက် သိုင်းပညာရှင်တိုင်းမှာ သူတို့၏နာမည်ကို ထိုစာရင်းတွင် ပါဝင်ရန် မျှော်လင့်ကြသည်။

သို့သော် အချို့သောလူများမှာ အပြင်လောကတွင် ဖြစ်ပျက်နေသည်များကို ဂရုမစိုက်ဘဲ သိုင်းပညာကိုသာ လေ့ကျင့်ကြသည်။ ထိုကဲ့သို့သောလူမျိုးများသည် သိုင်းလောကတစ်ခုလုံးတွင် အနည်းငယ်သာရှိသည်။

လဲ့ထျန်းနန်မှာ လွန်ခဲ့သည့်ခြောက်လခန့်က လျှို့ဝှက်နေရာတစ်ခုသို့ သွားခဲ့ကြောင်း နည်းပြလျိုကြားခဲ့ရပြီး ထို

အချိန်မှစ၍ သူ၏သတင်းပျောက်သွားခဲ့သည်။ ယခု သူ ပြန်ရောက်လာလိမ့်မည်ဟု မမျှော်လင့်ထားချေ.

လဲ့ထျန်းနန်နှင့် သူ့ဦးလေး၏အကူအညီဖြင့်ဆိုလျှင် ဤရှန်းရင်းဆန်ခတ်မှုကို ချက်ချင်း ပြေလျော့သွားစေလိမ့်မည်။ သိကြသည့်အတိုင်းပင် လဲ့ထျန်းနန်သည် အလွန်သြဇာကြီးမားသူဖြစ်သည်။

"ဒါရိုက်တာလဲ့ ပြန်ရောက်တာ တစ်ပတ်လောက်ရှိပြီ။ ဖြစ်ပျက်ခဲ့တာတွေကို ငါ အမှန်တိုင်း ပြောပြလိုက်မယ်။ သူဘယ်လိုကိုင်တွယ်မလဲဆိုတာ သူ့အပေါ်မှာပဲ မူတည်တယ်" ကာကွယ်သူလန်က ပြောသည်။ သူ၏စကားအရ သူသည် လက်ကမ်းပေးလိုစိတ်ရှိလေသည်။ ပြောပြီးသည်နောက် သူသည် တုံ့ဆိုင်းခြင်းမရှိဘဲ အပြင်သို့ထွက်သွားကာ ဖုန်းကို ထုတ်လိုက်သည်။

သူ၏အပြုအမူက လူတိုင်းကို အံ့အားသင့်သွားစေသည်။

နည်းပြလျိုမှာ အတော်လေး အံ့အားသင့်သွားပြီး ကာကွယ်သူလန်မှာ ကောင်းကင်ပေါ်မှကျဆင်းလာသည့် မဟာမိတ်တစ်ယောက်လို ခံစားလိုက်ရသည်။

တကယ်တမ်းတွင် နည်းပြလျို၏စကားများက ကာကွယ်သူလန်၏နှလုံးသားကို ထိသွားစေခဲ့သည်။ တစ်ချိန်က သူ့တွင် ချစ်မြတ်နိုးရသည့် အမျိုးသမီးတစ်ယောက်ရှိခဲ့ဖူးပြီး ဤကဲ့သို့ကိစ္စမျိုးလည်း ကြုံခဲ့ဖူးသည်။ သူ ဒေါသတကြီးသောင်းကြမ်းခဲ့သော်လည်း နောက်ဆုံးတွင် သူ၏ချစ်သူမှာ သေဆုံးသွားခဲ့ရသည်။ ထို့ကြောင့် သူသည် အခြားသူများ၏နောက်ကွယ်တွင် လှည့်စားသူများအား အလွန်မုန်းတီး၏။

ငါးမိနစ်ခန့်အကြာတွင် ကာကွယ်သူလန်သည် အေးစက်သည့်မျက်နှာဖြင့် ပြန်လာပြီး ခေါင်းညိတ်ပြလိုက်သည်။ "ဒါရိုက်တာလဲ့က ဒီကိစ္စကို သူကိုင်တွယ်မယ်ပြောတယ်"

ထိုနောက် လူတိုင်း စောင့်နေလိုက်ရုံပင်။

နောက်ဆုံးတွင် နာရီဝက်ခန့်ကြာပြီးနောက်...

နည်းပြလျို၏ဖုန်းက ရုတ်တရက် မြည်လာခဲ့သည်။

-စာစဉ်(၃၀) အပိုင်း(၁)ပြီး

wunzinnosp

## အခန်း(၃၆၂-ခ) ဒါရိုက်တာလဲ့ထျန်းနန်(၂)

သူ၏ဦးလေးဖြစ်သည်ကို မြင်လိုက်ရပြီးနောက် သူ၏နှလုံးခုန်သံမှာ အနည်းငယ်မြန်လာပြီး အနည်းငယ်စိုးရိမ်သွားသည်။

သူ ကာကွယ်သူလန်နှင့် အခြားသူများအား တစ်ချက်ကြည့်လိုက်သည်။

ဖုန်းကို တန်း၍ကိုင်လိုက်၏။ "ဦးလေး”

ဖုန်း၏တစ်ဖက်မှ လျိုယွင်ကျန်း၏စကားများကို ကြားလိုက်ရသည့်အခါ နည်းပြလျိုမှာ မျက်လုံးများ ပြူးကျယ်လာပြီး အနည်းငယ် စိတ်လှုပ်ရှားလာသည်။

"ကျွန်တော် သိပါပြီ"

နည်းပြလျိုက ဖုန်းချလိုက်ပြီးနောက် ကာကွယ်သူလန်အား အိုကေ ဆိုသည့် သင်္ကေတပြလိုက်ပြီး အိတ်ကပ်ထဲမှ ဝေါကီတော်ကီကို ထုတ်ကာ ကျယ်လောင်စွာ ပြောသည်။ "အားလုံး ဖူးမွန်းပါဗီလီယွန်မှာ လူစုကြ"

"ကိစ္စပြီးပြီလား" ကာကွယ်သူလန်က မေးသည်။

"ကျွန်တော့်ဦးလေးက စကားတစ်ခွန်းပြောတယ်..." နည်းပြလျို၏မျက်လုံးများ ကျဉ်းမြောင်းသွားပြီး "အရင်ဆုံး သူ့ကို ခွင့်ပြုပေးလိုက်တဲ့"

"အိုး ဂုဏ်ယူပါတယ်" ကာကွယ်သူလန်က ပြုံးလိုက်ပြီး လက်ကို ဝှေ့ယမ်းကာ "ငါအခု ပြန်တော့မယ်။ မင်းရဲ့ဘော့စ်ကို ငါ လာလည်ဦးမယ်လို့ ပြောလိုက်ပါ"

"ကောင်းပြီ။ ကျေးဇူးအများကြီးတင်ပါတယ် ကာကွယ်သူလန်" နည်းပြလျိုက ပြုံးကာ ပြန်ဖြေသည်။

အရင်ဆုံး သူ့ကိုခွင့်ပြုပေးလိုက်...

ဤစကားလုံးတစ်ခွန်းက ဤဖြစ်ရပ်ကြီး၏အရေးပါမှုကို အခြေခံအားဖြင့် နည်းပါးသွားစေမည်ဖြစ်ကြောင်း ပြသထားပြီ ဖြစ်သည်။

၎င်းကို သူတို့နှစ်ယောက်လုံး သိကြသည်။ ထိုနောက် ကာကွယ်သူလန်နှင့် သူ့လူများ ပြန်သွားကြသည်။

ဝံပုလွေခေါင်းတပ်ဖွဲ့မှလူများ စုစည်းပြီးနောက် နည်းပြလျို အောက်ထပ်သို့ ဆင်းလာခဲ့သည်။

သူတို့ရှေ့တွင် ရပ်ကာ လက်ထဲမှ စာရင်းကိုပြရင်း ကျယ်လောင်စွာ ပြောလိုက်သည်။ "ဒီနေ့ ငါတို့မှာ မစ်ရှင်တစ်ခုရှိတယ်။ ခုနက နဂါးခန်းမထဲကလူတွေအားလုံးရဲ့ နာမည်တွေ ဒီစာရင်းမှာရှိတယ်။ အခု ငါတို့ သူတို့ကို စည်းတံဆိပ်ပိတ်ခြင်းအမိန့်(နှုတ်ပိတ်အမိန့်)ထုတ်ပြန်ဖို့ အဖွဲ့လိုက်လှုပ်ရှားကြပါ"

...

လွန်ခဲ့သည့် ၁၅ မိနစ်သို့ ပြန်သွားရသော်...

ဟောင်ကောင်အစိုးရအဆောက်အဦးတွင် အစည်းအဝေးမှာ ကျင်းပနေခဲ့သည်။

ထိုအချိန်တွင် လျိုယွင်ကျန်းမှာ ဒေါသထွက်နေပြီး ကျန်းဟန်အကြောင်း သူသိသမျှကို ပြောပြနေသည်။ သူသည် သိုင်းပညာရှင်အမြောက်အများကို ပြုစုပျိုးထောင်ပေးနိုင်သည့် ဗိုလ်ချုပ်တစ်ဦးဖြစ်သောကြောင့် အခြားသူများက သူ့အား မနာလိုဖြစ်မည်မှာ သံသယရှိစရာမလိုချေ။

သို့သော် အခြားအဖွဲ့များကတော့ သူ့အား အထင်သေးနေဆဲပင်။

"ရယ်စရာကောင်းလိုက်တာ။ သိုင်းပညာရှင်တွေက သန်မာတာမှန်ပေမယ့် ငါတို့က အခု သိပ္ပံနည်းပညာတွေ တိုးတက်နေတဲ့ခေတ်မှာ နေထိုင်ကြတာလေ။ ဒီလို လူရမ်းကားအုပ်စုကို သတ်ပစ်သင့်တယ်"

"သူက သိုင်းပညာရှင်တွေကို ပြုစုပျိုးထောင်နိုင်တော့ ဘာဖြစ်လဲ။ သိုင်းပညာရှင်တိုင်းက အဖျက်စွမ်းအားမှာ ဒုံးကျည်ကို ယှဉ်နိုင်မှာလား။ ဒီအချိန်မှာ ငါတို့လိုက်လျှောပေးလိုက်ရင် တခြားသိုင်းပညာရှင်တွေက ရောင့်တတ်လာလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် ဂူမိသားစုရဲ့ ဂူဖန့်က လူတစ်ယောက်ပဲ"

ထိုစကားပြောလိုက်သူမှာ ဂူမိသားစုနှင့် ဆက်ဆံရေးကောင်းမွန်သည့်အတွက်ကြောင့် သူသည် အမှန်တကယ်ရန်လိုစွာ ပြောလိုက်သည်။

"ဂူဖန်းဖုန်းက ဧယန်ကိုလိုချင်လို့ အရင်ဆုံးရန်စခဲ့တာပဲ။ သူက သေချင်နေတာလေ" လျိုယွင်ကျန်း၏အဖွဲ့မှလူတစ်ယောက် ပြောသည်။

"သူက ဂူဖန်းဖုန်းကို အပြစ်ပေး ရိုက်နှက်နိုင်တယ်။ ဒါပေမယ့် သူ ဘာလုပ်လိုက်လဲ။ ခေါတ်ပုံတွေ မင်းမမြင်ဘူးလား။ ငါ ထပ်ပြောဖို့ လိုသေးလား"

"..."

အချင်းချင်း အပြင်းအထန်ငြင်းခုံဆွေးနွေးနေပြီး နောက်ဆုံးတွင် လူများက ကျန်းဟန်အား အပြစ်ပေးသင့်သည့် အဆိုပြုချက်ကို ထောက်ခံလာကြသည်။

နောက်ဆုံးတွင် ထိပ်ဆုံးထိုင်ခုံ၌ ထိုင်နေသည့်အဘိုးအိုက ပြောလိုက်သည်။ "သူက တကယ်ကို ဆိုးဆိုးရွားရွား လုပ်ခဲ့တာပဲ။ ဒီကိစ္စမှာ ငါတွေးတာ..."

သူ နိဂုံးချုပ်ခါနီးတွင် ရုတ်တရက် အစည်းအဝေးခန်းတံခါးကို တစ်ယောက်ယောက်က ခေါက်လိုက်သည့်အတွက် အားလုံး လှည့်ကြည့်လိုက်ကြသည်။

တံခါးပွင့်လာပြီးနောက် အရပ် ၁.၈ မီတာကျော်ရှည်ပြီး ခန္ဓာကိုယ်တောင့်တောင့် မျက်ခုံးထူထူ လူတစ်ယောက် ဝင်လာခဲ့သည်။

"ဒါရိုက်တာလဲ့"

လူအများမှာ ထိတ်လန့်သွားကြပြီး သူ့အား နှုတ်ဆက်ကြသည်။

ဟောင်ကောင်အမျိုးသားလုံခြုံရေးအေဂျင်စီ၏ ခေါင်းဆောင်ဖြစ်သည့် ဒါရိုက်တာလဲ့မှာ တကယ့်ဟဲဗီးဝိတ်အကောင်ကြီးဖြစ်သည်။ ထိပ်ဆုံးခုံတွင် ထိုင်နေသည့်အဘိုးအိုတစ်ဦးသာ သူနှင့် အဆင့်အတန်းချင်း ယှဉ်နိုင်သည်။

လဲ့ထျန်းနန်က ခေါင်းညိတ်ပြပြီး လွတ်နေသည့်ထိုင်ခုံတစ်ခုံသို့ တည့်တည့်လျှောက်သွားကာ ဝင်ထိုင်လိုက်သည်။

"ဒါရိုက်တာလဲ့ ဒီကိစ္စကို ကြားပြီးပြီလား။ ဘယ်လိုထင်လဲ" ထိပ်ဆုံးခုံတွင် ထိုင်နေသည့် အဘိုးအိုက မေးသည်။

"ဒီကိစ္စအတွက် ကျုပ်မှာ အကြံပြုချက်တစ်ခုရှိတယ်..." လဲ့ထျန်းနန်က သူ၏အတွေးများကို တိုက်ရိုက်ပြောပြလိုက်သည်။

ဤသည်မှာ စည်းတံဆိပ်ပိတ်ခြင်းအမိန့်၏အစပြုမှု ဖြစ်သည်။

ဝံပုလွေခေါင်းတပ်ဖွဲ့မှလူများက စတင်လှုပ်ရှားခဲ့သော်လည်း နှုတ်ပိတ်သဘောတူညီမှုလက်မှတ်ထိုးခိုင်းရန်အတွက် စာရင်းထဲရှိလူများကိုရှာရန် ရဲတပ်ဖွဲ့အား အကူအညီတောင်းခဲ့သည်။

တံဆိပ်ခတ်ခြင်းအမိန့်သည် ဤပြဿနာအား လျင်မြန်စွာ ချေးသိပ်သွားစေနိုင်သည်။

ထို့ပြင် အဆိုပါအမိန့်သည် လူကုံထံများ၏ခံစားချက်များ မဖြစ်ပေါ်စေရန် တားဆီးနိုင်သည်။ သေးငယ်သည့် အသိုင်းအဝိုင်းအတွင်း ပျံ့နှံ့သွားသည်က မလွဲမသွေဖြစ်နိုင်သော်လည်း စည်းပိတ်ခြင်းအမိန့်၏ အရှိန်အဝါကြောင့် အဓိက အားဖြင့် ထိုအကြောင်းအား မည်သူမျှ လူသိရှင်ကြား ပြောဆို မည်မဟုတ်တော့ချေ။

သို့သော် စည်းတံဆိပ်ပိတ်ခြင်းအမိန့်မှာ ထိုသဌေးများနှင့် ညီသည်များအတွက်သာဖြစ်ပြီး သိုင်းလောကသားများကို တော့ အမိန့်မပေးနိုင်ချေ။ ထို့ပြင် နည်းပြလျိုသည် ဘော့စ်က သူ၏အမည်အား အခြားသူများသိရှိစေရန် ဟဲယွမ်ဖေးနှင့် အခြားသူများ၏သွေးကို အသုံးပြုမည်ဟု တစ်ခါပြောခဲ့ဖူးသည် ကို မှတ်မိနေသည်။

သို့သော်... ဘော့စ်က သူသည် ကျန်းဟန်ယန်ဖြစ်သည်ဟု ပြောခဲ့သည်။

"သူ့နာမည်က ကျန်းဟန် မဟုတ်ဘူးလား။ ကျန်းဟန်ယန် က သိုင်းလောကထဲမှာ သုံးတဲ့နာမည်လား။ သူက တစ်ချို့ နေရာတွေမှာ နာမည်ကြီးလား။ ကြည့်ရတာ ဘော့စ်ကလည်း ဇာတ်လမ်းတွေရှိတဲ့ လူတစ်ယောက်ဖြစ်ပုံရတယ်"

...

ကျန်းရှုခရိုင်ရှိ ဖူရှင်းဆေးရုံတွင် လူပေါင်းများစွာရှိသည့် လူနာဆောင်တစ်ခုတွင်...

ဝူချန်းဒုန်၊ မိန်ချီ၊ လီချန်း၊ ရှလောယွီနှင့် အခြားသူများ အိပ်ရာပေါ်တွင် လဲလျောင်းနေကြသည်။ မိန်ချီမှလွဲ၍ အခြား သူများမှာ ပြင်းထန်သည့် အရိုးကျိုးခြင်းကို မခံစားရချေ။

မိန်ချီမှာ သူတို့၏အခြေအနေကို သိရှိပြီးနောက် ဒေါသနှင့် နောင်တအရိပ်အယောင်တို့ သူမ၏မျက်လုံးထဲတွင် လင်း လက်သွားသည်။

အကြောင်းမှာ သူမသည် ကျန်းဟန်၏ကန်ချက်ကြောင့် အရှိန်အဟုန်ဖြင့် လွင့်ထွက်သွားခဲ့ခြင်းကြောင့်ဖြစ်သည်။ ယခု သူမ၏ညာဘက်ခြေထောက်မှာ ကျိုးနေပြီး ဝူချန်းဒုန်နှင့် အခြားသူများထက်ပင် ပို၍ နာကျင်နေသေးသည်။

မိန်ချီ အံကိုကြိတ်ကာ ၎င်းကို တွေးတောလိုက်ပြီး ခါးသီး စွာ ပြောသည်။ "သူက အရှုးမှန်းသိသာနေတာကို ငါအဲဒီအချိန် က သနားညှာတာမှုသွားမတောင်းခဲ့သင့်ဘူး။ အခု ငါ ဒဏ်ရာ အပြင်းအထန်ရနေပြီး တုတ်ကောက်နဲ့ အလုပ်လုပ်ရတော့ မယ်။ ပြန်ကောင်းဖို့အတွက် သုံးလကျော်လောက် ကြာ တော့မှာ"

"ရက်အနည်းငယ်လောက်ဆို ပြန်သက်သာရင် ပိုကောင်းမယ်။ လောလောဆယ် ငါတို့ လုပ်နိုင်တာ အကုန်ပဲ" ဝူချန်းဒုန်က သက်ပြင်းချလိုက်သည်။

"ကျွန်တော်လည်း ရက်တော်တော်ကြာ အနားယူဖို့စီစဉ်ထားတယ်။ ခြေထောက်ကျိုးသွားတာက သိပ်အဆင်မပြေသေးဘူးလို့ ခံစားရလို့။ အဖေကို အခုပဲ ပြောလိုက်တယ်" လီချန်းက ပြောသည်။

"ငါဘာလုပ်ရမလဲ။ ငါ့အယ်လ်ဘမ်ကို အခုထိအသံမသွင်းရသေးဘူး။ အခု ငါ့ခြေထောက်ကျိုးနေပြီ။ ဒီအခွင့်အရေးကို ငါ ခက်ခက်ခဲခဲ ရခဲ့တာကို" ရှလောယွီမှာ သနားစဖွယ် ညည်းညူနေသည်။

"တော်လောက်ပြီ။ နင်က သာမန်အဆစ်လွဲသွားရုံပဲ မဟုတ်လား။ ဘာလို့ လာငိုပြနေတာလဲ။ တစ်ပတ်လောက်နေရင် ပြန်ကောင်းသွားမှာကို" ဝူချန်းဒုန်က အနည်းငယ် စိတ်မရှည်သည့် လေသံဖြင့် ပြောသည်။

"ဟေး ကျေးဇူးပြုပြီး မင်းတို့ရဲ့အခြေအနေအကြောင်း ပြောနေတာ တော်လိုက်ပါတော့။ ငါဆို အိပ်ရာထဲက မထနိုင်တော့ဘူး။ ငါ့ခံစားချက်တွေကို ထည့်တွက်ပေးလို့မရဘူးလား”

ရုတ်တရက် လူနာဆောင်ထောင့်ရှိ ကုတင်ပေါ်မှ ဖူရှန်း၏ မချိမဆံ့အသံကို ကြားလိုက်ရသည်။

လူတိုင်း သူ့အား တစ်ချက်ကြည့်လိုက်ပြီး ထိုအကြောင်း ပြောနေသည်ကို ချက်ချင်းရပ်လိုက်ကြသည်။

ဖူရှန်း၏ခြေထောက်မှ နှစ်ဖက်စလုံး ကျိုးသွားခဲ့သည်။

သူ့အား ရိုက်ခဲ့သည့် အစ်ကိုဟူဟု ထင်ရသည့်လူက သူ့အားမရိုက်ခင် ပြုံးပြသည်ကို ဖူရန်း မှတ်မိသေးသည်။ "ဟေး မင်းမျက်နှာ ပြန်ကောင်းသွားပြီလား”

"သူဌေးဝူ” မိန်ချီက ပြောသည်။ "ဧယန်က သူ့မှာ ဒီလို အစွမ်းထက်တဲ့ ရည်းစားရှိတယ်လို့ တစ်ခါမှ မပြောဖူးဘူး”

"အဲဒီလူက အရမ်းကြောက်စရာကောင်းတယ်။ ဒီလို ကြောက်စရာကောင်းတဲ့ကိစ္စမျိုးကို ငါ ပထမဆုံးတွေ့ဖူးတာပဲ။ အနာဂတ်မှာ ငါ နှိမ့်နှိမ့်ချချနေရတော့မယ် ထင်တယ်” ဝူချန်းဒုန်၏နှလုံးသားမှာ ကြောက်ရွံ့မှုဖြင့် တုန်လှုပ်နေဆဲဖြစ်သည်။

"သူက အရမ်းကြောက်ဖို့ကောင်းပေမယ့် လူအများကြီးကို သတ်လိုက်တာဆိုတော့ အဆုံးသတ်ကောင်းမှာမဟုတ်ဘူး” ရှလောယွီက ရုတ်တရက် ပြောသည်။

"ဟုတ်တယ်။ စိတ်လိုက်မာန်ပါလုပ်ခြင်းက နတ်ဆိုးပဲ။ သူ ဒီလိုအရှုပ်အထွေးတွေလုပ်တာ အခု အဖမ်းခံရလောက်ပြီမလား” လီချန်းက သံယောင်လိုက်သည်။

"ဟင်း…” ခဏလောက်တန့်နေပြီးနောက် ဝူချန်းဒုန်က ခေါင်းညိတ်ကာ "မှန်တယ်။ သူက တကယ်ကြောက်ဖို့ကောင်းပေမယ့် ရိုင်းဆိုင်းလွန်းတယ်။ ဥပဒေချိုးဖောက်ပြီး အဲဒီလူတွေကို သတ်ခဲ့မှတော့ သူ့အသက်နဲ့ ပြန်ပေးဆပ်ရမှာပဲ”

"လှပတဲ့မိန်းမတွေက အရမ်းအန္တရာယ်များလွန်းတယ်။ သူက ပုံပြင်ထဲကလို မိန်းမလှလေးကိုကယ်တင်တဲ့ သူရဲကောင်းနဲ့တူပေမယ့် ဆိုးရွားတဲ့အဆုံးသတ်က ရောက်လာမှာပဲ" မိန်ချီက ခေါင်းယမ်းလိုက်သည်။

သူတို့ စကားပြောနေကြစဉ် လူနာဆောင်တံခါးကို ရုတ်တရက် တွန်းဖွင့်ခံလိုက်ရသည်။

ထိုနောက် အနက်ရောင်စစ်တပ်ယူနီဖောင်းဝတ်ဆင်ထားသည့် လူနှစ်ယောက်က မျက်နှာသေဖြင့် ဝင်ရောက်လာသည်။

"ဟမ်"

"သူတို့က ခန်းမထဲမှာတုန်းက သေနတ်ကိုင်ထားတဲ့လူတွေထဲက မဟုတ်လား"

"သူတို့ ဒီကို ဘာလို့လာတာလဲ"

လူတိုင်း အံ့အားသင့်သွားကြသည်။

"တဆိတ်လောက်…" ဝူချန်းဒုန်က စကားပြောရန် ပြင်လိုက်သော်လည်း သူ၏စကားမဆုံးခင် ကြားဖြတ်ခံလိုက်ရသည်။

သူတို့ထဲမှ တစ်ယောက်က စာချုပ်အနည်းငယ်ကို ထုတ်လိုက်ပြီး ပြောလိုက်သည်။ "ဒီနှုတ်ပိတ်သဘောတူညီမှုကို လက်မှတ်ထိုးပါ။ ဒီနေ့ည မင်းတို့ မြင်သမျှ ကြားသမျှ အကြောင်းတွေကို လျှောက်မပြောဖို့ မျှော်လင့်ပါတယ်။ အကယ်၍ မင်းတို့ရဲ့ အပြုအမူက အပျက်သဘောဆောင်နေတာရှိခဲ့ရင် တရားဥပဒေနဲ့အညီ အရေးယူခံရမယ်"

"ရှီး…."

"ဘာ"

"စည်းတံဆိပ်ပိတ်ခြင်းအမိန့်လား"

လူတိုင်း ကြက်သေသေသွားကြသည်။

"ကျွန်မတို့ လျှောက်ပြောထားပြီးရင် ဘာဖြစ်မှာလဲ" မိန်ချီ၏မျက်နှာမှာ ပြောင်းလဲသွားသည်။

"နောင်မှာ တခြားသူတွေကို မပြောပြနဲ့တော့။ မြန်မြန်လက်မှတ်ထိုးပါ" သူတို့ထဲမှ တစ်ယောက်က လူတိုင်းကို စာချုပ်များ ပေးသည်။

ထိုအချိန်တွင် ဤကိစ္စမှာ ရိုးရှင်းသည့်အရာမဟုတ်ကြောင်း သူတို့ သဘောပေါက်သွားကြသည်။

"အဲ... ဟို... အရာရှိ ကျွန်တော် တစ်ခုလောက်မေးချင်လို့ပါ။ လူဆိုးတွေကို ဖမ်းမိလား" ဖူရှန်းက မနေနိုင်ဘဲ မေးသည်။

"ပါးစပ်ပိတ်ပြီး စာချုပ်ကို ကြည့်"

"အာ... ဟုတ် ဟုတ်ကဲ့" ဖူရှန်း အမြန်ပြန်ပြောပြီး စာချုပ်ပါစည်းကမ်းချက်များကို အနီးကပ်ကြည့်လိုက်သည်။

အစပိုင်းတွင် သူ ဘာမှ ထူးထူးခြားခြား သတိမထားမိသော်လည်း အလယ်ရှိ စာပိုဒ်တစ်ခုကို တွေ့လိုက်ရသည့်အခါ

သူ၏မျက်နှာမှာ ချက်ချင်းဖြူဖျော့လာပြီး နဖူးမှ ချွေးများ စီးကျလာသည်။

"ဘယ်လိုဖြစ်နိုင်မှာလဲ”

"သူက ဘယ်သူများလဲ”

"မဖြစ်နိုင်ဘူး”

သူ့အား ရုပ်ရော ကိုယ်ပါ အေးစက်သွားစေသည့် စာပိုဒ်မှာ

"ယနေ့ည ၈ နာရီ ဒရယ်ဂွန်ထရှိုန်ယန်ကလပ်တွင် ဟဲယွမ်ဖေးဦးဆောင်သည့် ဂူချွမ်းလုံ၊ ဂူဖန်၊ ကျန့်ဇုန်ဟောင်….ကြံ့ရာပါများအဖွဲ့အား အမိန့်အရ လျှို့ဝှက်တပ်ဖွဲ့မှ တိုက်ခိုက်ခဲ့ပါသည်။ အခြားသော မျက်မြင်ပြည်သူများအား သူတို့မြင်ခဲ့ရသည်များကို ဖြန့်ဝေ ထုတ်ပြန်ခြင်း ခွင့်မပြုပါ။ အကယ်၍ ၎င်းတို့၏အပြုအမူ အပြောအဆိုများနှင့် လုပ်ရပ်များက အုတ်အော်သောင်းတင်းဖြစ်စေခဲ့ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်”

၎င်းကို ဖတ်အပြီးတွင် ဖူရှန်း လုံး၀ ကြောင်အသွားခဲ့သည်။

ဝူချန်းဒုန်နှင့် အခြားသူများလည်း ထိုစည်းကမ်းချက်ကို မြင်ပုံရ၏။ သူတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီး လူနာဆောင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။ အပ်ကျသံပင် ကြားရလောက်အောင် တတိဆိတ်နေ၏။ ထိုနောက် တံတွေးမျိုချသံကို ကြားလိုက်ရသည်။

"မြန်မြန်လုပ်"

စစ်သားများ၏တိုက်တွန်းမှုကြောင့် ဝူချန်းဒုန်နှင့် အခြားသူများသည် သူတို့၏နာမည်များကို လက်မှတ်ရေးထိုးကာ လက်ဗွေနှိပ်ကြသည်။ ထိုနောက် လူနှစ်ယောက်က ချက်ချင်းလှည့်ထွက်သွားကြသည်။

သူတို့ ထွက်သွားပြီးနောက် အခန်းထဲတွင် တိတ်ဆိတ်ကျန်နေခဲ့သည်။

ရုတ်တရက်... ဝူချန်းဒုန်၏ တုန်ယင်နေသည့်အသံက ထွက်ပေါ်လာခဲ့သည်။

"အဲဒါ...အဲဒါက အရမ်းကြောက်ဖို့ကောင်းလွန်းတယ်"

-စာစဉ်(၃၀) အပိုင်း(၂)ပြီး

wunzinnosp

## အခန်း(၃၆၃) ပြင်းထန်သည့်အချစ်ဇာတ်လမ်း

တော်ဝန်အန်တာတိတ်မန့်ကုမ္ပဏီ၏ဥက္ကာအနေဖြင့် ဝူချန်းဒုန်သည် လုပ်ငန်းအတွေ့အကြုံပြည့်ဝပြီး လျင်မြန်သည့် ဖြတ်ထိုးဉာဏ်ရှိသည်။

ယခုအချိန်တွင် မိန်ချီနှင့် ဖူရှန်းတို့မှာ ဒါရိုက်တာများ ဖြစ်လာကြရာ သူတို့လည်း သေချာပေါက် ပါးနပ်ကြပေသည်။

လီချန်းနှင့် ရှလောယွီတို့ကဲ့သို့လူများမှာလည်း ကုမ္ပဏီတွင် နှစ်များစွာနေလာခဲ့သည့်အတွက် မအကြချေ။

ထို့ကြောင့် ထိုစာပိုဒ်ကိုမြင်သည့်အခါ အဓိပ္ပာယ်အား ချက်ချင်း နားလည်သွားကြသည်။

ထိုလူများကို တိုက်ခိုက်ခဲ့သည့် ကြောက်မက်ဖွယ်လူ…

ဇီယန်အား အားပေးထောက်ပံ့ပေးနေသည့် မဟာပုဂ္ဂိုလ်ကြီး…

ထိုလူ့တွင် အလွန်ကြောက်စရာကောင်းသည့် နောက်ခံရှိလေသည်။

ဘယ်လောက် ကြောက်စရာကောင်းလိုက်လဲ…

လူ ၁၃ ယောက်သေဆုံးသွားပြီး လူ ၁၀၀ ကျော် ခြေထောက်ကျိုးသွားပြီးနောက်တွင် အထက်လူကြီးများက စည်းတံဆိပ်ခတ်ခြင်းအမိန့်အား ပေးခဲ့သည်။

ထိုအမိန့်က သူတို့အတွက် ချမှတ်ခဲ့ခြင်းဖြစ်သည်ကို သူတို့ သတိပြုမိကြသည်။ ဤသည်မှာ အလွန်တင်းကြပ်သည့် အမိန့် မဟုတ်သော်လည်း ရိုးရှင်းစွာပင် သူတို့အား အဖြူအမည်းသာ ခေါ်ခိုင်းလေသည်။

"ဧယန်က သူ့ရဲ့အင်အားကို ဖုံးကွယ်တာ တကယ်တော် တာပဲ"

ဝူချန်းဒုန်မှာ ခြေထောက်မှ နာကျင်မှုကိုပင် မေ့သွားပြီး မျက်လုံးများ မေးကာ စိတ်ခံစားချက်များစွာဖြင့် ပြောသည်။ "အနာဂတ်မှာ ဧယန်ကို ဘယ်လိုသဘောထားနဲ့ ဆက်ဆံရမယ် ဆိုတာ မင်းတို့လည်း ကောင်းကောင်းသိမယ်လို့ ငါထင်ပါ တယ်။ အထူးသဖြင့် မင်းပဲ ဒါရိုက်တာဖူ။ မင်း အိပ်ရာကထနိုင် ရင် ဧယန်ဆီသွားပြီး တောင်းပန်လိုက်ပါ"

"ရှိး..." ဖူရှန်း၏ခန္ဓာကိုယ်မှာ တုန်ယင်နေပြီး ချွေးအေး များအား သုတ်လိုက်ကာ "ငါ ဘာလုပ်လို့လုပ်ရမှန်းမသိတော့ ဘူး" ဟုသာ ထပ်တလဲလဲပြောနေသည်။

ယခင် ပေကျင်းတွင်ဖြစ်ခဲ့သည့် အဖြစ်အပျက်အတွက် ဇီယန်အနေဖြင့် သူ့အား တလေးတစားတောင်းပန်သင့်သည်ဟု သူ အမြဲတမ်းတွေးနေခဲ့သည်။ ယခုတွင်တော့...

ဤအချိန်တွင် ဖူရှန်း စိတ်ထဲ၌ စကားတစ်ခွန်းသာ ရှိတော့သည်။ "ခွေးတိုင်းမှာ သူ့နေ့ရက်ဆိုတာ ရှိတယ်"

...

ဟောင်ကောင်၊ ည ၁၀ နာရီတွင်...

ချူမိသားစု၌ တွေ့စုံပွဲလေးတစ်ခု ကျင်းပနေခဲ့သည်။

စုစုပေါင်း လူခုနှစ်ယောက်ရှိပြီး လာမည့် စီးပွားရေးအဆောက်အအုံဖွံ့ဖြိုးရေးပရောဂျက်အား ဖျက်သိမ်းရမည်လား မဖျက်သိမ်းရဘူးလားကို ညှိနှိုင်းနေကြသည်။

ချူဟွေ့မှာ သူ၏မိသားစုထဲတွင် ဂျူနီယာတစ်ယောက်ဖြစ်သည့်အတွက် ဘေးတွင်သာထိုင်ကာ သူတို့၏ဆွေးနွေးမှုများကို ငြိမ်ငြိမ်သက်သက် နားထောင်နေသည်။ အစမှအဆုံး

ထိ သူ စကားတစ်ခွန်းမှ ဝင်မပြောခဲ့ချေ။ မိသားစု၏အဓိက အဖွဲ့ဝင်အသိုင်းအဝိုင်းနှင့် စတင်ထိတွေ့ရသည့် ကျောင်းသား တစ်ယောက်ကဲ့သို့ပင်။ သိသာစွာပင် မိသားစုသည် သူ့အား ပျိုးထောင်ပေးရန် အလွန်အလေးထားလေ၏။

ချူဟွေ့သည် ထူးချွန်သူမဟုတ်သလို စီးပွားရေးနှင့် ပတ်သက်၍ အလွန်စူးရှသည့်အမြင်လည်း မရှိချေ။ ထို့ကြောင့် အကြောင်းပြချက်တစ်ခုသာရှိသည်။

သူ၏အဖေက မိသားစုခေါင်းဆောင်ဖြစ်၍ပင်။

မိသားစုခေါင်းဆောင်၏ အကြီးဆုံးသားဖြစ်သည့်အတွက် သူသည် ဖိအားအမျိုးမျိုးကို မလွဲသာမရှောင်သာခံရသည်။ သူ၏အဖေက မိသားစုခေါင်းဆောင်ဖြစ်နေသည့်အတွက် ကြောင့် သူ၏နေရာမှာ သေချာနေပြီဟု မဆိုလိုချေ။ သူ့တွင် ပြိုင်ဘက်များစွာရှိလေသည်။

သို့သော် ချူဟွေ့သည် အလုပ်ကြိုးစားသူဖြစ်သည့်အတွက် အဓိကနယ်ပယ်နှင့် ထိတွေ့ရန် အရည်အချင်းပြည့်မီသည်။

အချင်းချင်း ညှိနှိုင်းဆွေးနွေးနေကြစဉ် သက်လတ်ပိုင်းလူတစ်ယောက် ရုတ်တရက် ပြေးဝင်လာခဲ့သည်။

သူသည် မိသားစုစောင့်ရှောက်သူ ဦးလေးလင်းဖြစ်ပြီးနက်နဲအဆင့်မာစတာတစ်ယောက်ဖြစ်သည်။

"ကျန်းရှခရိုင်က ဒရယ်ဂွန်ထရှိုင်ယန်ကလပ်မှာ ကြောက်စရာကောင်းတာတစ်ခုခုဖြစ်ခဲ့တယ်ဆိုတဲ့ သတင်းတစ်ခု ငါအခုပဲ ကြားခဲ့တယ်။ ကောင်းကင်အဆင့်မာစတာနှစ်ယောက်၊ မြေကမ္ဘာအဆင့်မာစတာတစ်ယောက်နဲ့ သာမန်လူတွေအများကြီး သေသွားတယ်လို့ကြားတယ်။ ပြီးတော့ အဲဒီမှာ ရှိနေတဲ့လူတစ်ရာကျော်ရဲ့ ခြေထောက်တွေ ကျိုးသွားသေးတယ်" ဦးလေးလင်းက အသံနက်ကြီးဖြင့် ပြောသည်။ "ဂူမိသားစုက ဂူဖန့်အသတ်ခံရတယ်ဆိုမှတော့ ဂူမိသားစုနဲ့ ဆက်ပြီးပူးပေါင်းဖို့

ပြန်စဉ်းစားရမယ်။ ဂူချွမ်းလုံနဲ့ ဂူဖန့်မရှိရင် ဂူမိသားစု ဆုတ်ယုတ်လာနိုင်ချေရှိတယ်”

"မင်းဘာပြောလိုက်တာလဲ” ခေါင်းဆောင်ချူက ဆတ်ခနဲ ထရပ်ကာ မေးသည်။ "သတင်းရင်းမြစ်က စိတ်ချရလား”

"အဖြစ်အပျက်ကို မြင်ခဲ့တဲ့လူနှစ်ယောက်ကို ငါမေးခဲ့တယ်။ သူတို့ နှစ်ယောက်လုံး ရှော့ခ်ရနေကြတာ။ ပြီးတော့ ခိုက်ခိုက်ခဲ့တဲ့လူက လဆန်းပင်လယ်ကျွေ့က မာစတာကျန်းတဲ့။ သူ့ရဲ့ လှုပ်ရှားမှုတွေက အရမ်းပြတ်သားပြီး ရက်စက်လွန်းတယ်။ သူက ကောင်းကင်အဆင့်မာစတာနှစ်ယောက်ကို သတ်ခဲ့တာ။ တစ်ယောက်က ကာကွယ်သူဟဲပဲ။ ဟူး.. မာစတာကျန်းက နက်နဲအဆင့်မာစတာလို့ ကောလဟာလလည်း ထွက်နေတော့ သူတို့ကို သူ ဘယ်လိုသတ်နိုင်လဲ ငါ မတွေးတတ်ဘူး။ အခု ဒီကိစ္စက တစ်မြို့လုံးပျံ့လုနီးပါးဖြစ်နေပြီ။ ဂူမိသားစုက ခေါင်းဆောင်မရှိရင် စီးပွားရေးပျက်နိုင်တယ်။ မင်း

ကောင်းကောင်း ပြင်ဆင်ထားဖို့လိုတယ်” ဦးလေးလင်းက ခေါင်းကိုယမ်းကာပြောသည်။

သူပြောပြီးသည်နှင့် ချူဟော့၏မျက်နှာမှာ ထပ်ခါထပ်ခါ ပြောင်းလဲသွားသည်။ သူ၏လက်များက အနည်းငယ်တုန်ခါသွားပြီး "ဦးလေးလင်း သူတို့ကို ဘာလို့ တိုက်ခိုက်တာလဲ သိလား။ ကျွန်တော် ရှစ်နာရီတုန်းက အဲ့မှာ ရှိတယ်။ ရှစ်နာရီခွဲမှ ပြန်လာတာ။ ကျွန်တော် ပြန်လာတော့ ဘာမှ ထူးထူးခြားခြားမဖြစ်ဘူး”

"မင်းလည်း အစက အဲ့မှာရှိတာလား” ခေါင်းဆောင်ချူ မျက်လုံးပင့်လိုက်ပြီး ဦးလေးလင်းအား ကြည့်လိုက်သည်။

"ငါကြားတာတော့... ဂူမိသားစုရဲ့ ဂျူနီယာ ဂူဖန်းဖုန်းက မာစတာကျန်းရဲ့ အမျိုးသမီးကို စော်ကားဖို့ကြံစည်ခဲ့တာတဲ့။ ဒါကြောင့် မာစတာကျန်းက ဒေါသထွက်ပြီး လူအများကြီး သတ်ခဲ့တာ” ဦးလေးလင်းက ဖြည်းညှင်းစွာ ပြောသည်။

"ရှီး...”

သူ၏စကားကိုကြားပြီးနောက် ချူဟွေ့ မနေနိုင်ဘဲ ရင်ဘတ်အား ဖိလိုက်မိသည်။

"ဘာတွေဖြစ်နေတာလဲ" ခေါင်းဆောင်ချူက ချူဟွေ့ကို ကြည့်ကာ မေးသည်။

"အဲဒါ သူမပဲ။ အဲဒါ ဇီယန်" ချူဟွေ့က ကမန်းကတမ်းထ ရပ်လိုက်ပြီး "မာစတာကျန်းက ဇီယန်ရဲ့နောက်ကလူဆိုတာ သေချာတယ်။ ဒီနေ့ ကျွန်တော် အဲဒီသွားတုန်းက ဂူဖန်းဖုန်းက ဇီယန်ကို ကြည့်ပြီး သူမကို မသမာတဲ့နည်းနဲ့ အပိုင်ကြံဖို့ ကြိုးစားချင်နေတာကို တွေ့ခဲ့တယ်။ အဲဒီအချိန်တုန်းက ဇီယန် လို ထူးခြားတဲ့မိန်းမလှလေးတွေကို ရန်စတာ အဆုံးသတ်မကောင်းနိုင်ဘူးလို့ ကျွန်တော့် သူ့ကို သတိပေးခဲ့သေးတယ်။ ကြည့်ရတာ သူက အဲဒီကိစ္စကို ဆက်လုပ်နေတဲ့ပုံပဲ..."

"တကယ် အဲ့လိုဖြစ်ခဲ့တာလား"

သူ၏စကားကို ကြားပြီးနောက် အားလုံး အဆက်မပြတ် စကားပြောကြသည်။

"အခုမှ မြင့်တက်လာတဲ့ ဂူမိသားစုက မသိနားမလည်တဲ့ ဂျူနီယာတစ်ယောက်ကြောင့် ဖျက်စီးခံခဲ့ရတာလား"

"ဂူချွမ်းလုံနဲ့ ဂူဖန့် နှစ်ယောက်လုံးသေသွားရင် ဂူမိသားစုက တခြားကုမ္ပဏီတွေရဲ့ ထိုးနှက်ချက်တွေခံရလိမ့်မယ်။ ဂူချွမ်းလုံမရှိရင် မိသားစုထဲကလူတွေ ပြောရေးဆိုခွင့် ဆုံးရှုံးသွားလိမ့်မယ်။ အခြေအနေက အကောင်းဘက်မှာမရှိဘူး။ ငါတို့ကြားက ပူးပေါင်းဆောက်ရွက်မှုကို ပြန်စဉ်းစားတာကောင်းမယ်။ ဒါထက် ငါတို့ချူမိသားစုလည်း ဒီကိတ်မုန့်ထဲက ဝေစုတစ်ခုရနိုင်မယ်ထင်တယ်"

"ရှောင်ဟွေ့ အဲဒီအချိန်တုန်းက ခန်းမထဲရှိတဲ့လူတွေကို ဖုန်းဆက်ပြီးမေးလိုက်" ခေါင်းဆောင်ချူက အမြန်ပြောလိုက်သည်။

"ဟုတ်ကဲ့" ချူဟွေ့က ဖုန်းကို ထုတ်ကာ သူတို့ရှေ့မှာပင် ခေါ်လိုက်သည်။ "တခွချောင် ငါပြန်သွားပြီးတော့ အဲဒီမှာ တစ်ခုခုဖြစ်ခဲ့သေးလား"

"အင်း အဲ့မှာ တစ်ခုခုဖြစ်သွားတယ်။ ဒါပေမယ့်… ငါမင်းကို ပြောလို့မရဘူး"

"ဘာလို့ ပြောလို့မရတာလဲ"

တာ့ချောင်က တဖြည်းဖြည်း ဝေးကွာသွားသည့် ရဲအရာရှိ နှစ်ဦး၏နောက်ကျောကို လှမ်းကြည့်လိုက်ပြီး အံကိုကြိတ်ကာ ပြောလိုက်သည်။ "ဖြစ်ပျက်ခဲ့တာတွေကို တခြားသူတွေဆီ ပြန်မပြောဖို့ တားမြစ်ထားတယ်"

"မင်း ဒဏ်ရာရသွားလား"

"ငါ့ခြေထောက်…ကျိုးသွားတယ်"

"အင်း ငါသိပြီ" ချူဟော့ အသက်ပြင်းပြင်းရှူကာ ဖုန်းချလိုက်ပြီး နောက်ထပ် ဖုန်းနံပါတ်နှစ်ခုကို ခေါ်ခဲ့ရာ တူညီသည့် သတင်းကို ရရှိခဲ့သည်။

"သူတို့ ဒီကိစ္စကို ပြန်ပြောဖို့ ခွင့်မပြုဘူးလား။ အခု သူတို့ အားလုံး ဒဏ်ရာရသွားတော့ ဒီကိစ္စက အခြေအမြစ်မရှိတာ

တော့ မဟုတ်ဘူး။ ဖြစ်နိုင်တာက… တစ်ယောက်ယောက်က စည်းတံဆိပ်ပိတ်ခြင်းအမိန့်ပေးခဲ့တာပဲ။ ဒီအမိန့်ရဲ့ နောက်ကွယ်က အဓိပ္ပာယ်က အရမ်းအံ့သြဖို့ကောင်းတယ်” ခေါင်းဆောင်ဂူ မျက်မှောင်ကြုတ်လိုက်ပြီး စိတ်ခံစားချက်များဖြင့် သက်ပြင်းချလိုက်သည်။

သူ ဖုန်းကို ထုတ်ကာ သူ၏ပါတနာအချို့ကို ဒီကိစ္စသိလားမေးရန် ပြင်လိုက်သည်။

"ကျွန်တော်သာ ပြန်မလာခဲ့ဘူးဆိုရင် ကျွန်တော့်ခြေထောက် ကျိုးသွားမှာ စိုးရတယ်။ ဟူး… အလှတရားတိုင်းက တကယ့်ကို အန္တရာယ်များတယ်…”

ဇီယန်၏ အလွန်လှပသည့်အသွင်ပြင်ကို ပြန်တွေးရင်း ချူဟွေ့ တိတ်တဆိတ်ရေရွတ်လိုက်သည်။

အလွန်အမင်းလှပသည့် အရင်အမျိုးသမီးတုန်းကတော့ တော်ဝင်မိသားစုနှင့် လက်ထပ်ခဲ့ပြီး ဇီယန်သည်တော့ ကြောက်စရာကောင်းသည့်လူတစ်ယောက်က

ကျောထောက်နောက်ခံပြုထားခဲ့သည်။ ဤအခိုက်တွင် ထို ကဲ့သို့သော မိန်းမလှလေးများနှင့် ခပ်ဝေးဝေးနေရန် အတွေးက ချူဟော့၏နှလုံးသားထဲတွင် ပေါ်လာခဲ့သည်။

ထိုအချိန်အတွင်း၌ ချူမိသားစုကဲ့သို့ ဟောင်ကောင်ရှိ အခြား နာမည်ကြီးမိသားစုများလည်း ထိုသတင်းကို ကြားခဲ့ကြ သည်။ အစပိုင်းတွင် သူတို့ အနည်းငယ် ရှော့ခ်ရသွား သော်လည်း လျှောက်မေးကြည့်ပြီးနောက်တွင်တော့ သူတို့ တကယ် ကြက်သေသေသွားကြသည်။

သို့သော် တဖြည်းဖြည်းနှင့် ထိုအံ့သြစရာသတင်းက အနည်ထိုင်သွားသည်။ လူများမှာ ထိုအကြောင်းကို တိတ်တဆိတ်ပြောဆိုနေကြသော်လည်း အသေးစိတ်မသိကြ သဖြင့် အနည်းငယ် စိတ်ရှုပ်ထွေးနေခဲ့ကြသည်။ သို့သော် ရက် အနည်းငယ်အကြာတွင် အတိအကျ ဘာတွေဖြစ်ခဲ့သလဲ ဆိုသည်ကို နားလည်သွားနိုင်ပေလိမ့်မည်။

ထိုဖြစ်ရပ်၏ အဓိကလူဖြစ်သည့် ကျန်းဟန်သည်တော့ ထို အချိန်တွင် ဟမ်းမားကားထဲ၌ တိတ်ဆိတ်စွာထိုင်ကာ ဧယန် အား ရင်ခွင်ထဲပွေ့ထားခဲ့သည်။

နာရီဝက်ကျော်ကြာပြီးနောက် ကားတန်းမှာ ကုမ္ပဏီသို့ ပြန်လည်ရောက်ရှိလာသည်။

ထိုအချိန်တွင် ရှုယုံသည် အမျိုးသမီးဝန်ထမ်းတစ် ဦး၏အခန်းထဲမှယူလာသည့် ဝက်ဝံရုပ်ကြီးတစ်ရုပ်နှင့် မုန့်မုန့် တို့အား ရင်ခွင်ထဲပွေ့ချီထားပြီဖြစ်သည်။

"ဖေဖေ ဘာလို့အရမ်းနောက်ကျနေတာလဲ။ သမီး အကြာ ကြီးထိုင်နေရတာ စိတ်မရှည်တော့ဘူး" မုန့်မုန့်က နှုတ်ခမ်း လေးစူကာ ပြောသည်။

"ဖေဖေက သမီးမေမေကို သွားကြိုတာပါ။ လာပါဦး" မုန့် မုန့်၏ချစ်စဖွယ်အမူအရာလေးကိုမြင်တော့ ကျန်းဟန် ပြုံးကာ မုန့်မုန့်အား ပွေ့ချီလိုက်သည်။

"မေမေလား ဟမ်။ မေမေက ဘာလို့ အိပ်ပျော်နေတာလဲ" မုန့်မုန့် ဦးနှောက်ခြောက်သွားသည်။

"သမီးမေမေက ပင်ပန်းနေပြီ" ကျန်းဟန်က ပြန်ဖြေသည်။

"သမီးတို့ စကားတိုးတိုးပြောကြမယ်" မုန့်မုန့်က အသံကိုလျှော့ကာပြောလိုက်ပြီးနောက် ကားတံခါးရှေ့တွင် ရပ်နေသည့် ရှူယုံအား ကြည့်ကာ ပြောလိုက်သည်။ "ဝက်ဝံကြီးကို ဟိုမှာထိုင်ခိုင်းလိုက်"

ပြောပြောဆိုဆိုဖြင့် မုန့်မုန့်က ဓါယန်၏ဘေးရှိ နေရာအား ညွှန်ပြသည်။

"ဟုတ်ကဲ့ပါဗျာ" ရှူယုံက ရယ်မောလိုက်ပြီး တံခါးသွားဖွင့်ကာ ဝက်ဝံအား အထဲထည့်လိုက်သည်။

ကားတံခါးပိတ်ပြီးနောက် ကျောက်ဖုန်းက စားသောက်ဆိုင်သို့ ပြန်မောင်းလာခဲ့သည်။

သူတို့ စားသောက်ဆိုင်သို့ ပြန်ရောက်သည့်အခါ ကျန်းဟန်သည် နည်းပြလျိုထံမှ ဖုန်းကောလက်ခံရရှိခဲ့သည်။ နည်းပြလျို၏စကားကို ကြားပြီးနောက် ကျန်းဟန် ဘာမှ မပြောခဲ့ချေ။

ဖုန်းချလိုက်ပြီးနောက်တွင် ကျန်းဟန်သည် ဇီယန်အား ပွေ့ချီလိုက်သည်။ ထိုအချိန်အတွင်း ကျိုးဖေးက မုန့်မုန့်အား သူမ၏ရင်ခွင်ထဲ ချီထားပြီး ကျောက်ဖုန်းက ဝက်ဝံရုပ်ကြီးအား ကိုင်ထားသည်။ သုံးယောက်သား စားသောက်ဆိုင်ထဲသို့ အတူတူ လျှောက်ဝင်သွားကြ၏။

သူတို့ ထွက်သွားချိန်တွင် တံခါးသော့မခတ်ထားခဲ့သောကြောင့် သူတို့ တန်း၍ တွန်းဖွင့်ဝင်သွားခဲ့သည်။ ကံကောင်းစွာဖြင့် စားနေကျညှော်သည်အများစုမှာ စားသောက်ဆိုင်၏စည်းကမ်းများနှင့် ရင်းနှီးနေပြီ တံခါးရှေ့တွင် ဆိုင်းဘုတ်ချိတ်ထားသည့်အတွက် ဆိုင်ထဲတွင် မည်သည့်အမှတ်မထင်ညှော်သည်မျှ မရှိခဲ့ချေ။

သူတို့ ဒုတိယထပ်သို့ တက်သွားကြ၏။ ကျောက်ဖုန်းသည် ဝက်ဝံရုပ်ကြီးအား ဆိုဖာပေါ်တင်လိုက်ပြီး ကျိုးဖေးက မုန့်မုန့်အား ပွေ့ချီကာ ဆိုဖာပေါ်တွင် ထိုင်လိုက်သည်။ ကျန်းဟန်က ဇီယန်အား ချီထားရင်း အိပ်ခန်းထဲဝင်သွားပြီး တံခါးပိတ်လိုက်သည်။

ဇီယန်၏အဝတ်အစားများအား ညအိပ်ဝတ်စုံဖြင့် လဲပေးပြီးနောက် ကျန်းဟန်သည် အောက်ထပ်သို့သွားကာ ယန်ချင်ရေအချို့ယူ၍ ဇီယန်အား တိုက်လိုက်သည်။

"ဖေဖေ မြန်မြန်ထွက်ခဲ့ဦး" မုန့်မုန့်က ဆိုဖာပေါ်မှ လှမ်း၍ လောဆော်သည်။

"လာပြီ လာပြီ" ကျန်းဟန် ထွက်လာပြီး ဆိုဖာပေါ်ထိုင်ကာ မုန့်မုန့်အား ပွေ့ချီလိုက်ပြီး မင်းသမီးလေး၏နူးညံ့သည့် မျက်နှာလေးကို အကြိမ်အနည်းငယ် နမ်းကာ ပြောလိုက်သည်။ "လိမ္မာတဲ့ မုန့်မုန့်လေး။ ဖေဖေက မနက်ဖြန်ကျရင်

ကြက်တောင်ပံကြော်ပေးမယ်။ ရေခဲမုန့်နဲ့ သရေစာတွေလည်း ဝယ်ပေးမယ်နော်"

"အမ် တကယ်လား" မုန့်မုန့်၏မျက်လုံးဝိုင်းဝိုင်းများမှာ ချက်ချင်း တောက်ပလာသည်။

"တကယ်ပေါ့" ကျန်းဟန်က သူမ၏ခေါင်းလေးကို ပုတ်လိုက်၏။

"ကောင်းတယ်။ သရေစာတွေစားချင်တယ်။ ရေခဲမုန့်လည်း စားချင်တယ်။ အရသာရှိတဲ့စားစရာတွေ အများကြီးစားချင်တယ်" မုန့်မုန့်မှာ အလွန်ပျော်ရွှင်သွားသည်။

မုန့်မုန့်လေးသည် ကျောက်ဖုန်းနှင့် ကျိုးဖေး တို့၏နှလုံးသားထဲမှ စိတ်အနှောင့်အယှက်အများစုကို ပြေပျောက်သွားစေခဲ့သည်။

"ဘော့စ် ကျွန်တော် အရင်ပြန်လိုက်ဦးမယ်" ကျောက်ဖုန်းက ထရပ်ကာ ပြောသည်။

"အင်း”

ကျောက်ဖုန်း လှည့်ထွက်သွားသည်။

ထိုအချိန်တွင် ကျိုးဖေးက ခဏလောက် စဉ်းစားလိုက်ပြီး ပြောသည်။ "ခဲအို အစ်မယန် ဘယ်တော့နိုးမှာလဲ”

"ဆယ်မိနစ်လောက်နေရင် နိုးပါပြီ” ကျန်းဟန်က ဖြေသည်။

"အင်း” ကျိုးဖေးခေါင်းညိတ်လိုက်သည်။ သူမ အနည်းငယ် ကြောက်လန့်နေသည့်အတွက် ယခုပြန်ရန် မရည်ရွယ်ထားချေ။

ကျိုးဖေးမှာ မုန့်မုန့်နှင့် ဆိုဖာပေါ်တွင် ခဏလောက် ကစားလိုက်ပြီးမှသာ ခံစားချက်ကောင်းမွန်လာခဲ့သည်။

ခဏအကြာတွင် ဧယန် နိုးလာခဲ့သော်လည်း အနည်းငယ် မူးဝေနေသေး၏။ အိပ်ခန်းထဲတွင် ဧယန်နှင့် ခဏလောက် စကားပြောပြီးနောက် ကျိုးဖေး ပြန်ထွက်လာခဲ့သည်။ သူမ

စိတ်ရောကိုယ်ပါ ပင်ပန်းနေသည့်အတွက် ပြန်၍ အနားယူရန် ရည်ရွယ်လိုက်သည်။

"မင်း ဒုတိယအိပ်ခန်းမှာ နားလို့ရတယ်” ကျိုးဖေး သမ်း ဝေနေသည်ကို မြင်တော့ သူမ ကြောက်လန့်သွားခဲ့ရပြီး ဤ နေရာတွင် နေလိုက်ပါက သူမ စိတ်ချလက်ချနေနိုင်ကြောင်း သတိပြုမိသွားသဖြင့် ကျန်းဟန် ပြောလိုက်သည်။

"အင်း ကောင်းပြီ။ ငါ အိပ်တော့မယ်” ကျိုးဖေး ခေါင်းညိတ်လိုက်ကာ ရေချိုးပြီး အနားယူရန် ပြင်ဆင်လိုက် သည်။

ကျန်းဟန် မုန့်မုန့်အား ချီကာ အဓိကအိပ်ခန်းထဲသို့ ပြန်လာခဲ့သည်။ မင်းသမီးလေးအား ညအိပ်ဝတ်စုံလဲပေးပြီး နောက် အိပ်ရာပေါ်သိပ်လိုက်သည်။

"ကျန်းဟန်…”

ထိုအချိန်တွင် ကုတင်ပေါ်မှ ဇီယန်၏နူးညံ့သည့်အသံကို ကြားလိုက်ရသည်။

ကျန်းဟန် လျှောက်သွားကာ ထိုင်လိုက်ပြီး ဇီယန်၏လက်ချောင်းလေးများကို ဆုပ်ကိုင်လိုက်သည်။ "မင်း မူးနေသေးလား။ ကိုယ် ရေတစ်ခွက်ခပ်ပေးမယ်လေ”

"ဟင့်အင်း ကျွန်မကိုပဲ ဖက်ထားပေးပါ” ဇီယန်က မျက်လုံးဝိုင်းဝိုင်းများအား တဖျပ်ဖျပ်ခတ်ရင်း ပြောသည်။

သူမ၏သနားချင့်စဖွယ်အမူအရာနှင့် လေသံကြောင့် ကျန်းဟန်၏ သူမအား ကာကွယ်ပေးလိုသည့်စိတ်ဆန္ဒများ နိုးကြွလာခဲ့သည်။

ကျန်းဟန်က ခါးကုန်လိုက်ပြီး ဇီယန်၏ သွယ်လျသည့် လက်မောင်းလေးများကို သူ၏လည်ပင်းပေါ် တင်ပေးလိုက်သည်။ ဇီယန်က ခေါင်းကိုမော့ကာ ကျန်းဟန်၏နှုတ်ခမ်းများအား ညင်သာစွာ နမ်းရှိုက်လိုက်၏။

"ချစ်တယ်......အရမ်းချစ်တယ် ကျွန်မရဲ့ ကိုယ်စောင့်နတ်ကြီး"

ဖြစ်ပျက်ခဲ့သည်များကို အတိအကျမသိသော်လည်း ကျန်းဟန်သည် သူမအန္တရာယ်ကြုံတိုင်း ပေါ်လာတတ်သည်ကို ဇီယန် သတိပြုမိသည်။

ကျန်းဟန် နူးညံ့စွာပြုံးလိုက်ပြီး ဇီယန်၏ခေါင်းလေးကို ပုတ်ကာ တိုးတိုးလေးပြောလိုက်သည်။ "ကိုယ်လည်း မင်းကို ချစ်တယ်"

ခန်းမထဲရှိ အခြားလူများသာ ဤမြင်ကွင်းကိုမြင်ပါက သူတို့၏စိတ်ထဲတွင် စကားတစ်ခွန်း ပေါ်လာပေလိမ့်မည်။

"သောက်ရမ်းရိုမန့်တစ်ဆန်တဲ့သူတွေ"

သို့သော် လက်ရှိအခန်းထဲတွင်လည်း လူတစ်ယောက်ရှိနေခဲ့သည်။ ခဏလောက်ရပ်တန့်သွားပြီးနောက် သူတို့ဘေးနားရှိ

မင်းသမီးလေးက ကလေးသံလေးဖြင့် ပြောလိုက်သည်။ "သမီး လည်း ဒီမှာရှိသေးတယ်။ သမီးလည်း နမ်းချင်တယ်"

မုန့်မုန့်၏စကားကိုကြားပြီးနောက် နှစ်ယောက်သား ရယ်မောလိုက်ကြသည်။

ကျန်းဟန်သည် သူ၏အဝတ်အစားများကိုချွတ်ကာ အိပ်ရာထဲဝင်ခဲ့သည်။ မုန့်မုန့်က ကျန်းဟန်နှင့် ဇီယန် နှစ် ယောက်လုံးအား နမ်းလိုက်ပြီးနောက် စိတ်ကျေနပ်သွားပြီး အိပ်ရာထဲပြန်ဝင်ကာ ကျန်းဟန် ပုံပြင်ပြောပြမည်ကို စောင့်ဆိုင်းနေလိုက်သည်။

ကျန်းဟန် ဆယ်မိနစ်ခန့် ပုံပြင်ပြောပြီးနောက် ဇီယန်နှင့် မုန့်မုန့်မှာ တဖြည်းဖြည်း အိပ်ပျော်သွားခဲ့သည်။

ထိုနောက် ကျန်းဟန်က မုန့်မုန့်အား ကုတင်လေးပေါ် ညင်သာစွာ သိပ်လိုက်ပြီး ကုတင်ပေါ်ပြန်အိပ်လိုက်သည်။

မိနစ်နှစ်ဆယ်ခန့်ကြာပြီးနောက် ကျန်းဟန်၏နားရွက်များက အနည်းငယ် လှုပ်သွားပြီး မျက်လုံးဖွင့်လိုက်သည်။

သူ အိပ်ရာမှထကာ အဝတ်အစားများ ဝတ်ပြီးနောက် အိပ်ခန်းထဲမှ တိတ်တဆိတ်ထွက်လာပြီး အောက်ထပ်သို့ အမြန်ဆင်းကာ တံခါးဖွင့်၍ ထွက်လာခဲ့သည်။

မီးရောင်မှိန်ဖျော့ဖျော့လင်းနေသည့် စားသောက်ဆိုင်၏ကားပါကင်ရှေ့တွင်...

အနက်ရောင် Audi Q7 တစ်စီး တိတ်ဆိတ်စွာ ရပ်ထားသည်။

၎င်းမှာ သိပ်ပြီး မထင်ပေါ်ချေ။

သို့သော် အရပ် ၁.၈ မီတာကျော်ရှိပြီး ခန္ဓာကိုယ်တောင့်တောင့် မျက်ခုံးထူထူနှင့်လူတစ်ယောက် ကားတံခါးကိုမှီကာ ရပ်နေသည်။

သူ၏အနေအထားမှာ အလွန်ပေါ့ပေါ့ပါးပါးရှိပြီး ကောင်းကင်မှလမင်းအား သူ၏စူးရှသည့်မျက်လုံးများဖြင့် ကြည့်နေခြင်းဖြစ်နိုင်ပေသည်။

သူ၏ညာဘက်လက်တွင် စီးကရက်တစ်လိပ်ကို ကိုင်ထား၏။ နက်နက်ရှိုင်းရှိုင်းတစ်ချက် ဖွာရှိုက်လိုက်ပြီးနောက် စီးကရက်အား လက်ညှိုးဖြင့် တောက်ထုတ်လိုက်ရာ ပိုးစုန်းကြူးတစ်ကောင်ပမာ လွင့်ပျံသွားကာ ဆယ်မီတာကျော် အကွာရှိ အမှိုက်ပုံးဆီပျံသန်းသွားပြီး အပေါ်ဘက်ရှိ ပြာပုံထဲသို့ ပြုတ်ကျသွားသည်။

"ဟူး....”

ထိုလူက မီးခိုးလုံးရှည်ကြီးကို မှုတ်ထုတ်လိုက်ပြီးနောက် ကျန်းဟန်အား ကြည့်ကာ ခပ်ပြတ်ပြတ်လေသံဖြင့် ပြောလိုက်သည်။

"စကားပြောရအောင်”

-အခန်း(၃၆၃)ပြီး

wunzinnosp

## အခန်း(၃၆၄-က) ကာကွယ်သူကျန်း(၁)

ထိုလူက သူ့အား ဂရုမစိုက်ဟန်ဖြင့် စိုက်ကြည့်နေပြီး အခြားသူများက သူ၏အတွေးများနှင့် ရည်ရွယ်ချက်ကို ခန့်မှန်းနိုင်ခြင်းမရှိချေ။

သို့သော် ကျန်းဟန်သည် သူနှင့်ရင်ဆိုင်လိုက်ရသည့်အခါ အနည်းငယ် ဖိအားခံစားလိုက်ရသည်။

သူ၏ရှေ့ကလူမှာ ကျင့်ကြံခြင်းအဆင့် အခြေခံတည်ဆောက်ခြင်းအဆင့်နှင့်ညီမျှသည် သို့မဟုတ် ထိုထက်ကျော်နိုင်လွန်သည့် ဝူတာအိုမဟာမာစတာဖြစ်သည်မှာ သေချာ၏။

ခဏလောက် စဉ်းစားပြီးနောက် ကျန်းဟန် လျှောက်သွားလိုက်သည်။ သူ ကားခေါင်မိုးအား မှီလိုက်ပြီး တည်ငြိမ်စွာ

ပြောလိုက်သည်။ "မင်းက အမျိုးသားလုံခြုံရေးအေဂျင်စီရဲ့ လက်အောက်ခံလား"

"ဟုတ်တယ်" ထိုလူက စူးစမ်းလိုစိတ်ဖြင့် ကျန်းဟန် ကြည့်လိုက်ပြီး "ငါက ဟောင်ကောင်အမျိုးသားလုံခြုံရေး အေဂျင်စီရဲ့ ဒါရိုက်တာပါ။ ငါ့နာမည် လဲ့ထျန်းနန်"

သူ၏မိတ်ဆက်မှုအပြီးတွင် လဲ့ထျန်းနန်သည် ကျန်းဟန် အား စိုက်ကြည့်လိုက်ရာ မည်သည့် စိတ်ခံစားချက် အတက်အကျမှုမရှိဘဲ အမြဲတမ်း တည်ငြိမ်နေသည်ကို တွေ့ လိုက်ရသည်။

စိတ်ဝင်စားစရာပဲ...

လဲ့ထျန်းနန် သူ့အား စိတ်ဝင်စားလာသည်။ ဟောင်ကောင် သိုင်းလောကတွင် လဲ့ထျန်းနန် ဆိုသည်မှာ ရပ်ကျော်ရွာကျော် နာမည်ဖြစ်သည်။ ယေဘူယျအားဖြင့် ထိုနာမည်အား ကြား သည့်အခါတွင် အမျိုးမျိုးသောအမူအရာများ ဖြစ်သွားကြ၏။

ယခုတွင်မူ မာစတာကျန်းမှာ ကန်ရေပြင်ကဲ့သို့ တည်ငြိမ်နေလေသည်။

ထိုစိတ်နေစိတ်ထားက ဖန်တီးယူ၍ မရနိုင်သည့်အတွက် လဲ့ထျန်းနန်၏ ကျန်းဟန်အကြောင်း သိချင်စိတ်ကို နှိုးဆွပေးခဲ့သည်။

ကျန်းဟန်၏မျက်လုံးများက အနည်းငယ် ကျဥ်းမြောင်းသွားပြီး ပျင်းရိသည့်လေသံဖြင့် ပြောလိုက်သည်။ "လိုရင်းကိုပဲ ပြောပါ။ ငါ ငါ့မိန်းမနဲ့ သွားအိပ်ချင်ပြီ"

"ဟားဟားဟား…" လဲ့ထျန်းနန်သည် စားသောက်ဆိုင်၏ ဒုတိယထပ်သို့ လှမ်းကြည့်လိုက်ရာ ပြတင်းပေါက်မှနေ၍ သူတို့အား ကြည့်နေသည့် လှပသောအမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရသည်။

လဲ့ထျန်းနန်က ရယ်မောလိုက်ပြီး ခေါင်းကိုယမ်းကာ "မိန်းမလှလေးနဲ့အိပ်စက်ခြင်းက သူရဲကောင်းတစ်ယောက်ကို သင်္ချိုင်းဆီ ဦးတည်စေတယ်" ဟု ပြောလိုက်သည်။

"ကံမကောင်းတာက ငါက သူရဲကောင်းမဟုတ်ဘူး" ကျန်းဟန်သည် မျက်လုံးနက်နက်ထဲမှ သိမ်မွေ့နက်နဲမှုဖြင့် တစ်ချက်ကြည့်လိုက်သည်။

ဖြစ်နိုင်လျှင် သူသည် အေးချမ်းသာယာသည့်ဘဝကို ဦးတည်ချင်သော်ပါလည်း သူ့အနေဖြင့် အစစ်အမှန်ငြိမ်းချမ်းမှုကိုလိုချင်လျှင် တိုက်ခိုက်မှုရမည်ကို သဘောပေါက်လာခဲ့သည်။

ကျေးလက်မှ လူငယ်လေးတစ်ယောက် သူဌေးဖြစ်လာရန်ဆယ်စုနှစ်များစွာ ရုန်းကန်ခဲ့ရပြီး အသက်ကြီးလာသည့်အချိန်ကျမှ ကျေးလက်လူနေမှုဘဝကို ပြန်လည်ခံစားခဲ့သလိုပင်။

သူလိုချင်တောင့်တသည့် ဘဝသည် တစ်နည်းအားဖြင့် ကျေးလက်လူနေမှုဘဝနှင့် အတူတူပင်။ သို့သော် သူ၏စိတ်ခတ်မှာ "ပြာမှပြာ ဖုန်မှဖုန်" ဟူသည့် အနုပညာအယူအဆကို ခံယူထားသည့် ထိုလူငယ်များနှင့် မတူညီချေ။

ကျန်းဟန်၏စကားကိုကြားပြီးနောက် လှဲ့ထျန်းနန် အနည်းငယ် အံ့သြသွားသည်။

သူ၏ဂျာကင်အိတ်ကပ်ထဲမှ စီးကရက်ဘူးအား ထုတ်လိုက်ပြီး တစ်လိပ်နှုတ်ကာ မီးညှိ၍ ခပ်လေးလေးတစ်ချက် ဖွာလိုက်သည်။ ထိုနောက် ဖြည်းညှင်းစွာ ပြောလိုက်၏။ "ဒါကြောင့် ငါ မင်းကို အခွင့်အရေးတစ်ခုပေးတာပဲ”

"ငါက ဘာပြန်ပေးရမလဲ” ကျန်းဟန်က ခေါင်းကိုလှည့်ကာ လှဲ့ထျန်းနန်အား ကြည့်၍ မေးသည်။

ဒါရိုက်တာက လူကိုယ်တိုက်ရောက်လာရခြင်း အကြောင်းအရင်းမှာ ကျန်းဟန်အနေဖြင့် ဤကိစ္စကို အေးချမ်းသွားစေချင်ပါက တန်ဖိုးတချို့ ပေးရမည်ဟု ရည်ရွယ်ခြင်းဖြစ်ကြောင်း သံသယရှိစရာပင်မလို။

ပြဿနာတစ်စုံတစ်ရာ မလိုချင်သည့်အတွက် ကျန်းဟန်သည် သူတို့ အလွန်အကျွံမတောင်းဆိုသရွေ့ မဆိုင်းမတွ လက်ခံပေးလိုက်မည်ဖြစ်သည်။

အကယ်၍ သူအလွန်အမင်းလိုအပ်လာလျှင်..... ကျန်းဟန်လည်း သူ၏အကြံပြုချက်ကို သဘောတူရလိမ့်မည်ထင်သည်။

သူသည် ယခု လဲ့ထျန်းနန်နှင့် မယှဉ်နိုင်သော်လည်း လအနည်းငယ်ကြာပြီးနောက် ယွမ်ချင်သစ်သီး သီးလာသည့်အချိန်တွင်ဆိုလျှင်...

"မင်းက ပေကျင်း ကျန်းမိသားစုမှာ မွေးဖွားခဲ့တဲ့ ကျန်းဟန်။ လွန်ခဲ့တဲ့ငါးနှစ်က မင်းရဲ့မိဘတွေ ပျောက်ဆုံးသွားပြီး ကျန်းမိသားစုကနေ ထုတ်ပယ်ခံရတယ်။ လွန်ခဲ့တာ တစ်လကျော် ဧယန် ပြန်မလာခင်အထိ မင်း ကမ္ဘာပေါ်ကနေ ပျောက်နေခဲ့တယ်။ အဲဒီအချိန်ကျမှ မင်းမှာ သမီးတစ်ယောက်ရှိနေတာကို သိလိုက်ရတော့ ဟောင်ကောင်ကိုလာပြီး အိမ်ကိုရောင်းတယ်။ တောင်နဲ့ အိမ်ကို ငှားပြီး စားသောက်ဆိုင်ဖွင့်တယ်။ မင်းဘက်ကစပြီး ပြဿနာမရှာပေမယ့် မင်းတစ်ယောက်ယောက်ကို အကြိမ်များစွာ ရိုက်နှက်ခဲ့တယ်”

လဲ့ထျန်းနန်က သူပေးရမည့် တန်ဖိုးကို မပြောချေ။ သူ၏သူငယ်ချင်းတစ်ယောက်နှင့် စကားပြောနေသကဲ့သို့ ဇာတ်ကြောင်းပြန်ပြနေခဲ့သည်။ "မင်း လွန်ခဲ့တဲ့ငါးနှစ်လုံး ပေကျင်းမှာနေခဲ့တယ်။ သိုင်းပညာတစ်ခါမှ မသင်ခဲ့ဖူးဘူး။ ဒါပေမယ့် မင်း ရုတ်တရက်ကြီး သိုင်းလောကမှာ ကိုယ့်ကိုကိုယ် ကျန်းဟန်ယန်လို့ နာမည်ပေးခဲ့တယ်။ အမှန်အတိုင်းပြောရရင် ဒီအပြောင်းအလဲနဲ့ပတ်သက်ပြီး ငါသိချင်တယ်"

"မင်းဘာကို ပြောချင်တာလဲ" ကျန်းဟန် အနည်းငယ် မျက်မှောင်ကြုတ်သွား၏။

"မင်းက သိုင်းပညာမှာ အတော်လေးပါရမီရှိတယ်လို့ ငါ ထင်တယ်။ ဒီလိုသက်တောင့်သက်သာဘဝက မင်းရဲ့ တိုးတက်မှုကို နှေးကွေးစေလိမ့်မယ်"

"ကျုပ် ဒါရိုက်လဲ့ကို စိတ်အနှောင့်အယှက် မပေးပါဘူး"

"ဟားဟားဟား" လဲ့ထျန်းနန်က ရယ်မောလိုက်ပြီး ခေါင်းယမ်းကာ "ငါ လိုရင်းပဲ တန်းပြောလိုက်မယ်။ တခြားသူတွေနဲ့

ညှိနှိုင်းပြီးတဲ့နောက်မှာ နောက်နှစ်အစပိုင်းမှာ ဝံပုလွေခေါင်းတပ်ဖွဲ့ကိုဝင်ဖို့ တိမ်ဝိညာဉ်တပ်ဖွဲ့ကနေ ထိပ်တန်းအယောက်ငါးဆယ် ရွေးချယ်ဖို့ ငါတို့ဆုံးဖြတ်လိုက်တယ်။ ဝံပုလွေခေါင်းတပ်ဖွဲ့အတွက်ကတော့ ငါထင်တယ်…”

သူ၏စကားမဆုံးခင်မှာပင် ကျန်းဟန်က ခေါင်းညိတ်ကာ တန်းပြောလိုက်သည်။ "ကောင်းပြီ”

လဲ့ထျန်းနန်ဆိုလိုသည်မှာ သူ့အနေဖြင့် နောက်ထပ် သိုင်းပညာရှင် အယောက်ငါးဆယ် ပြုစုပျိုးထောင်ပေးရန်ပင်။ နောက်နှစ်အစပိုင်းမှာ နှစ်ဝက်ခန့်လိုသေးသဖြင့် ယန်ချင်ရေနေရာတွင်အစားထိုးရန်အတွက် အခြားစိတ်ဝိညာဉ်ရတနာများ ရှာဖွေရန် လုံလောက်ပေသည်။

"ငါက ထက်မြက်တဲ့လူတွေနဲ့ စကားပြောရတာ သဘောကျတယ်”

လဲ့ထျန်းနန်က ခေါင်းညိတ်သည်။ "ဒုတိယအချက်။ မင်းကျန်းဟန်ယန်က အခုစပြီး ဟောင်ကောင်အမျိုးသားလုံခြုံရေး

အေဂျင်စီရဲ့ ကာကွယ်သူတစ်ယောက်ဖြစ်လာပြီး ပုံမှန် အကျိုးခံစားခွင့်တွေကို ခံစားလိုက်ပါ။ ဒါပေမယ့် မင်းရဲ့နှစ်စဉ် တာဝန်တွေကတော့ တခြားသာမန်ကာကွယ်သူတွေထက် နှစ်ဆပိုပြီး များလိမ့်မယ်။ မင်းအနေနဲ့ အဲဒါတွေကို မင်းကိုယ်တိုင် ပဲလုပ်လုပ် မင်းရဲ့လုံခြုံရေးအဖွဲ့ကိုပဲ ခိုင်းခိုင်း အပြီးသတ်လို့ရတယ်။ မင်း ကာကွယ်သူလုပ်မယ့်အချိန်ကာလအနေနဲ့ကတော့ မင်းငါ့ကို အနိုင်ယူနိုင်တဲ့အချိန် ထွက်သွားလို့ရတယ်”

"ကျန်းဟန်ယန်” ဟူသည့် နာမည်ကို ပြောသွားခဲ့ရာ သူသည် ကျန်းဟန်အား ကျန်းမိသားစုမှလူတစ်ယောက်ဖြစ်လျှင်ပင် ဂရုမစိုက်ဘဲ သိုင်းပညာရှင်တစ်ယောက်အနေဖြင့်သာ ဆက်ဆံခဲ့ခြင်းဖြစ်သည်။

ကျန်းဟန်သည် အမျိုးသားလုံခြုံရေးအေဂျင်စီတွင် အလုပ်လုပ်ရမည်ကိုသာ သူသိထားပြီး သူ့အား အနိုင်မယူနိုင်မချင်း သူ ထွက်ခွင့်မရနိုင်တော့ချေ။ လဲ့ထျန်းနန်၏အမြင်တွင် ထိုနေ့က အတော်လေးဝေးကွာနေသေးသည်။ သိုင်းပညာရှင်တစ်

ယောက်အတွက် ဂူတာအိုဂရန်းမာစတာဖြစ်လာရန်မှာ အလွန်ခက်ခဲ၏။ အောင်မြင်နိုင်ခဲ့လျှင်ပင် နှစ်ပေါင်းများစွာ ကြာဦးမည်ဖြစ်သည်။ ကျန်းဟန်သည် သူ၏နောက်ပိုင်းဘဝတစ်လျှောက်လုံး အမျိုးသားလုံခြုံရေးအေဂျင်စီ၏ကာကွယ်သူဖြစ်လာလိမ့်မည်ဟု သူ ယူဆခဲ့သည်။

သို့သော် လအနည်းငယ်အတွင်း သူရှုံးနိမ့်သွားလိမ့်မည်ဟု မမျှော်လင့်ထားချေ။

ထိုအချိန်တွင် လဲ့ထျန်းနန် အလွန်ထိတ်လန့်သွားခဲ့သည်။ အချိန်တွေကိုသာ နောက်ပြန်ဆုတ်၍ရခဲ့လျှင် သူ ဤကဲ့သို့ကန့်သတ်ချက်မျိုး ချမှတ်မည်မဟုတ်တော့ချေ။

လဲ့ထျန်းနန်၏အကြည့်အောက်တွင် ကျန်းဟန်က တန်း၍ခေါင်းညိတ်လိုက်သည်။ "ကောင်းပြီ"

"အင်း" လဲ့ထျန်းနန် စိတ်ကျေနပ်စွာ ခေါင်းညိတ်လိုက်သည်။ သူ၏လက်ကို လှုပ်ယမ်းလိုက်ရာ သူ၏လက်ထဲတွင် လက်ဖဝါးအရွယ်ခန့်ရှိသည့် ငွေတံဆိပ်တစ်ခု ပေါ်လာပြီး သူ့

အား ပေးလိုက်သည်။ "ဒါက မင်းရဲ့အထောက်အထားတံဆိပ်ပဲ။ မင်းရဲ့တာဝန်တွေနဲ့ အကျိုးခံစားခွင့်တွေကိုတော့ မင်းဖုန်းမက်ဆေ့ထဲရောက်လာတဲ့ ဆော့ဖ်ဝဲကို ဒေါင်းလုဒ်လုပ်ပြီး ဖတ်ကြည့်လိုက်ပါ"

"အင်း" ကျန်းဟန်က တံဆိပ်အား ယူကာ ပြုံး၍ ခေါင်းယမ်းလိုက်သည်။

ဤအရာများအားလုံး အဆင့်သင့်ပြင်ထားခဲ့သည့်အတွက် သူ ငြင်းမည်မဟုတ်ကြောင်း သူတို့ သိထားပြီးပုံရသည်။

"အဖေတူသားပဲ။ ငါမင်းကို အထင်ကြီးပါပေတယ်" လဲ့ထျန်းနန်က ကြင်နာသည့်လေသံဖြင့် ပြောလိုက်ပြီး စီးကရက်ဘူးကို ဖွင့်လိုက်ပြန်သည်။

သို့သော် သူ၏စကားများက ကျန်းဟန်၏သူငယ်အိမ်များကို ကျုံ့သွားစေသည်ကိုတော့ မသိလိုက်ချေ။

သူက ချက်ချင်းခေါင်းလှည့်လိုက်ပြီး လဲ့ထျန်းနန်ကို စိုက်ကြည့်ကာ "မင်း ငါ့အဖေကို သိလား"

လဲ့ထျန်းနန် အနည်းငယ် အံ့အားသင့်သွားပြီး စိတ်ခံစားချက်များဖြင့် ပြောလိုက်သည်။ "သူ့ရဲ့အကြောင်းနည်းနည်းကြားဖူးတယ်။ သူ့အသက် ၃၃ နှစ်မှာ ဝူတာအိုဂရန်းမာစတာအဖြစ် အဆင့်တက်ခဲ့ပြီး အဲဒီအချိန်က ဂယက်ထသွားခဲ့တယ်။ ဒါပေမယ့် နောက်ပိုင်းမှာ ဆံပင်ဖြူနဲ့အဘိုးအိုတစ်ယောက်ကြောင့် သူ ဒဏ်ရာအပြင်းအထန်ရသွားခဲ့တယ်။ မင်းအဖေသာ ချန်းကလန်ရဲ့ ခေါင်းဆောင်နဲ့ မရင်းနှီးလို့ အဲ့အချိန်မှာ သူ့ရဲ့အကူအညီမရှိခဲ့ဘူးဆိုရင် မင်းအဖေ အသတ်ခံရလိမ့်မယ်။ ကံမကောင်းစွာနဲ့ သူ့ရဲ့မရီဒျန်တွေပျက်စီးသွားတဲ့အတွက် ဒဏ်ရာအပြင်းအထန်ရပြီး သူ့ရဲ့ကျင့်ကြံမှုအဆင့်ကျဆင်းသွားခဲ့တယ်။ နောက်ပိုင်းမှာ ပြန်ကောင်းလာပေမယ့် ဂရန်းမာစတာတစ်ယောက်အဖြစ် အဆင့်ပြန်တက်လာတယ်လို့တော့ မကြားမိဘူး"

သူပြောလိုက်သည်နှင့် ကျန်းဟန် ပို၍မျက်မှောင်ကြုတ်လာပြီး သူ၏မျက်လုံးများက တဖြည်းဖြည်း အေးစက်လာသည်။

"အဲဒီတုန်းက မင်းက အရမ်းငယ်သေးတော့ အသေးစိတ်မသိတာဖြစ်လောက်တယ်။ မင်းအဖေက သူ့ရဲ့မျိုးဆက်မှာ တကယ့်ပြိုင်ဘက်ကင်းတစ်ယောက်ဖြစ်ခဲ့တာ။ တစ်ခါတုန်းက ငါ သူ့ရဲ့ သင်ပြမှုကို ခံရခဲ့တာ အရမ်းကံကောင်းတယ်" လဲ့ထျန်းနန်က သက်ပြင်းချသည်။

လွန်ခဲ့သည့် ၂၁ နှစ်ခန့်က သူသည် ကောင်းကင်အဆင့်၏နှောင်းပိုင်းတွင်ရှိနေခဲ့ပြီး အဆင့်တက်ရန် နည်းလမ်းရှာမတွေ့ခဲ့ချေ။ ကျန်းဟန်အဖေ၏ လမ်းညွှန်မှုကို ရရှိပြီးမှသာ ဂရန်းမာစတာအဖြစ် အဆင့်ချိုးဖြတ်ရန် အတားအဆီးကို ခပ်ရေးရေးထိတွေ့မိခဲ့ရသည်။

"အခု ငါ့မိဘတွေဘယ်ရောက်နေလဲ မင်းသိလား" ကျန်းဟန်က မေးသည်။

"ငါမသိဘူး။ အဲဒါနဲ့ ပတ်သက်ပြီးတော့…" လဲ့ထျန်းနန်က စကားရပ်လိုက်ပြီး ကျန်းဟန်အား တစ်ချက်ကြည့်ကာ "မင်းရဲ့ စွမ်းအားက အခု အရမ်းအားနည်းနေသေးတယ်လို့ တွေးမိရင် မင်း တချို့ကိစ္စတွေကနေ ရှောင်နေလိုက်တာပိုကောင်းတယ်။ ဒီအကြောင်းအရင်းတွေအားလုံးကြောင့် ဒီအချိန်မှာ မင်းကို ကူညီဖို့ ငါရွေးချယ်ခဲ့တာ"

သူသည် ကျေးဇူးပြန်ဆပ်ရန်ရည်ရွယ်ချက်ဖြင့် ထွက်လာခဲ့ခြင်းဖြစ်သည်။

သို့သော် ကျန်းဟန်က သူ၏ရည်ရွယ်ချက်အား ဂရုမစိုက်ဘဲ တိုက်ရိုက်ပြောလိုက်သည်။ "ငါ့မိဘတွေ ဘယ်ရောက်နေလဲဆိုတာ မင်းရှာပေးနိုင်မလား"

"အင်း…" လဲ့ထျန်းနန်က ခဏလောက်စဉ်းစားလိုက်ပြီး နောက်ဆုံးတွင် ခေါင်းညိတ်ကာ ပြောလိုက်သည်။ "ငါ တခြားသူတွေကို မေးပေးလို့ရပါတယ်။ ဒါပေမယ့် လွယ်တော့မလွယ်

ဘူး။ ပြောရရင် သူတို့ပျောက်သွားကတည်းက ဘာသတင်းမှမကြားရတာလေ"

ကျန်းဟန်၏မျက်လုံးထဲတွင် စိတ်ပျက်သည့်အရိပ်အယောင်တစ်ခု ပေါ်လာသော်လည်း ထိုနောက်တွင် သူ၏အသံက ပို၍အေးစက်လာပြီး ပြောလိုက်သည်။ "ဒါနဲ့ ငါ့အဖေကို တိုက်ခိုက်ခဲ့တဲ့လူ ဘယ်သူလဲပြောပြပါ"

ထိုအခိုက်တွင် လှဲ့ထျန်းနန် အေးခဲသွား၏။

သူအနည်းငယ် ထူးဆန်းသလိုခံစားရသည်။

သူသည် ဒါရိုက်တာတစ်ယောက်ဖြစ်သည်။

သူက ဘယ်လိုလုပ် အဓိကခေါင်းဆောင်ကြီးလို ပြုမူခဲ့တာလဲ...

"သူဘယ်သူလဲ ငါမသိဘူး။ သူ့ကိုသိတဲ့လူလည်း ငါတစ်ခါမှ မကြားဖူးဘူး။ ဒါပေမယ့် အဲဒီအချိန်တုန်းက သူ့နာမည်က ချင်ကျန်းဇီလို့ခေါ်တယ်လို့ သူပြောခဲ့ဖူးတယ်။ သူ့ရဲ့ခွန်အားက

အတော်လေးကြောက်စရာကောင်းတယ်။ ငါကြားတာတော့ မင်းအဖေကို သူတိုက်ခိုက်တုန်းက ရေနည်းစနစ်တွေကို ဆက်တိုက်သုံးခဲ့တာတဲ့။ သူ့ရဲ့ တိုက်ခိုက်ရေးစွမ်းအားကိုကြည့်ပြီးပြောရရင် သူက ဂရန်းမာစတာနောက်ပိုင်းအဆင့်ကို နီးကပ်နေပြီပဲ။ မင်းသိထားရမှာက အဲဒါက လွန်ခဲ့တဲ့ နှစ် ၂၀ ကျော်ကပဲ"

လဲ့ထျန်းနန်က ဖြည်းညှင်းစွာ ပြန်ဖြေသည်။ ကျန်းဟန်၏အမူအရာကိုမြင်ပြီးနောက် သူ့အား သတိမပေးဘဲမနေနိုင်ချေ။ "မင်းရဲ့ခွန်အားကို အရင်မြှင့်တင်ပြီးမှ ဒီကိစ္စကိုစဉ်းစားတာပိုကောင်းမယ်"

"အင်း"

ကျန်းဟန် နှစ်စက္ကန့်လောက် တိတ်ဆိတ်သွားပြီးနောက် တည်ငြိမ်သွားခဲ့သည်။ သူ အသက်ရှူထုတ်လိုက်ပြီး လဲ့ထျန်းနန်အား လေးစားမှုပြကာ ပြောလိုက်သည်။ "အမှန်အတိုင်းပြောပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"နောက်ဆုံးတော့ မင်း မှန်ကန်တဲ့စာကို လုပ်လိုက်ပြီပေါ့"

နောက်ဆုံးတွင် လဲ့ထျန်းနန်သည် ကျန်းဟန်က သူ့အား အနည်းငယ်ယဉ်ကျေးလာပြီး စိတ်ပါလက်ပါရှိလာသည်ကို ခံစားလိုက်ရသည်။

သူ လက်ကိုဝှေ့ယမ်းလိုက်ပြီး သဘောထားကြီးစွာ ပြောလိုက်သည်။ "ရပါတယ်ကွာ။ သြော် ဒါနဲ့ ငါ လဆန်းတောင်ကို သွားခဲ့ပြီးပြီ။ မင်းရဲ့ စိတ်ဝိညာဉ်သားရဲနှစ်ကောင်က တကယ် ကောင်းတယ်။ အဲ..."

လဲ့ထျန်းနန် အနည်းငယ် ချီတုံချတုံဖြစ်နေသော်လည်း သူ၏ဆန္ဒကို မထိန်းချုပ်နိုင်ချေ။

ထို့ကြောင့် သူ အနေရခက်စွာ ပြောလိုက်သည်။ "တကယ် တော့ ငါ တရုတ်ကျေးလက်ခွေးလိုမျိုး အိမ်မွေးတိရိစ္ဆာန်တွေ ကို အရမ်းသဘောကျတာ"

"အင်း" ကျန်းဟန်က ဘာသိဘာသာပင်။

လဲ့ထျန်းနန် သူ့အား သတိမပေးဘဲ မနေနိုင်ချေ။ "အထူးသဖြင့် အနက်ရောင်နဲ့ ရွှေရောင်အမွေးရှိတဲ့ကောင်တွေပဲ။ သူတို့က ပိုပြီးလှတယ်"

"အင်း"

"အဲဒီခွေးတွေက တော်တော်ကိုကြီးတယ်။ ငါ ခွေးကြီးကြီးတွေကို သဘောကျတယ်" လဲ့ထျန်းနန်က သူ၏ကိုယ်ပိုင်အချက်ပြမှုကို နောက်တစ်ကြိမ် ပြသလိုက်သည်။

"ဟုတ်လား"

ကျန်းဟန်က လဲ့ထျန်းနန်လား ကြည့်လိုက်ပြီး အနည်းငယ် ရယ်စရာကောင်းသည်ဟု ခံစားလိုက်ရသည်။ "မင်း ရွှေရောင်ဟေးအကြောင်း ပြောနေတာလား"

"သူ့ကို ရွှေရောင်ဟေးလို့ခေါ်တာလား။ တကယ်ကောင်းတဲ့နာမည်ပဲ" လဲ့ထျန်းနန်၏မျက်လုံးများ အနည်းငယ် တောက်ပလာသည်။

"အင်း ဟုတ်တယ်" ကျန်းဟန်က ခေါင်းညိတ်ကာ ပြောလိုက်သည်။ သူ၏စကားကို ကြားပြီးနောက် လဲ့ထျန်းနန်ဝမ်းသာသွားသည်။

သို့သော် နောက်ထပ် သူပြောလိုက်၏။ "တာပေါ်းမိတ်လိုက်ပြီးရင် သူ့ရဲ့ကလေးတွေထဲက မင်းကို တစ်ကောင်ပေးမယ်"

-အခန်း(၃၆၄-က)ပြီး

wunzinnosp

## အခန်း(၃၆၄-ခ) ကာကွယ်သူကျန်း(၂)

လဲ့ထျန်းနန်မှာ သူ၏စကားကိုကြားပြီးနောက် အနည်းငယ် တောင့်တင်းသွားသည်။ "အဟမ်း... မင်းရဲ့ရှောင်ပေါ်းအတွက် ငါစုဆောင်းထားတဲ့ ကောင်းကင်ရတနာတွေ တစ်ဝက်နဲ့လဲမယ်ဆိုရင်ရော"

လဲ့ထျန်းနန်သည် သူ့အား အပျင်းပြေစေသည့်စိတ်ဝိညာဉ်သားရဲတစ်ကောင် လိုချင်ရုံသာမက ၎င်းအား ကောင်းစွာ ပျိုးထောင်ပေးလိုက်ပါက သူ၏တိုက်ခိုက်ရေးစွမ်းအားကိုလည်း မြှင့်တင်ပေးနိုင်သည်။ ထို့ပြင် ၎င်းသည် သူ၏သခင်ကို အသိအမှတ်ပြုပြီးသည်နှင့် သခင်အား ဘယ်သောအခါမှ သစ္စာမဖောက်တော့ချေ။ လဲ့ထျန်းနန်သည် ဟိုးယခင်ကတည်းက တစ်ကောင်မွေးချင်ခဲ့သော်လည်း သူအပြင်ထွက်လျှင် တွေ့လေ့ရှိသည့် ကျားများ၊ ယုန်များ၊ ကြောင်များကို သဘောမကျချေ။ သူသည် ခွေး သို့မဟုတ် ဝက်ဝံမျိုးအား အမှန်တကယ်လိုချင်ခဲ့သည်။ ထို့ကြောင့် ရှောင်ဟောအား သူ စိတ်စွဲလန်းမိနေသည်။

သို့သော် သူပြောခဲ့သည့်အထဲတွင် လှည့်စားမှုတစ်ခုပါဝင်လေသည်။ သူစုဆောင်းထားသည့် ကောင်းကင်ရတနာများ၏တစ်ဝက်ဆိုသည်မှာ ကျန်းဟန်အား အထင်ကြီးသွားစေရန်သာ။

တကယ်တမ်းတွင် သူ့၌ အလွန်များပြားသည့် ကောင်းကင်ရတနာများ မပိုင်ဆိုင်ချေ။

သူအလွန်ပါးနပ်ပါသော်လည်း ကျန်းဟန်က သူ့အား စိတ်မဝင်စားချေ။

"မရဘူး” ကျန်းဟန်က တန်း၍ငြင်းလိုက်သည်။

လဲ့ထျန်းနန်၏နှုတ်ခမ်းများ လှုပ်ရှားသွား၏။

"ဟမ့်” သူ နှာခေါင်းရှုံ့လိုက်ပြီး အသက်ပြင်းပြင်းရှူကာ "အေးပါ မင်းမိန်းမနဲ့ပြန်သွားအိပ်တော့။ ငါအခု ပြန်တော့မယ်”

ထိုနောက် ကားဆီသို့ တန်းတန်းမတ်မတ်လျှောက်သွားတော့သည်။ ကျန်းဟန်ထွက်သွားပြီးနောက် လဲ့ထျန်းနန်က ကားကို အရှိန်ပြင်းပြင်းဖြင့် မောင်းထွက်သွားသည်။

လဲ့ထျန်းနန်သည် ကားနောက်ကြည့်မှန်မှတဆင့် ကျန်းဟန်အား လှမ်းကြည့်လိုက်ပြီး ရယ်မောကာ ခေါင်းကို ဖြည်းညှင်းစွာ ခါယမ်းလိုက်၏။

ကျန်းဟန်၏မျက်လုံးများက ကားနောက်သို့ လိုက်ပါသွားသော်လည်း ခဏလောက်စဉ်းစားပြီးနောက် သူ စားသောက်ဆိုင်သို့ ပြန်လာခဲ့သည်။

သူ၏ခွန်အားကို မြှင့်တင်ပြီးမှသာ အတိတ်ကကိစ္စများ၏သဲလွန်စကို ရှာဖွေနိုင်မည်ဖြစ်သည်။

သူ ငွေတံဆိပ်အား ကိုင်ကာ တစ်ချက်ကြည့်လိုက်၏။

တံဆိပ်မှာ ဘဲဥပုံဖြစ်ပြီး သေးငယ်သော်လည်း နူးညံ့၏။ ဘယ်နှင့်ညာ အစွန်းများတွင် ခရုပတ်လှည့်နေသည့် နဂါးရုပ်ကို အသီးသီး ထွင်းထုထားပြီး နောက်ဆုံးတွင် နဂါးနှစ်ကောင်က ဘောလုံးတစ်လုံးနှင့် ဆော့ကစားနေသည့်ပုံကို ပြသထားသည်။ ထို့ပြင် အလယ်တွင်လည်း ရိုးရှင်းသည့် စကားလုံးများပါရှိသည်။

အပေါ်ဘက်တွင် "အမျိုးသားလုံခြုံရေးကောင်စီ” ဖြစ်ပြီး အလယ်တွင် "ဟောင်ကောင်ဌာနခွဲ” ဖြစ်ကာ အောက်တွင် "ကာကွယ်သူကျန်းဟန်ယန်"ဟူသည့် စကားလုံးများဖြစ်သည်။

ကျန်းဟန် ရယ်မောလိုက်ပြီး တံဆိပ်အား အိတ်ကပ်ထဲသို့ ထည့်လိုက်သည်။

သူ၏နာမည်အား သိုင်းလောကမှလူများအားလုံး သိရှိသွားစေရန် အချိန်အကြာကြီးမယူရနိုင်သည့်အတွက် ဤတံဆိပ်မှာ အခြေခံအားဖြင့် အသုံးမဝင်ချေ။ ဤတံဆိပ်၏အခန်းကဏ္ဍမှာ ရံဖန်ရံခါ သူ့အား စော်ကားရန်စလိုသည့်လူများအား အဟန့်အတားဖြစ်စေရန်သာ။ ထိုတံဆိပ်အားမြင်လျှင် သူတို့ ကြောက်လန့်သွားကြမည်ဖြစ်ပြီး အကယ်၍ သူတို့သာ သူ့အား စော်ကားရဲလျှင်တော့ သူတို့ ဦးနှောက်မရှိဟု၍ ပြောနိုင်ပေသည်။

အမျိုးသားလုံခြုံရေးအေဂျင်စီ၏ကာကွယ်သူအဖြစ် တာဝန်ထမ်းဆောင်ရမည်ဟုလည်း သူမမျှော်လင့်ချေ။

ဒုတိယထပ်သို့ ပြန်သွားပြီးနောက် ကျန်းဟန်သည် ထမင်းစားစားပွဲရှေ့ရှိ ပြတင်းပေါက်အား အရင်ဆုံး ကြည့်လိုက်သည်။

ကန့်လန့်ကာများသာ အနည်းငယ် လွင့်မျောနေသော်လည်း မိန်းမလှလေးသည်တော့ ထိုနေရာတွင် မရှိတော့ချေ။

ကျန်းဟန် ပြုံးကာ အိပ်ခန်းဆီ လျှောက်သွားာလိုက်ပြီးနောက် တံခါးဖွင့်ကာ ဝင်လိုက်ပြီး ဖြည်းညှင်းစွာ ပြန်ပိတ်လိုက်သည်။

ထိုအချိန်တွင် ညာဘက်စားပွဲပေါ်ရှိ မီးလုံးက တစ်ခန်းလုံးအား ခပ်မှိန်မှိန် အလင်းပေးနေသည်။ မင်းသမီးလေးမှာ စောင်သေးသေးလေးအား ကန်ထုတ်ထားပြီး သူမ၏ခြေထောက်တိုတိုလေးများကို ဆန့်ကာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေ၏။

မင်းသမီးကြီးသည်တော့ အိပ်ပျော်နေသည့်မိန်းမလှလေးပုံပြင်ထဲမှ မင်းသမီးပမာ လဲလျောင်းနေသည်။

သို့သော် ကျန်းဟန်သည်တော့ သူမ အိပ်ပျော်မနေကြောင်း သိလေ၏။

ဆေးအာနိသင် ပျောက်ကွယ်သွားခဲ့ပြီးနောက် ခဏာ လောက်ဦးလာကာ ပုံမှန်အတိုင်းပြန်၍ အိပ်ချင်လာပေ လိမ့်မည်။

ကျန်းဟန်သည် သူ၏အဝတ်အစားများကို အရင်ဆုံးချွတ် လိုက်ပြီးနောက် ကုတင်လေးဆီလျှောက်သွားကာ မုန့်မုန့်အား စောင်ခြုံပေးလိုက်သည်။ ထိုနောက် ကုတင်ပေါ်တက်၍ လှဲ ကာ ခေါင်းကို ညာလက်ဖြင့် ထောက်လျက် ဇီယန်အား ငါး စက္ကန့်ခန့် တိတ်ဆိတ်စွာ ကြည့်နေသည်။

"ဟေးမိန်းမလှလေး အိပ်ပျော်နေပြီလား"

ကျန်းဟန်က ဇီယန်၏အနားကပ်၍ တိုးတိုးလေး ပြောသည်။

ဇီယန် ပြန်မဖြေ။

"အိပ်ပျော်သွားပြီပေါ့။ အရမ်းကောင်းတယ်။ ငါလုပ်ချင် တာ လုပ်လို့ရပြီ"

ကျန်းဟန်က တိုးတိုးလေးပြောလိုက်ပြီး သူ၏ခေါင်းက ဇီယန်နှင့် ပို၍နီးကပ်လာကာ နှုတ်ခမ်းလေးများအား နမ်းလိုက်၏။

ထိုအချိန်တွင် ဇီယန်၏မျက်လုံးများက ပွင့်လာပြီး ကျန်းဟန် သူအား နမ်းမည်ဆိုပါက တွန်းထုတ်ရန် ကြံစည်ထားပုံပေါ်သည်။

သူမ မျက်လုံးဝိုင်းဝိုင်းများကို ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း လုံးဝ နိုးလာခဲ့သည်။

"ရှင်ဘာလုပ်တာလဲ။ ခုနက အောက်ထပ်ကလူက ဘယ်သူလဲ" ဇီယန်က နှုတ်ခမ်းလေးစူကာ မေးသည်။

"သူက အစိုးရဌာနကလူတစ်ယောက်ပါ" ကျန်းဟန်က ပြန်ဖြေသည်။

"သူ ရှင့်ဆီ ဘာလာလုပ်တာလဲ"

"သူငါ့ကို အလုပ်တစ်ခု လာကမ်းလှမ်းတာ"

"ရှင့်ကို အလုပ်လာကမ်းလှမ်းတာလား" ဇီယန်၏မျက်လုံးများတွင် စိတ်ရှုပ်ထွေးမှုများဖြင့် ပြည့်နေသည်။

သူက ဘယ်လိုလုပ် အလုပ်တစ်ခုရလာတာလဲ...

"ဟုတ်တယ်။ အထောက်အထားအရပြောရမယ်ဆိုရင် ကိုယ်က အခု အရာရှိကြီးဖြစ်နေပြီ" ကျန်းဟန်က ခဏလောက်စဉ်းစားပြီးနောက် ပြောသည်။

ဇီယန်က ရယ်မောလိုက်ပြီး "ရှင်က တကယ်ကို အရာရှိကြီးဖြစ်နိုင်ပါတယ်။ ရှင့်မှာ မုန့်မုန့်ကို အမြဲတမ်းမျက်လုံးဒေါက်ထောက်ကြည့်နေမှတော့ တခြားဟာတွေလုပ်ဖို့ အချိန်ရှိသေးလို့လား"

"ဟုတ်ပါတယ်။ အဲဒါက ခေါင်းစဉ်တစ်ခုပါပဲ" ကျန်းဟန်က ပြုံးကာ ပြန်ဖြေသည်။

"ဟမ့်။ အိုး ဟုတ်သားပဲ..." ဇီယန်၏မျက်နှာက ရုတ်ချည်းပြောင်းလဲသွားပြီး သူမ အနည်းငယ် စိုးရိမ်စွာဖြင့် ပြောလိုက်

သည်။ "တခြားသူတွေက ရှင့်ကို မာစတာကျန်းလို့ခေါ်သေးလား"

"အင်း... ခေါ်တယ်"

"တစ်ယောက်ယောက်က ရှင့်ကို ရန်စချင်နေတယ်။ သူတို့က အရမ်းရက်စက်တာပဲ..."

"ကိစ္စမရှိပါဘူး။ ကိုယ်သိတယ်။ သူတို့ ကိုယ်တို့ရှေ့မှာနောက်ထပ် ပေါ်လာမှာမဟုတ်တော့ဘူး" ကျန်းဟန်က ပြန်ဖြေသည်။

"တကယ်လား"

"အင်း။ ခုနလူက ကိုယ့်ကို အခုပဲပြောသွားတာ" ကျန်းဟန်က အပြုသဘောဆောင်သည့် အဖြေတစ်ခုကို ပေးလိုက်သည်။

"ဟူး...တော်သေးတာပေါ့။ အဲဒီအချိန်တုန်းက ကျွန်မအရမ်းစိုးရိမ်ပြီး ရှင့်ကို ပြောပြချင်ခဲ့တာ။ ဒါပေမယ့် ကျွန်မ မူး

သွားတယ်။ ရှင် ကျွန်မကို ကယ်ပေးခဲ့တယ်လို့ ခုနက ဖေးဖေး ဆီက ကြားတယ်။ ရှင်သာမရှိရင် ဘာတွေဖြစ်သွားမလဲ ကျွန်မ မတွေးရဲတော့ဘူး”

"အဲ့လိုမျိုး ဖြစ်မှာမဟုတ်ဘူး” ကျန်းဟန်က လက်ကိုဆန့် ကာ ဇီယန်၏ပါးပြင်လေးအား ပွတ်လိုက်ပြီး တိုးတိုးလေးပြော လိုက်သည်။ သူ၏အသံက တိုးလျနေသော်လည်း လေသံမှာ ကတိပြုနေသည့်ပမာ ခိုင်မာမှုအပြည့်ပင်။ "မင်းရယ် မုန့်မုန့် ရယ် ကိုယ်တို့မိသားစုကို ကိုယ် ထာဝရ ကာကွယ်ပေးမှာ”

ဘုန်း...

ဇီယန်၏နှလုံးသားမှာ တုန်ခါသွားပြီး သူမ၏အကြည့်များ က ပို၍ နူးညံ့ပျော့ပြောင်းလာသည်။ "ရှင် ကျွန်မကို အမြဲတမ်း ချစ်သွားမှာလား”

"ဒါပေါ့”

"ရှင်နဲ့တွေ့ဆုံရတာ ကျွန်မ အရမ်းပျော်တယ်”

"ကိုယ်…"

"ကျွန်မကို နမ်း"

ထိုနောက် ကျန်းဟန်သည် သူ၏ခန္ဓာကိုယ်အား ဇီယန်၏ကိုယ်ပေါ်သို့ တိုက်ရိုက်ဖိအုပ်လိုက်ကာ သူမအား ပြင်းပြင်းစွာ နမ်းရှိုက်လိုက်သည်။

အချိန်အတော်ကြာပြီးနောက်…

ထိုအချိန်တွင် သူတို့နှစ်ဦးလုံး၏ အချိန်သဘောတရားများမှာ ဆုံးရှုံးသွားခဲ့ပြီး တောက်လောက်နေသည့် မီးတောက်နှ၍် ထင်းခြောက်ပမာ ခံစားလိုက်ရသည်။

တဖြည်းဖြည်းနှင့် ဇီယန်၏ညအိပ်ဝတ်စုံမှာ ကုတင်းဘေးရှိ ကော်ဇောပေါ်သို့ တစ်ခုပြီးတစ်ခု ပြုတ်ကျလာပြီး ကျန်းဟန်၏ တစ်ထည်တည်းသော အတွင်းခံဘောင်းဘီမှာလည်း မရှိတော့ချေ။

နှစ်ယောက်စလုံး အဝတ်မပါ ကိုယ်လုံးတီးနှင့်။

ထိုအချိန်တွင် ဇီယန်၏မျက်နှာမှာ ပန်းသီးမှည့်တစ်လုံး ပမာ ရဲရဲနီနေ၏။

သူမ အသက်ရှူမြန်လာပြီး အလွန်လှပသည့် မျက်လုံးဝိုင်းဝိုင်းများက အဆက်မပြတ် မျက်တောင်ခတ်နေသည်။ သူမ၏မျက်တောင်များမှာ တုန်ခါနေပြီး ရေမှုန်မြူခိုးအလွှာတစ်ခုက သူမ၏မျက်လုံးများအား ဖုံးအုပ်ထားသလိုပင်။ သူမသည် လိင်စိတ်ဆန္ဒ၏လွှမ်းမိုးမှုကို ခံနေရပြီဖြစ်သည်။

ကျန်းဟန်၏အသက်ရှူသံများလည်း မြန်ဆန်လာပြီး သူ၏နှလုံးသားထဲမှ ရာဂဆန္ဒက ဆူပွက်လာခဲ့သည်။ သူသည် နွားရိုင်းတစ်ကောင်ပမာဖြစ်လာခဲ့သည်။

သူတို့ အချိန်အတော်ကြာ အိပ်ယာထဲတွင် လူးလွန့်လှုပ်ရှားနေပြီးနောက် သူတို့၏စိတ်ခံစားချက်များက အထွတ်အထိပ်သို့ ရောက်ရှိလာသည်။

နောက်ဆုံးအဆင့်ထိ ဖြစ်ပျက်ခါနီးတွင် ဇီယန်က ရှက်ကိုးရှက်ကန်းဖြင့် ပြောလိုက်သည်။ "ဒုတိယအိပ်ခန်းကို သွားကြရအောင်"

"ဝှစ်"

ကျန်းဟန် ကုတင်ပေါ်မှ ချက်ချင်းဆင်းကာ ဇီယန်အား ပွေ့ချီလိုက်သည်။

ထိုအချိန်တွင် သူ၏မျက်လုံးထဲရော စိတ်ထဲတွင်ပါ ဇီယန် တစ်ယောက်တည်းသာရှိတော့ပြီး ဒုတိယအိပ်ခန်းထဲ၌ ကျိုးဖေး အိပ်နေသည်ကို လုံးလုံးမေ့သွားခဲ့သည်။

ထိုနောက်… ကျန်းဟန် တံခါးကို ဖွင့်ကာ ထွက်လာပြီး ဇီယန်အား ပွေ့ချီရင်း ဒုတိယအိပ်ခန်းထဲ ဝင်လာခဲ့သည်။

ထိုနောက် မီးခလုတ်အား ဖွင့်လိုက်၏။

ကလစ်…

"ဟမ်... ဘာလို့ မီးဖွင့်လိုက်တာလဲ။ စိတ်ရှုပ်လိုက်တာ" ကျိုးဖေးက မကျေမနပ်ဖြင့် ရေရွတ်လိုက်သည်။

"ဝှစ်"

ကျန်းဟန်နှင့် ဇီယန်မှာ ထိုအခိုက်တွင် လုံးဝ အေးခဲသွားတော့သည်။

"အား..."

ဇီယန်က အော်ဟစ်လိုက်ပြီး ကျန်းဟန်၏နောက်ကျော အား အမြန်ပုတ်လိုက်၏။

ကျန်းဟန် အမြန်ပြန်ထွက်လာပြီး တံခါးကို ဒုန်းခနဲ ပိတ်လိုက်သည်။

ကျိုးဖေး၏စိတ်ရှုပ်ထွေးနေသည့်အသံကို အိပ်ခန်းထဲမှ ကြားလိုက်ရသည်။

"အစ်မယန် ဘာဖြစ်တာလဲ"

"ဘာ...ဘာမှ မဖြစ်ဘူး"

ဇီယန်က ပြန်ဖြေလိုက်ပြီး ကျန်းဟန်အား အမြန်ပြောသည်။ "မြန်မြန်ပြန်ဝင်လေ"

နှစ်ယောက်သား အိပ်ခန်းထဲ ပြန်ဝင်လာကြ၏။

"ကိုယ်တို့ အောက်ထပ် ဆိုဖာဆီသွားရင်ရော" ကျန်းဟန်က ကို့ရို့ကားယားပြောသည်။

"မရဘူး။ တစ်ယောက်ယောက်တွေ့သွားရင် အရှမ်းရှက်ဖို့ကောင်းတယ်" ဇီယန်က သွားကြားထဲမှ အောက်နှုတ်ခမ်းအား ဆွဲထုတ်လိုက်ပြီး သူမ၏ညဝတ်အင်္ကျီများကို အမြန်ဝတ်လိုက်သည်။

"အာ..."

ကျန်းဟန်က အလွန်နာကျင်သွားသည့်အမူအရာဖြင့် နဖူးအား လက်ဖြင့်ပုတ်လိုက်သည်။

"ငါ ကျိုးဖေးကို ပြန်လွှတ်လိုက်သင့်တယ်"

ကျန်းဟန်၏အမူအရာကိုမြင်တော့ ဇီယန် တခစ်ခစ်ရယ်ကာ သူ၏ရင်ခွင်ထဲ တိုးဝင်လိုက်သည်။

ရက်စရာကောင်းသည့် အငွေ့အသက်များ လုံးဝပျောက်ကွယ်သွားကာ ခဏလောက် တီးတိုးပြောနေကြပြီးနောက် နှစ်ယောက်သား အိပ်ပျော်သွားကြသည်။

သူတို့ ကောင်းကောင်းအိပ်မောကျနေသော်လည်း ယနေ့ညတွင် လူတော်တော်များများ အိပ်မပျော်နိုင်ကြချေ။ လုံရှန်းစားသောက်ဆိုင်နှင့် ပတ်သက်သည့်ကိစ္စ၏သက်ရောက်မှုသည် ယခုမှ စတင်ခဲ့သည်။

ညမှာ ဘာမှဖြစ်ပျက်ခြင်းမရှိဘဲ ကုန်လွန်သွားသည်.

နောက်တစ်နေ့မနက် ၈ နာရီခွဲတွင် ဇီယန်နှင့် ကျိုးဖေးတို့ အိပ်ရာထလာကြသည်။

အိပ်ရာထပြီးနောက် ကျိုးဖေးက ဇီယန်အား ဘာကြောင့်သူမ၏အိပ်ခန်းထဲလာသည်ကို မေး၏။

ရလဒ်အနေဖြင့် ဇီယန်မှာ ဘာမှပြန်မပြောဘဲ မျက်နှာနီရဲသွားခဲ့သည်။

ရေချိုးပြီးနောက်တွင် အားလုံး ဒုတိယထပ်၌ မနက်စာစားကြသည်။

မနက်စာစားနေစဉ် ဇီယန်က ကျိုးဖေးအား ကြည့်ကာ "ဖေးဖေး ပြီးရင် အန်တီထန်ကို ဖုန်းဆက်ပြီး ငါ ကျန်းဟန်၊ မုန့်မုန့်တို့နဲ့ သူတို့ဆီ လာလည်မယ်လို့ ပြောလိုက်"

"အင်း ကောင်းပြီ။ နင်နဲ့လိုက်လာမယ့်သူက ဘယ်သူဆိုတာ ငါမပြောတော့ဘူး။ မုန့်မုန့်နဲ့ ခဲအိုကိုတွေ့ရင် သူတို့ရဲ့ အမူအရာတွေကို ငါတို့ကြည့်လို့ရပြီ ဟားဟား..."

ကျိုးဖေး ရယ်မောလိုက်သည်။

အစ်မယန်၏ကလေးက လျင်မြန်စွာ ကြီးလာသည်ကို တွေ့လိုက်ရပါက... ထိုပုံရိပ်မှာ အလွန်ရယ်စရာကောင်းလိမ့်မည်ဟု သူမ တွေးမိသည်။

-အခန်း(၃၆၄-ခ)ပြီး

wunzinnosp

## အခန်း(၃၆၅) အလည်တစ်ခေါက်

"အမ်"

မုန့်မုန့်မှာ ထိုစကားများကို ကြားပြီးနောက် ခဏရပ်တန့်သွားပြီး ဖွန်းအား ချလိုက်သည်။ ဇီယန်နှင့် ကျိုးဖေးအား မျက်လုံးဝိုင်းများဖြင့် ကြည့်ကာ တိုးတိုးလေးပြောသည်။

"သမီးတို့ ပြီးရင် ဘယ်သွားကစားကြမှာလဲ။ ဖေဖေ မနေ့ကပြောတာ မုန့်မုန့်အတွက် ရေခဲမုန့်နဲ့ သရေစာတွေ ဝယ်ပေးမယ်တဲ့"

"ပြီးရင် မေမေတို့...." ဇီယန်က စဉ်းစားကာ ပြုံး၍ ဆက်ပြောလိုက်သည်။ "... သမီးအဖွားအိမ်သွားလည်ကြမယ်"

"အမ်။ အဖွားက ဘယ်သူလဲ” မုန့်မုန့်က သံသယဖြင့် မေးသည်။

"ဖွားဖွားက မေမေ့ရဲ့ အဒေါ်လေ” ဇီယန်က ဖြေသည်။

၎င်းမှာ ဆွေမျိုးများကြားတွင် သုံးလေ့ရှိသည့် နာမည်တစ်ခုဖြစ်သည်။ ထန်ကျားယီနှင့် ဇီယန်မှာ အလွန်ရင်းနှီးသည့်အတွက် သူမအား ထိုသို့ ခေါ်လေသည်။

ထို့ပြင် ယနေ့ခေတ်တွင် မည်သူက ကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ တစ်ယောက်နှင့်တစ်ယောက် ပို၍ပေါ့ပေါ့ပါးပါး ခေါ်ဝေါ်ကြလေသည်။ သေချာပေါက် မိသားစုဝင်များနှင့် ဆက်စပ်၍ ရည်ညွှန်းခြင်းတော့ မဟုတ်ချေ။

"သိပြီ သိပြီ။ အဖွားပေါ့” မုန့်မုန့်က ရေရွတ်လိုက်ပြီး မနက်စာ ဆက်စား၏။

စားသောက်ပြီးနောက် ကျိုးဖေးက သူမ၏ ညှော်သည် အိပ်ခန်းသို့ ပြန်သွားပြီး သူမ၏အိတ်အား ထုပ်ပိုးလိုက်သည်။

တစ်ချိန်တည်းမှာပင် သူမ ထန်ကျားယီအား ဖုန်းဆက်ကာ လာလည်မည့်အကြောင်း ပြောခဲ့သည်။ ထန်ကျားယီက သူမ အား မျှော်နေမည်ဟု ပြောသော်လည်း သူမ၏အသံတွင် ပင်ပန်းနွမ်းလျမှုနှင့် ဝမ်းနည်းမှုအား ခံစားလိုက်ရသည်။

ထုပ်ပိုးပြီးနောက်တွင် ကျိုးဖေးထွက်လာပြီး ပြောလိုက်သည်။ "အစ်မယန် အန်တီထန်ကြည့်ရတာ စိတ်အခြေနေကောင်းပုံမရဘူး"

"အမ်" ဇီယန် အံ့အားသင့်သွားပြီး "ဒါဆို သူမ ဘာပြောလဲ"

"ဘာမှတော့မပြောပါဘူး။ ငါတို့လာမယ်ဆို မျှော်နေမယ်တဲ့" ကျိုးဖေးက ခေါင်းယမ်းလိုက်သည်။

"အင်း... ငါတို့ အဲဒီရောက်ရင် သိမှာပါ"

ဇီယန် နောက်ဆိုး နို့ခွက်တစ်ဝက်အား သောက်လိုက်ပြီး နောက် မုန့်မုန့်အား အဝတ်အစားလဲပေးရန် ပွေ့ချီ၍ အိပ်ခန်း ထဲသို့ ပြန်လာခဲ့သည်။

ကျန်းဟန်က စားပွဲအား ရှင်းလိုက်ပြီး သူတို့သုံးသည့် ပန်းကန်ခွက်ယောက်များကို အောက်ထပ်သို့ ယူသွား၏။ ထို နောက် ဆေးကြောကာ သိမ်းဆည်းလိုက်သည်။

စားသောက်ဆိုင်တွင် လူအနည်းငယ်ရှိနေပြီး စွန်းဒုန်ဟမ် သည် ကျောက်ဖုန်း၏ဘေးတွင် ထိုင်နေ၏။ သူသည် လိုက်ဖ်စ ထွင်းလွှင့်ကာ ပရိသတ်နှင့် အပြန်အလှန်ပြောဆိုနေရင်း ကြက်ဥထမင်းကြော်အား စားနေသေသည်။

စခရင်တွင်ကြည့်ရသလောက် ကြက်ဥထမင်းကြော်မှာ သာမန်မျှသာဖြစ်ပြီး အလွန်အမင်းအရသာရှိသည်ဟု လူများက မယုံကြချေ။

ကျန်းဟန်သည် အောက်ထပ်တွင် သူ၏အလုပ်ပြီးသည့် အခါ ဒုတိယထပ်သို့ ပြန်သွားပြီး မိနစ်အနည်းငယ်ကြာ ထိုင်နေ

လိုက်သည်။ ထိုနောက် ဇီယန် ပြန်ထွက်လာပြီး မုန့်မုန့်၏လက်ကလေးကို ဆုပ်ကိုင်ထားသည်။

သားအမိနှစ်ယောက်မှာ မိသားစုဆင်တူဝတ်စုံအား ဝတ်ဆင်ထား၏။

ရှေ့ဘက်တွင် ကာကွန်းကြောင်ပုံစံပါရှိသည့် အနက်ရောင်လက်ပြတ်အင်္ကျီနှင့် အပြာနုရောင် ဂျင်းဘောင်းဘီတိုကို တွဲဖက်ဝတ်ဆင်ထားသည်။ ဇီယန်၏ဘောင်းဘီတိုမှာ ဒူးအထက်ရှိပြီး သူမ၏ ဖြူဖွေးသွယ်လျသည့် မျက်စိဖမ်းစားနိုင်သော ခြေတံရှည်များကို ပြသထားသည်။ မုန့်မုန့်၏ဘောင်းဘီတိုက သူမလေး၏ပေါင်များကို ဖုံးအုပ်ထား၏။ နှစ်ယောက်လုံး အဖြူရောင် စနီကာများကို စီးထားပြီး သူတို့၏အသွင်မှာ ပေါ့ပေါ့ပါးပါးနှင့် စွဲဆောင်မှုရှိသည်။

မုန့်မုန့်အား ချစ်စရာကောင်းပြီး ဖက်ရှင်ကျကာ ဇီယန်အား လုပ၍ ဆက်စီကျသည်ဟု ထင်ကောင်းထင်နိုင်သည်။

"ရှင်လည်း အကျီလဲရမယ်" ဇီယန်က ကျန်းဟန်အား ကြည့်လိုက်ပြီး လက်ကို ဝှေ့ယမ်းကာ ပြောသည်။ "အဝတ်အစားတွေက ရှင့်ဗီရိုရဲ့ ညာဘက်တံခါးမှာ ချိတ်ထားတယ်"

"ဖေဖေ အခုသွားလဲတော့။ သမီးတို့ ဖေဖေ့ကို လိုအပ်တယ်" မုန့်မုန့်က သူမ၏လက်ကလေးကို ဝှေ့ယမ်းကာ တိုက်တွန်းသည်။

"အင်းပါ" ကျန်းဟန်က ပြုံးကာ ထရပ်ပြီး အိပ်ခန်းဆီ လျှောက်သွားလိုက်သည်။

ဗီရိုအား ဖွင့်လိုက်ရာ ကျန်းဟန် ပြုံးသွားပြန်သည်။

ဇီယန်သည် လွန်ခဲ့သည့်ရက်အနည်းငယ်ကမှ ပြောင်းလာခဲ့ပြီး ယခု သူ၏အဝတ်ဗီရိုက ပြည့်နေခဲ့သည်။

ဤစားသောက်ဆိုင်ငယ်လေးသည် နေထိုင်ရန်အတွက် သိပ်ပြီး သင့်တော်ပုံမရချေ။ ယွမ်ရင်ဥယျာဉ်ရှိ ဇီယန်၏အိမ်တွင် အဝတ်အစားများအတွက် သီးသန့်အခန်းတစ်ခန်းရှိသည်။

"ယန်မိုးကြိုးသစ်ပင် ဒုတိယအကြိမ် အသွင်ပြောင်းလဲမှုက နှစ်နှစ်လောက် ကြာဦးမှာ။ အချိန်မတိုင်မီ သူ့ကို လုံလောက်တဲ့ စွမ်းအင် စုပ်ယူနိုင်စေမည့် နည်းလမ်းတွေရှာမှဖြစ်မယ်"

ကျန်းဟန်က စဉ်းစားနေရင်းဖြင့် သူ၏အဝတ်စားများနှင့် ဖိနပ်အား ရှာလိုက်သည်။

အနက်ရောင် လက်တိုအင်္ကျီ၊ ဒူးအထိရှိသည့် အပြာနုရောင် ဂျင်းဘောင်းဘီနှင့် အဖြူရောင် စနီကာ။

ကျန်းဟန်သည် အရပ် ၁.၈ မီတာရှိပြီး ကိုယ်အလေးချိန် ၇၅ ကီလိုဂရမ်ခန့်ရှိသည်။ အချိုးအစားကျသည့် ခန္ဓာကိုယ်၊ ပါးရိုးချွန်ချွန်က ဆံပင်တိုတိုညှပ်ထားသော်လည်း ချောမောနေခဲ့သည်။

သူ အိပ်ခန်းထဲမှ ထွက်လာသည့်အချိန်တွင် ဇီယန်က မုန့်မုန့်အား ပန်းရောင်ဦးထုပ်ဆောင်းပေးထားသည်။ သူမလည်း ဦးထုပ်တစ်လုံး ဆောင်းထားပြီး သူမ၏ဆံနွယ်ရှည်များက ရေတံခွန်ပမာ အဆုံးတွင် ကောက်သွားသည်။

"သွားကြမယ်။ ဖွားဖွားဆီ သွားလည်ကြမယ်" မုန့်မုန့်မှာ တက်ကြွနေသည်။

"သွားကြမယ်"

ကျန်းဟန်က လျှောက်သွားလိုက်ပြီး မုန့်မုန့်အား သူ၏ရင်ခွင်ထဲ ချီလိုက်သည်။

မိသားစုသုံးယောက် အောက်ထပ်သို့ ဆင်းလာပြီး ကျိုးဖေးက အနောက်မှ လိုက်လာသည်။

ပထမထပ်တွင်...

စွန်းဒုန်ဟာမ်က ထမင်းကြော်စားနေဆဲဖြစ်သည်။ ကျန်းဟန်ဆင်းလာသည်ကို ရုတ်တရက် မြင်လိုက်ရသည့်အခါ သူ နင်သွား၏။

"အဟွတ်..." စွန်းဒုန်ဟာမ် ပါးစပ်ထဲမှ ထမင်းအား အမြန်မျိုချလိုက်ပြီး "အရမ်းချောတဲ့ ဘော့စ်ရယ်၊ သူ့ဇနီးရယ်နဲ့ သူတို့ရဲ့ ချစ်စရာသမီးလေး မုန့်မုန့်ကို တစ်ချက်ကြည့်ပါဦး"

ပြောနေရင်းဖြင့် သူသည် ကင်မရာအား လှျောက်ထွက်လာသည့် ကျန်းဟန်တို့ဘက်သို့ ချိန်လိုက်သည်။

ထိုနောက် နှစ်စက္ကန့်အတွင်း ကင်မရာကို ပြန်လှည့်ကာ ကျန်းဟန်အား မေးလိုက်သည်။ "ဘော့စ် အပြင်သွားမလို့လား"

"အင်း" ကျန်းဟန်က ခေါင်းညိတ်သည်။

ကင်မရာကို ပြန်လှည့်လိုက်။ ငါတို့ မင်းကို မကြည့်ချင်ဘူး...

သူတို့ အပြင်ထွက်သွားသည်ကို မြင်တော့ ကျောက်ဖုန်းလည်း စားသောက်ဆိုင်တွင် ထိုင်နေရန် ဆုံးဖြတ်လိုက်သည်။

ကျန်းဟန်နှင့် အခြားသူများ စားသောက်ဆိုင်ထဲမှ ထွက်လာပြီး ပန်ဒါကားပေါ်သို့ တန်း၍ တက်ခဲ့ကြသည်။

ကျိုးဖေးက ခရီးသည်ခုံတွင် ထိုင်ပြီး ဇီယန်နှင့် မုန့်မုန့်က နောက်ခုံတွင် ထိုင်သည်။ ကားစက်နှိုးပြီးနောက် လဆန်းပင်လယ်ကွေ့မှ မောင်းနှင်သွားခဲ့သည်။

ထိုအချိန်အတောအတွင်း၌...

လဆန်းပင်လယ်ကွေ့ရှိ အမှတ် ၃ စံအိမ်နှင့် မနီးမဝေးတွင်...

အညိုရောင် ဘန်တလေ Bentley တစ်စီးနှင့် အနက်ရောင် Audi A8L တစ်စီးတို့ မောင်းနှင်လျက်ရှိသည်။

ရှေ့ဆုံးမှ Bentley ကားထဲတွင် ဝမ်ကျားဝမ်က ကားမောင်းနေပြီး စုယွီက ခရီးသည်ခုံတွင် ထိုင်နေ၏။ ဝမ်ကျားဝမ်၊

စုယွီတို့နှင့် အသက်အရွယ်တူသည့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးက နောက်ခုံတွင် ထိုင်နေကြသည်။

ထိုလူသည် မျက်မှန်တပ်ထားပြီး အနည်းငယ် တည်တံ့သည်။ သို့သော် အမျိုးသမီးမှာတော့ ကြော့မော့သည့်ပုံ ရှိပြီး သပ်ရပ်စွာ ဝတ်ဆင်ထားသည်။ သူမ၏မျက်လုံးနှင့် မျက်နှာပေါက်က ဝမ်ကျားဝမ်နှင့် ဆင်တူ၏။ သူမသည် ဝမ် ကျားဝမ်၏ညီမ ဝမ်ကျားရွှမ် ဖြစ်ပြီး သူမ၏ဘေးရှိလူမှာ သူမ၏ယောက်ျား ဂူယန်ဖြစ်သည်။

ဝမ်ကျားရွှမ်၏ပုံစံမှာ စိုးရိမ်နေသည့်ပုံဖြစ်ပြီး မျက်ခုံးနှစ်ခု မှာဆက်နေပြီး အနည်းငယ် မျက်မှောင်ကြုတ်ထား၏။

ဂူယန်မှာ အမှားလုပ်ထားမိသကဲ့သို့ သူမ၏ဘေးတွင် တိတ်ဆိတ်နေခဲ့သည်။

"မစ္စတာဟောင်က ကူညီနိုင်ပါ့မလား မသိဘူး။ မဟုတ်ရင် ငါတို့ စာချုပ်ဖောက်ဖျက်မှုအတွက် သန်းပေါင်းများစွာ လျော်ကြေးနဲ့ ရင်ဆိုင်ရမှာပဲ" ဂူယန်အားကြည့်ရင်း ဝမ်ကျားရွှ

မ်ပြောသည်။ "ကျွန်မ ရှင့်ကို အစောကြီးကတည်းက ဘာကိစ္စ နေနေ ကျွန်မနဲ့ တိုင်ပင်ဖို့ပြောသွားပဲ။ ဒါပေမယ့် ရှင်က မဆင်မခြင်နဲ့ စာချုပ်ချုပ်ခဲ့တယ်။ အခု ဘာဆက်လုပ်ကြမလဲ”

"ဒီလိုမျိုးဖြစ်လာလိမ့်မယ်ဆိုတာ ငါမသိခဲ့ဘူး” ဝူယန်က ဝမ်းနည်းစွာ ပြန်ဖြေသည်.

ကြည့်ရတာ ငါက စီးပွားရေးမှာ မတော်ဘူးထင်တယ်။ နည်းပညာဒါရိုက်တာကပဲ ငါနဲ့ ပိုပြီး သင့်တော်တယ်။ ညှိနှိုင်းဖို့ သွားခဲ့တဲ့ တစ်ခုတည်းသော စီးပွားရေးပူးပေါင်းမှုက တလွဲတွေ ဖြစ်ကုန်ပြီ…

ဝူယန် ထိုအကြောင်းကို တွေးကာ ရှက်ရွံ့သွားသည်။

သူသည် ယခင်က စာကြမ်းပိုးတစ်ယောက်သာဖြစ်ပြီး ပေါင်းသင်းဆက်ဆံရေး အားနည်း၏။ ဝမ်ကျားရွှမ်သည် သူတို့၏လင်ရှန်းကုမ္ပဏီအား ဦးစီးလုပ်ကိုင်နေသူဖြစ်ပြီး ကုမ္ပဏီသည် ဈေးကွက်ရှာဖွေရေးအား တာဝန်ယူထားသည်။ လွန်ခဲ့သည့် လဝက်ခန့်က ဝူယန်သည် ထုတ်ကုန်အသစ် ကြော်ငြာ

ရန်အတွက် ကုမ္ပဏီတစ်ခုနှင့် စာချုပ်ချုပ်ခဲ့ပြီး ထုတ်ကုန်အသစ်အား သုံးရက်အကြာတွင် မိတ်ဆက်မည်ဖြစ်သည်။ သူတို့သည် တစ်နေ့တည်းတွင် ကြော်ငြာထုတ်လို့သည့်အတွက် ဝူယန်က သူတို့ပူးပေါင်းနေကျ ဟုန်ချန်အား တွေ့ကာ ရုပ်ရှင်နဲ့တီဗီနယ်ပယ်တွင် ကြော်ငြာထည့်ရန် တောင်းဆိုခဲ့သည်။

ဟုန်ချန်က သူတို့အတွက် အချိန်မပေးနိုင်သဖြင့် သူ့အား အန်ရှင်းအန်တာတိတ်မန့်ဖြင့် မိတ်ဆက်ပေးခဲ့သည်။ ထို့ကြောင့် ဝူယန်သည် ညစာစားပွဲတစ်ခုတွင် စကားပြောရင်းအကြောင်းအရာအား သေချာမသိဘဲ စာချုပ်ချုပ်ဆိုခဲ့သည်။ သူတို့၏ပရောဂျက်မှာ လဝက်အကြာတွင် စီစဉ်ခဲ့သည်။ သူတို့၏ပရောဂျက်အား ရွှေ့တိုးပေးရန် တောင်းဆိုသော်လည်း အန်ရှင်းအန်တာတိတ်မန့်က သူတို့၏တောင်းဆိုမှုကို လျစ်လျူရှုခဲ့သည်။ ကုမ္ပဏီက သူတို့၏ပရောဂျက်ကို အစောပိုင်းရက်သို့ ရွှေ့လိုလျှင် ကော်မရှင် တစ်ဝက်တိုးမည်ဟုဆိုသည်။ နောက်ပိုင်းတွင် ဝူယန်က ဟုန်ချန်သည် ပြဿနာအား ဖြေရှင်းရန် နည်းလမ်းမရှိကြောင်း တွေ့ရှိခဲ့သည်။

နောက်ဆုံးတွင် အနန်ရှင်းအနန်တာတိတ်မန့်၏သူဌေးမှာ ယခင်က ဟုန်ချီထောင်၏လူဖြစ်ကြောင်း စုံစမ်းသိရှိခဲ့၏။

ထိုသို့ဖြစ်ပျက်ခဲ့ပြီး ယခုလိုဖြစ်လာခဲ့ခြင်းဖြစ်သည်။

သူတို့၏စကားကိုကြားသည့်အခါ ဝမ်ကျားဝမ်က ခေါင်းယမ်းလိုက်ပြီး "ကျားရှမ် ရှောင်ယန်ကို အပြစ်မတင်နဲ့။ ဘာပဲဖြစ်ဖြစ် သူ့မှာ အတွေ့အကြုံမှမရှိတာ။ လှည့်စားခံရတယ်ဆိုတာ ပုံမှန်ပါပဲ။ ကံကောင်းတာက သူတို့ သူ့ကို လိမ်မသွားခဲ့ဘူး"

ဝမ်ကျားဝမ်၏စကားများက နှစ်သိမ့်ခြင်းဖြစ်မည်ဟု ထင်ရသော်လည်း ဝူယန်၏နားထဲတွင် ထူးဆန်းနေခဲ့သည်။

"ငါ သူ့ကို စီးပွားရေးလုပ်ဖို့ အပြင်မလွှတ်လိုက်သင့်ဘူး" ဝမ်ကျားရှမ်က ဝူယန်ကို စိုက်ကြည့်လိုက်သည်။

"မစ္စတာဟုန်က ကူညီမယ်ဆိုရင် သူ့ဆီက စကားလေးတစ်ခွန်းပဲလိုတာ။ နင် ဟုန်ချန်ရဲ့ ကုမ္ပဏီနဲ့ အချိန်အကြာကြီး

ပူးပေါင်းခဲ့တာပဲ။ မစ္စတာဟုန်က တစ်ခုခုတော့ လုပ်နိုင်မှာပါ” ဟုယွီက သူမအား နှစ်သိမ့်သည်။

"ငါလည်း အဲ့လိုပဲ မျှော်လင့်ပါတယ်” ဝမ်ကျားရှမ်၏မျက်လုံးထဲတွင် မျှော်လင့်ချက်ရောင်ခြည်များ ပေါ်လာသည်။

ဟုန်ချီထောင်သာ စကားကောင်းကောင်းတစ်ခွန်းလောက် ကူညီပြောပေးနိုင်လျှင် ပြဿနာမှာ ပြေလည်သွားပေလိမ့်မည်။

ထိုအချိန်အတောအတွင်း၌…

အမှတ် ၃ စံအိမ် ခန်းမထဲတွင်…

ဟုန်ချီထောင်၊ ထန်ကျားယီ၊ ဟုန်လီနှင့် နီနီတို့ ဆိုဖာပေါ်တွင် ထိုင်နေကြသည်။

လေထုမှာ လေးလံနေ၏။

"ဒီနေ့က..." ဟုန်ချီထောင်က ပင်ပန်းနွမ်းနယ်နေသည့် လေသံဖြင့် ပြောသည်။ "...နောက်ဆုံးနေ့ပဲ"

ဂူချွမ်းလုံက သူတို့အား ငါးရက်ပေးခဲ့ပြီး ယနေ့ နောက်ဆုံး နေ့ဖြစ်သည်။ သူတို့ မည်သည့်အဖြေမျှ ရှာမတွေ့ခဲ့ချေ။

"ငါ မင်းတို့အတွက် လက်မှတ်တွေစီစဉ်ပြီးပြီ" ထန်ကျား ယီက ပြောသည်။ "လင်ရှန်းပြန်လာရင် မင်း ပြည်ပကိုသွားပြီး ခဏလောက်နေသင့်တယ်"

"အမေတို့ ဘာလုပ်မလို့လဲ" ဟုန်လီက စိုးရိမ်တကြီး မေးသည်။

"ငါတို့ ဒီမှာပဲနေမယ်" ဟုန်ချီထောင်၏မျက်နှာမှာ အနည်းငယ် တင်းမာနေပြီး ပြောသည်။ "ငါမယုံဘူး။ ဂူချွမ်းလုံ က ငါတို့ကို ဘာလုပ်နိုင်မှာမလို့လဲ"

ဤနှစ်များအားလုံးပြီးနောက် ဟုန်ချီထောင်သည် လွယ်လွယ်ကြောက်လန့်မည် မဟုတ်ချေ။ ဂူချွမ်းလုံသာ အမှန်တကယ် ဘာမဆိုလုပ်ရဲလျှင် သူ ၎င်းကို လက်ခံလိုက်ရုံပင်။

"ကျွန်မ တောင်းပန်ပါတယ် ဦးလေးဟုန်နဲ့ ဒေါ်လေးထန်။ ကျွန်မ ဦးလေးတို့ကို ဒုက္ခပေးခဲ့မိတယ်။ ကျွန်မ သူတို့ဆီသွား...” နီနီက ဝမ်းနည်းစွာ ပြောသည်။

“ရပြီ။ ဘာမှထပ်မပြောနဲ့တော့။ အဲဒါက အဆိုးကြီးမဟုတ်ပါဘူး” ထန်ကျားယီက ညင်သာစွာ ပြုံးလိုက်ပြီး "ပြည်ပကို အပန်းဖြေခရီးထွက်လိုက်ပါ။ အားလုံးအဆင်ပြေသွားရင် မင်းတို့ ပြန်လာလို့ရတယ်။ ရှောင်ယန်လည်း နောက်မှပြန်လာတာလေ။ သူမ ဆန်ဒီယေဂိုမှာ နှစ်တော်တော်ကြာနေခဲ့တာပဲ။ မင်းတို့လည်း အဲဒီမှာ ကောင်းကောင်းနေနိုင်ပါတယ်”

သူတို့ စကားပြောနေစဉ် အိမ်စေက တံခါးခေါက်ပြီး ဝင်လာသည်။

"ဆရာ တံခါးဝမှာ လူတစ်စုရောက်နေတယ်။ သူတို့က ဟုန်ချန်ရဲ့ ပါတနာတွေလို့ပြောပါတယ်။ သူတို့ ဒီကို အထူးသီးသန့်လာကြတာ။ တစ်ခုခုဖြစ်နေပြီထင်ပါတယ်"

"ထွက်သွားစမ်းလို့" ဟုန်ချီထောင်မှာ အနည်းငယ် စိတ်အနှောင့်အယှက်ဖြစ်သွားပြီး တွေ့ဆုံမှုအား တန်း၍ ငြင်းလိုက်သည်။

"ဟုတ်ကဲ့ပါ ဆရာ"

အိမ်စေက ထွက်သွားပြီး တံခါးဝဆီ လျှောက်သွားကာ မျှော်လင့်ချက်အပြည့်ဖြစ်နေသည့် ဧည့်သည်များအား ပြန်ပြောလိုက်သည်။

"သခင်ကြီးက ဘယ်သူ့ကိုမှ မတွေ့ချင်ဘူးတဲ့။ ကျေးဇူးပြုပြီး ပြန်ကြပါ"

သူ၏စကားက ဧည့်သည်များအား စိတ်ဓာတ်ကျသွားစေသည်။

သူတို့ ပြန်လှည့်ပြီး Bentley ဆီ ပြန်သွားကြသည်။ အချိန်ခဏလောက် ဘယ်သူမှ စကားမပြောကြ။ ကားထဲရှိ လေထုမှာ ခန်းမထဲမှာကဲ့သို့ပင် မှုန်မှိုင်းနေ၏။

"ပြန်ကြရအောင်" ဝမ်ကျားရွှမ်က နှမ်းနယ်စွာပြောသည်။

"အင်း သွားရအောင်။ သိပ်ပြီး စိတ်အနှောင့်အယှက်မဖြစ်ပါနဲ့" ဝမ်ကျားဝမ်က သက်ပြင်းချလိုက်ပြီး ကားကို စက်နှိုးကာ နောက်ပြန်လှည့်လိုက်သည်။ ကားမှာ မီတာငါးဆယ်အကွာထိ သွားပြီးနောက် ရုတ်တရက် ရပ်တန့်သွားသည်။

"ဘာဖြစ်လို့လဲ" စုယွီက သိချင်စိတ်ဖြင့် မေးသည်။

"ရှေ့ကိုကြည့်ဦး" ဝမ်ကျားဝမ်က ရုတ်တရက် ညွှန်ပြသည်။

"ရှေ့မှာ ဘာလဲ' အားလုံး လှမ်းကြည့်လိုက်သည်။

ဝမ်ကျားရွှမ်နှင့် ဝူယန်မှာ အနည်းငယ် စိတ်ရှုပ်ထွေး သွား၏။ ယွမ်သောင်းဂဏန်းတန်သည့် ပန်ဒါကားလေးမှလွဲ၍ သူတို့ရှေ့တွင် ဘာမှမရှိချေ။

"ဘာ။ အဲဒါ မစ္စတာကျန်းတို့လား။ လိုင်စင်နံပါတ်ပြားကို ကြည့်ဦး။ အဲဒါ သူတို့ပဲ" စုယွီ မျက်လုံးတောက်ပသွားပြီး ပြောသည်။

"သူတို့ ဒီကို ဘာလာလုပ်ကြတာလဲ။ ဒီထိပ်မှာ စံအိမ် ၁ ရယ် ၂ ရယ် ၃ ရယ်ပဲရှိတာ" ဝမ်ကျားဝမ်က ရေရွတ်လိုက်၏။

ဖြတ်သွားသည့် ပန်ဒါကားအား သူတို့ စိုက်ကြည့်နေကြ သည်။

ကားမှာ သူတို့အား ကျော်သွားပြီးနောက် အမှတ် ၃ စံအိမ် ဘက်သို့ လှည့်သွားသည်။

လူတိုင်း၏အကြည့်အောက်တွင်...

စံအိမ်တံခါးက တန်း၍ ပွင့်လာသည်။

သူတို့ကိုတော့ အိမ်စေက တန်း၍ ငြင်းပယ်ခဲ့သည်။

ယခု သူ၏မျက်နှာတွင် နွေးထွေးသည့်အပြုံးတစ်ခုရှိနေပြီး ကားအား ကြိုဆိုသည့်အမူအရာပြသနေသည်။

ထိုနောက် ကားမှာ တန်း၍ ဝင်သွားခဲ့၏။

-အခန်း(၃၆၅)ပြီး

wunzinnosp

## အခန်း(၃၆၆-က) မာစတာကျန်းလား(၁)

"သူတို့... သူတို့ အမှတ် ၃ စံအိမ်ကို သွားတာလား"

ဝမ်ကျားဝမ်က ခရီးသည်ထိုင်ခုံတွင် ထိုင်နေသည့် စုယွီအား ကြည့်လိုက်သည်။ သူ တံတွေးမျိုချလိုက်ပြီး "မစ္စတာကျန်းတို့က အမှတ် ၃ စံအိမ်ကို သွားတာပဲ"

"ကျွန်မမြင်ပါတယ်" စုယွီက သက်ပြင်းချလိုက်သည်။

ကျွန်မ ကန်းနေတာမဟုတ်ပါဘူး...

စုယွီ တွေးလိုက်၏။

"သူတို့က မစ္စတာဟုန်ကို သိတာလား” ဝမ်ကျားဝမ် ခေါင်းယမ်းလိုက်ပြီး... “သူတို့က... ကတယ်ကို အသိမိတ်ဆွေအဆက်အသွယ်များတာပဲ”

"မစ္စတာကျန်းက ဘယ်သူလဲ” ဝမ်ကျားရှမ်က သိချင်စိတ်ဖြင့် မေးသည်။

ဝမ်ကျားဝမ်ကာ ပြုံးပြီး "မစ္စတာကျန်းက လဆန်းပင်လယ်ကွေ့မှာ စားသောက်ဆိုင်ဖွင့်ထားတယ်။ ကွမ်းကွမ်းအမြဲတမ်းသွားစားချင်တဲ့ဆိုင်လေ”

"သြော်” ဝမ်ကျားရှမ်က တည်ငြိမ်သွားဟန်ဖြင့် တုံ့ပြန်လိုက်သည်။

စားသောက်ဆိုင်ပိုင်ရှင်တစ်ယောက်က သူမနှင့် ဘာမှ မဆိုင်ချေ။ နောင်တွင်တော့ သူမ ထိုဆိုင်သို့ သွားစားကောင်းစား

နိုင်ပေသည်။ လက်ရှိသူမ၏ပြဿနာအား မဖြေရှင်းရသေးသဖြင့် အခြားအရာများကို ဂရုစိုက်လိုစိတ်မရှိချေ။

“အိုး” ရုတ်တရက် ဝမ်ကျားဝမ်မှာ အကြံတစ်ခုရလာပြီး "မိန်းမ မစ္စတာကျုန်းက မစ္စတာဟုန်ဆီ လာလည်တယ်ဆိုတော့ ငါတို့ သူ့ကို ဖုန်းဆက်ပြီး မစ္စတာဟုန်နဲ့ မိတ်ဆက်ပေးခိုင်းရင်ရော”

"အဲဒါ... ဖြစ်ပါ့မလား” စုယွီက တုံ့ဆိုင်းစွာပြောသည်။

"အဆင်ပြေပါ့မလား။ သူတို့က မစ္စတာဟုန်ဆီ ရိုးရိုးတန်းတန်းပဲ လာလည်တာဆိုရင် ငါတို့ မမေးသင့်ဘူးထင်တယ်။ ရက်စရာကောင်းလိမ့်မယ်” ဝမ်ကျားရွှမ်မှာ အစက စိတ်ယိုင်သွားသော်လည်း ဒုတိယအတွေးတွင် ထိုအကြံအား ပယ်ချလိုက်သည်။ သူမ၏အစ်ကိုပြောနေသည့် မစ္စတာကျုန်းက လွှမ်းမိုးမှုမရှိနိုင်ဟု သူမ ခံစားမိသောကြောင့်ပင်။

"အလည်သက်သက်ဆိုရင်တောင် မစ္စတာကျုန်းက ငါတို့အတွက် စကားကောင်းလေး ပြောပေးနိုင်တယ်။ ကျားရွှမ် ငါ

နင့်ကို ပြောပြမယ်။ ဥက္ကဌလျှိုချင်းဖုန်းက မစ္စတာကျန်းကို ဖော်ရွေတယ်နော်။ ဟောင်ကောင်မှာရှိတဲ့ သူ့ရဲ့ တန်ဖိုးကြီး အရက်ပုလင်းတွေကိုတောင် မစ္စတာကျန်းကို လက်ဆောင်ပေး ခဲ့တာ။ မစ္စတာကျန်းက သြဇာရှိတယ်" ဝမ်ကျားဝမ်က ပြောသည်။

"ဘယ်သူ။ လျှိုချင်းဖုန်း ဟုတ်လား" ဝမ်ကျားရှမ်၏မျက်လုံးများ ချက်ချင်းပြူးကျယ်သွားသည်။

ထိုနာမည်အား ဟောင်ကောင်တွင် တော်တော်များများသိကြ၏။ တရုတ်နိုင်ငံ၏ ကြီးမားသည့် စီးပွားရေးနယ်ပယ်တွင် သူသည် ထိပ်တန်း စွန့်ဦးတီထွင်လုန်းငန်းရှင်အဖြစ်လည်း ကျော်ကြားသည်။ သူမအနေဖြင့် ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးအား ဘယ်သောအခါမှ လက်လှမ်းမမီနိုင်ချေ။

"ဟုတ်တယ်" ဝမ်ကျားဝမ်က သူ့ညီမ၏ အံ့အားသင့်နေသည့်ပုံစံကို မြင်ပြီး ပေါ့ပေါ့ပါးပါး ပြုံးလိုက်သည်။ "အဲဒီအရက်တွေက အရမ်းတန်ဖိုးကြီးတယ်။ ဒါပေမယ့် မစ္စတာကျန်းက

တကယ်ကို ပေါင်းသင်းဆက်ဆံရလွယ်ပြီး ဖော်ရွေပါတယ်။ သူ မိသားစုဆန်တဲ့သူတစ်ယောက်ပါ။ လျိုချင်းဖုန်းရဲ့ အရက်တွေ လက်ဆောင်ပေးခံရတဲ့သူက သချာပေါက် တစ်ခုခုတော့ တစ်ခုခုပဲ။ ငါတို့ မစ္စတာကျန်းနဲ့ ဆက်ဆံရေးကောင်းတယ်။ ငါ တို့ တောင်းဆိုလိုက်ရင် ဘာမှမဖြစ်ပါဘူး”

ဝမ်ကျားဝမ်သည် ထိုစကားများကို ပြောစဉ်က ၁၀၀ ရာခိုင်နှုန်း သေချာမှုမရှိခဲ့ချေ။ တကယ်တမ်းတွင် သူတို့၏သမီး ဝမ်ရီဟာန်နှင့် မုန့်မုန့်တို့ ရင်းနှီးသည့်ဆက်ဆံရေးရှိပြီး သူငယ်ချင်းများဖြစ်ကြသည်။ ထို့ကြောင့် ကျန်းဟန်၊ ဇီယန်တို့ နှင့် သူတို့မိသားစု၏ဆက်ဆံရေးက ပို၍ ရင်းနှီးလာခဲ့ခြင်း ဖြစ်သည်။

သို့သော် သူ့သမီး၏အကူအညီဖြင့်ပင် ဝမ်းကျားဝမ်မှာ အတော်လေးဂုဏ်ယူလေသည်။

"ဟုတ်တယ်”

သူ၏စကားကို ကြားပြီးနောက် စုယွီက ဖုန်းဆက်နိုင်မည်ဟု ထင်ခဲ့သော်လည်း သူမ ခဏလောက် စဉ်းစားလိုက်သည်။ ထိုနောက် သူမ ပြောလိုက်၏။ "သူတို့အခုမှ ဝင်သွားကြတာ။ သူတို့ တစ်ယောက်နဲ့တစ်ယောက် နှုတ်ဆက်ကြရဦးမှာ။ ကျွန်မတို့ ခဏလောက်စောင့်ပြီးမှ ခေါ်သင့်တယ်"

"ဟုတ်တယ်။ ဒီမှာ ခဏလောက် စောင့်လိုက်ရအောင်" ဝမ်ကျားဝမ်ကာ လှည့်ကာ နောက်ခုံမှ လူနှစ်ယောက်ကို ပြောသည်။ ကားမှာ လမ်းဘေးတွင် ရပ်တန့်သွား၏။

ရုတ်တရက် မျှော်လင့်ချက်ရှိလာသဖြင့် ဝမ်ကျားရှမ်နှင့် ဝူယန်တို့ ပို၍ နေသာထိုင်သာရှိလာခဲ့သည်။

ထိုအချိန်အတောအတွင်း၌...

စံအိမ်အမှတ် ၃ တွင်...

ပန်ဒါကားလေးက တံခါးဝသို့ ရောက်လာသည့်အချိန်တွင် ခန်းမထဲရှိ လေထုမှာ အုံ့မှိုင်းနေဆဲဖြစ်သည်။

"ရှောင်ယန်နဲ့ တခြားသူတွေကို လာနေပြီ။ အခု အဲဒီကိစ္စကို စဉ်းစားမနေနဲ့တော့” ဟုန်ချီထောင်က လက်ကို ဝှေ့ယမ်းကာ ပြောလိုက်သည်။ "အခြေအနေက ငါ တွေးထားသလောက် မဆိုးပါဘူး။ မနေ့ညက ဒရယ်ဂွန်ထရှိုင်ယန်ကလပ်မှာ ဂူမိသားစု ပါတီမှာ ရှုပ်ယှက်ခတ်နေတယ်လို့ မနက်ကကြားတယ်။ သူတို့ ပြဿနာဖြစ်နေပြီ။ ကြည့်ရတာ အဲဒါက ဂူမိသားစုကို အတော်လေး သက်ရောက်တယ်ထင်တယ်။ လင်ရှန်း အသေးစိတ်စုံစမ်းဖို့ ထွက်သွားတယ်။ သူပြန်လာရင် ဘာတွေဖြစ်နေလဲ သိလိမ့်မယ်။ ဂူချွမ်းလုံ ဒုက္ခရောက်နေရင် ငါတို့ ပြဿနာက ပိုပြီး အဆင်ပြေသွားလိမ့်မယ်”

"တကယ်လား” ဟုန်လီက ရုတ်တရက် စိုက်ကြည့်ရင်း "မနေ့ညက ကြီးကြီးမားမားတစ်ခုဖြစ်ခဲ့တယ်လို့ ကျွန်တော်လည်း ကြားတယ်။ ဒါပေမယ့် နောက်ပိုင်း ကျွန်တော့် သူငယ်ချင်းတချို့ကို မေးကြည့်တော့ သူတို့အားလုံး ပါးစပ်ပိတ်

ထားကြတယ်။ အဲဒါကြောင့် တကယ်ဘာဖြစ်ခဲ့လဲဆိုတာတော့ မသိဘူး”

"ဘယ်လိုပဲဖြစ်ဖြစ် ဂူချွမ်းလုံက သူ့ပြဿနာကို ဖြေရှင်းပြီး သွားရင် ငါတို့ သူနဲ့ တွေ့ရဦးမှာပဲ” ထန်ကျားယီက သက်ပြင်းချ လိုက်သည်။

"လင်ရှန်းပြန်လာတဲ့အထိ စောင့်လိုက်ပါ။ ရှောင်ယန်တို့ အဖွဲ့လာရင် လီလီ မင်း သူတို့ကို သွားကြိုလိုက်” ဟုန်ချီထောင် က ဟုန်လီအား လက်ပြလိုက်သည်။

မနေ့ညက သူ ကောင်းကောင်း အနားမယူခဲ့ရသဖြင့် အနည်းငယ် ခါးနာနေခဲ့သည်။ သူ၏ခန္ဓာကိုယ်မှာ ယခင်က ထပ် အများကြီးပို၍ အိုမင်းလာသည့်အတွက် သူ စိတ်ထဲတွင် သက်ပြင်းချလိုက်မိသည်။

သူ သိပ်ပြီး နေလို့မကောင်းသဖြင့် ထရပ် အဆင့်သင့်မဖြစ် သေးချေ။ ထိုနောက် စားပွဲပေါ်ရှိ လက်ဖက်ရည်ခွက်အား ကောက်ယူကာ တစ်ငုံသောက်လိုက်သည်။

"ဟုတ်ကဲ့"

ဟုန်လီက ခေါင်းညိတ်ပြီး ထရပ်ကာ တံခါးဆီ လျှောက်သွားလိုက်သည်။

တံခါးဖွင့်ပြီးနောက် ဟုန်လီ လူများအား ကြည့်လိုက်ပြီး သူ၏အမူအရာမှာ ခဏလောက် အေးခဲသွားသည်။

"ယန်....အစ်မ....အစ်မယန်။ အစ်မ ရောက်နေပြီလား..."

ဟုန်လီ အနည်းငယ် စိတ်ရှုပ်ထွေးသွား၏။

ဘာ...ဘာလဲဟ...

မိသားစုဆင်တူဝတ်စုံလား...

အရမ်းချောတဲ့ယောက်ျားတစ်ယောက်နဲ့ ချစ်စရာကောင်းတဲ့ သမီးလေးတစ်ယောက်လား...

ဘုရားရေ... ဘယ်တုန်းက အစ်မယန် ကလေးမွေးလိုက်တာလဲ...

ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ...

ဟုန်လီ စိတ်ထဲ၌ မေးခွန်းများစွာ ပေါ်လာသည်။

သူ ကျန်းဟန်အား နှုတ်ဆက်ရန် မေ့သွားပြီး ဘာပြောလို့ ပြောရမှန်းမသိတော့။ ထို့ကြောင့် သူတို့အား မှင်တက်ကာ ကြည့်နေလိုက်သည်။

သူတို့ အနားသို့ရောက်လာသည့်အချိန်တွင် ဟုန်လီ မျက်နှာပေါ်၌ အပြုံးလေးဖြင့် တုံ့ပြန်လိုက်ပြီး "တွေ့ရတာ ဝမ်းသာပါတယ်။ အထဲဝင်ကြပါ"

သူ ဘေးသို ဖယ်ပေးလိုက်ပြီး ကျန်းဟန်နှင့် အခြားသူများ အား ဝင်ခွင့်ပြုလိုက်သည်။

ဟုန်ချီထောင်မှာ လက်ဖက်ရည်သောက်နေဆဲပင်။ သူ၏အကျင့်မှာ လက်ဖက်ရည်အား ပါးစပ်ထဲငုံထားပြီး ဖြည်းဖြည်းချင်း အရသာခံခြင်းဖြစ်၏။

သူ ဇီယန် ဝင်လာသည်ကို မြင်လိုက်ရသည်။

သူ၏ဘေးကလူမှာတော့...

"ဖူး..."

လက်ဖက်ရည်တစ်ငုံမှာ ရေတံခွန်ပမာ စားပွဲပေါ်သို့ ပက်ဖြန်းသွားသည်။

ရေခိုးရေငွေ့များက ခုနှစ်ရောင်ခြယ်ပင် ဖြစ်သွားစေခဲ့သည်။

၎င်းက သက်တံ့အား ဖြစ်ပေါ်စေခဲ့၏၊

ထိုမြင်ကွင်းကြောင့် နီနီ အံ့အားသင့်သွားသည်။

ဦးလေးဟုန်း ဤကဲ့သို့ ဖြစ်ပျက်သွားသည်ကို ပထမဆုံး တွေ့ဖူးခြင်းပင်။ သို့သော် ကျန်းဟန်အား မြင်လိုက်ရပြီးနောက် သူမ၏မျက်လုံးများ တဖြည်းဖြည်း ပြူးကျယ်သွားသည်။

"မာစတာကျန်းလား"

"ဝှစ်"

ဟုန်ချီထောင် ချက်ချင်း ထရပ်ပြီး လှွားခနဲလျှောက်သွားကာ ကျန်းဟန်အား ကြည့်လိုက်သည်။

"အဲ ကျုပ်ရဲ့ နိမ့်ကျတဲ့အိမ်ကို မာစတာကျန်းလာလည်တာ ဂုဏ်ယူမိပါတယ်။ လာပါ လာပါ ကျေးဇူးပြုပြီး ထိုင်ပါ"

ထိုရုတ်တရက် မြင်ကွင်းက ဇီယန်နှင့် ကျိုးဖေးအား ထိတ်လန့်သွားစေသည်။

ဘာတွေဖြစ်နေတာလဲ...

"အမ်..."

ကျန်းဟန်၏ရင်ခွင်ထဲမှ မုန့်မုန့်လည်း ကြောင်အသွားသည်။ သူမလေး၏လက်မောင်းလေးများက ကျန်းဟန်၏လည်ပင်းအား တင်းကြပ်စွာ ဖက်လိုက်ပြီး ခေါင်းသေးသေးလေးဖြင့် လှည့်ပတ်ကြည့်လိုက်သည်။

ထိုနောက် ချိုမြန်သာယာသည့်အသံလေးဖြင့် "ဒါက သမီးဖေဖေ။ မာစတာမဟုတ်ဘူး"

"ဦးလေးဟုန် ဘယ်လိုဖြစ်တာလဲ…" ဇီယန်က သံသယအပြည့်ဖြင့် မေးသည်။

ဟုန်ချီထောင်သည် အခြေအနေကို နားလည်ရန် စက္ကန့်အနည်းငယ် အချိန်ယူလိုက်ပြီးနောက် သူ မျက်နှာပူသွားသည်။

ထိုနောက် ဇီယန်နှင့် ကျန်းဟန်အား ကြည့်လိုက်ရင်း စိတ်ရှုပ်ထွေးသွားပြန်သည်။ သူ လုံးဝ ကြောင်သွား၏။

ကံကောင်းစွာဖြင့် ထန်ကျားယီက အမြန်တုံ့ပြန်ခဲ့သည်။

သူမ ဇီယန်ထံ အမြန်လျှောက်သွားပြီး ပြုံးကာ "လာ ဒီမှာ အရင်ထိုင်လိုက်။ ထိုင်ပြီး စကားပြောရအောင်"

သူမ ဇီယန်၏လက်ကိုဆွဲရင်း ခန်းမတစ်ဖက်ရှိ ရှုပ်ပွနေသည့် လက်ဖက်ရည်စားပွဲကိုကြည့်ပြီး ခဏလောက် စဉ်းစားကာ အားလုံးကို ညှပ်ခန်းထဲခေါ်သွားလိုက်သည်။

အားလုံး ထိုင်ပြီးသည့်အချိန်တွင် ဟုန်ချီထောင်၊ ဟုန်လီနှင့် နီနီတို့ ကျန်းဟန်တို့မိသားစုအား သိချင်စိတ်အပြည့်ဖြင့် အထက်အောက်စုံဆန်ကြည့်နေကြသည်။

မျက်စိကန်းမနေသရွေ့ သူတို့ မိသားစုဆင်တူဝတ်စုံဝတ်ထားသည်ကို မြင်နိုင်ကြသည်။ ပြောရလျှင်... သူတို့က... မိသားစုတစ်စုဖြစ်လေသည်။

"မိသားစုလား”

"ဘုရားရေ၊ ဇီယန်ရဲ့ယောက်ျားက မာစတာကျန်းလား”

၎င်းက အလွန်ရှော့ခ်ရစရာကောင်းသည်။

ဟုန်ချီထောင်အပါအဝင် လူတိုင်း သူတို့၏ဦးနှောက်များ အလုပ်မလုပ်တော့သလို ခံစားလိုက်ရပြီး စိတ်ရှုပ်ထွေးနေကြသည်။

ဟုန်ချီထောင်မှာ တစ်ညလုံး အိပ်မပျော်သောကြောင့်ဖြစ်မည်ဟု ထင်နေခဲ့သည်။ မည်သို့ပင်ဖြစ်စေ သူသည် အကြပ်အတည်းနှင့်ကြုံတိုင်း အမြဲတမ်း တည်ငြိမ်စွာ နေနိုင်ပေသည်။

"ရှောင်ယန် မင်းနဲ့ မာစတာကျန်းက…" ထန်ကျားယီက ဇီယန်၏ဘေးတွင် ထိုင်ကာ နူးညံ့သည့်အပြုံးဖြင့် မေးသည်။

"မာစတာကျန်းက ဘယ်သူလဲ" ဇီယန် နှုတ်ခမ်းကို အနည်းငယ် ဖိလိုက်ပြီး ကျန်းဟ်နအား ထူးဆန်းစွာ ကြည့်လိုက်သည်။ ထိုနောက် သူမ ထန်ကျားယီအားကြည့်ကာ "အန်တီထန် ကျွန်မ သူနဲ့မိတ်ဆက်ပေးပါရစေ။ ဒါက ကျွန်မရဲ့ ခင်ပွန်း ကျန်းဟန်ပါ"

ဇီယန်၏စကားကြောင့် ထန်ကျားယီနှင့် အခြားသူများ အသက်ပြင်းပြင်းရှူသွင်းလိုက်မိကြသည်။

ကျန်းဟန်၏တည်ငြိမ်နေသည့်အမူအရာမှာ အစကတည်းက မပြောင်းလဲချေ။ ဇီယန်၏စကားကို ကြားသည့်အခါတွင်တော့ သူ မနေနိုင်ဘဲ ပြုံးလိုက်မိသည်။

သူ၏ချစ်ဇနီးက အနည်းငယ် ရှက်နေသေး၏။

"ဒါက ကျွန်မတို့ရဲ့ သမီးလေး မုန့်မုန့်။ မုန့်မုန့် သမီးကိုယ် သမီး မိတ်ဆက်ပေးလိုက်ပါဦး" ဧီယန်က မုန့်မုန့်အား ကြည့်ကာ ပြုံး၍ ပြောလိုက်သည်။

"အင်း... သမီးနာမည်က ကျန်းယွီမုန့် မုန့်မုန့်ပါ။ သမီး နာမည်ကို ဖေဖေပေးထားတာ" မုန့်မုန့်ကာ ဟုန်ချီထောင်အား စူးစမ်းလိုစိတ်ဖြင့်ကြည့်ကာ ယဉ်ကျေးစွာဖြင့် သူမကိုယ်သူမ မိတ်ဆက်သည်။

"အိုး ချစ်စရာကောင်းလိုက်တဲ့ကလေးလေး" ဟုန်ချီ ထောင်က မျက်နှာထက်တွင် ကြင်နာသည့်အပြုံးဖြင့် မုန့် မုန့်၏မျက်နှာကို ထိရန် လက်လှမ်းလိုက်သည်။

သူ၏လက်က မုန့်မုန့်အား မထိခင်တွင် ကျန်းဟန်က မုန့် မုန့်အား သူ၏ရင်ခွင်ထဲ ပြန်ဆွဲယူလိုက်ပြီး သူ၏လက်ကို မနှစ် သက်ဟန်ဖြင့် ကြည့်လိုက်သည်။

ငါ့သမီးလေးကို မထိရင် အရင်ဆုံးလက်ဆေးဦး ဟု စိတ်ထဲတွင် တွေးလိုက်သည်။

ဟုန်ချီထောင်က ရက်ရှုံ့စွာပြုံးလိုက်ပြီး သူ၏လက်ကို ပြန်ရုတ်ကာ မုတ်ဆိတ်အား ကိုင်လိုက်သည်။

-အခန်း(၃၆၆-က)ပြီး

wunzinnosp

## အခန်း(၃၆၆-ခ) မာစတာကျန်းလား(၂)

"မင်းက ကျန်းဟန်ပေါ့။ မင်းက ဒီကို ပထမဆုံးလာတာ အန်တီထန်က ဘာမှမပြင်ဆင်ထားမိဘူး။ နောက်တစ်ခါကျရင် မင်းအတွက် ပြင်ဆင်ပေးပါ့မယ်"

ထန်ကျားယီမှာ တည်ငြိမ်သွားသည်။ ကျန်းဟန်က သူတို့အား ထိုသို့ခေါ်နေပြီဖြစ်ရာ သူမလည်း ပေါ့ပေါ့ပါးပါး တုံ့ပြန်လိုက်သည်။

ဇီယန်နှင့် ကျန်းဟန်တို့၏ တစ်ယောက်ကိုတစ်ယောက် ကြည့်သည့်အကြည့်မှတဆင့် သူတို့ အလွန်ချစ်ကြသည်ကို ထန်ကျားယီခံစားမိသည်။ ဇီယန်မှတင့် သူတို့နှင့် ကျန်းဟန်၏ဆက်ဆံရေးမှာ မကြာခင် ပိုမိုရင်းနှီးလာပေလိမ့်မည်။

ဇနီးတစ်ယောက်၏ ခင်ပွန်းအပေါ် လွှမ်းမိုးမှုကို သူမ ဘယ်သောအခါမှ သံသယမဝင်ချေ။ ထို့ပြင် သူမသည် ဇီယန် အား အမှန်တကယ်ကြင်နာပေသည်။

ယနေ့မှာ အံ့ဩဖွယ်နေ့ဖြစ်သည်။ သူတို့၏အကြပ်အ တည်းမှ အရေးကြီးသည့်အခိုက်အတန့်တွင် ဇီယန်က မာစတာ ကျန်းအား ခေါ်ဆောင်လာခဲ့သည်။ ဤသည်က ဘုရားသခင်၏အလိုတော်အတိုင်းပေပဲလား။

ကျန်းဟန် ပြုံးရုံပြုံးလိုက်ပြီး ခေါင်းကိုယမ်းကာ ပြောလိုက် သည်။ "ကိစ္စမရှိပါဘူး။ ခင်ဗျားတို့က ဇီယန်ရဲ့ အကြီးတွေပဲ။ ဇီ ယန်ရဲ့ အကြီးတွေဆိုမှတော့ ကျွန်တော့်ရဲ့အကြီးတွေပါပဲ”

ထန်ကျားယီနှင့် ဟုန်ချီထောင်တို့ သူ၏စကားကိုကြား သည့်အတွက် အလွန်ဝမ်းသာသွားကြသည်။

သူတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြရာ စိတ်လှုပ်ရှားမှုများဖြင့် ပြည့်နေသည့်မျက်လုံးများကို တွေ့ လိုက်ရသည်။

နှစ်ယောက်လုံး စိတ်သက်သာရာရသွားကြ၏။ ဤနေရာ တွင် မာစတာကျန်းနှင့်အတူရှိနေသည်ဖြစ်ရာ သူတို့ ပို၍ စိတ်ချလက်ချဖြစ်လာခဲ့ကြသည်။

ဟုန်လီမှာ အနည်းငယ် စိတ်ရှုပ်ထွေးနေသေး၏။ သူနှင့် နီနီက ကျန်းဟန်အား အထက်အောက်စုံဆန်ကြည့်နေကြသည်။

မာစတာကျန်းသည် ယွမ်တင်းတောင်ပေါ်တွင်တုန်းက အလွန်ခက်ထန်ခဲ့သည်။

သို့သော် ယခု သူတို့ရှေ့တွင်တော့ အိမ်နီးချင်းအစ်ကိုကြီး တစ်ယောက်ပမာ ပေါ့ပေါ့ပါးပါးဖြစ်လွန်းလှသည်။ ၎င်းက အနည်းငယ် အိပ်မက်ဆန်နေသလို သူတို့ ခံစားရစေသည်။

"အစ်ကိုကျန်း အဲ မဟုတ်သေးဘူး ဟို... တွေ့ရတာ ဝမ်းသာပါတယ် အစ်ကိုကြီး"

ဟုန်လီက သူ့အား နှုတ်ဆက်သည်။

"တွေ့ရတာ ဝမ်းသာပါတယ် အစ်ကိုကြီး" နီနီက ပြုံး၍ ပြောသည်။

ဇီယန်က ထပ်ပေါင်းပြောသည်။ "သူက ဟုန်လီ။ ဦးလေး ဟုန်ရဲ့ အငယ်ဆုံးသား။ သူမက ဟုန်လီရဲ့ရည်းစား နီနီ"

"တွေ့ရတာဝမ်းသာပါတယ်" ကျန်းဟန်က ခေါင်းညိတ်သည်။

"လီလီ နီနီ သစ်သီးလေး စားစရာလေး သွားပြင်လိုက်ပါဦး" ထျန်ကျားယီက သူတို့အား လက်ပြကာ ပြောသည်။

"အမ်" မုန့်မုန့် အံ့သြသွားပြီး သူမလေး၏မျက်လုံးဝိုင်းများက တောက်ပလာသည်။ သူမလေး ပျော်ရွှင်သွားပြီး တခစ်ခစ် ရယ်တော့၏။

မုန့်မုန့်၏ပုံစံကိုကြည့်ပြီး အားလုံး ရယ်မောလိုက်ကြသည်။

ခဏအကြာတွင် ဟုန်လီနှင့် နီနီက သစ်သီးများနှင့် စားစရာများ ယူလာပေးသည်။ မုန့်မုန့်သည် ကျန်းဟန် ဘာမှမပြောမချင်း ဘာမှမလုပ်သလို အသံလည်းမထွက်ဘဲ သရေစာများကို မျက်လုံးဝိုင်းများဖြင့် စိုက်ကြည့်နေသြ။ ထိုနောက် မင်းသမီးလေးသည် သရေစာမုန့်များကို ညွှန်ပြ၏။ ကျန်းဟန်က ၎င်းတို့အားယူကာ သူမလေးအတွက် ဖောက်ပေးလိုက်သည်။ မုန့်မုန့်မှာ ကျေနပ်စွာဖြင့် စားတော့သည်။

မိနစ်အနည်းငယ် ကြာပြီးနောက် ထန်ကျားယီနှင့် အခြားသူများမှာ ပို၍ သက်တောင့်သက်သာရှိလာကြသည်။ ထန်ကျားယီက သိမ်မွေ့သည့်အပြုံးတစ်ခုကိုပြသကာ ပြောသည်။

"ရှောင်ယန် မုန့်မုန့်က အသက် သုံးလေးနှစ်လောက်ရှိပြီထင်တယ်။ ဘာလို့ ငါတို့ ဘာမှမကြားခဲ့ရတာလဲ။ သမီးဘယ်ချိန်က လက်ထပ်လိုက်တာလဲ"

"လွန်ခဲ့တဲ့ငါးနှစ်က ကျွန်မတို့ အတူတူရှိခဲ့ကြတာ။ အဲ့တာပြီးတော့ သူ တစ်ခုခုဖြစ်သွားခဲ့တယ်။ သိပ်မကြာခင်ကမှ သမီးတို့ ပြန်တွေ့ကြတာ။ ကျွန်မ အရင်က ဆန်ဒီယေဂိုမှာ နေခဲ့တာလေ" ဇီယန်က ရိုးရှင်းစွာ ပြောသည်။

"အိုး ငါသိပြီ။ ရှောင်ယန် ကလေးကို တစ်ယောက်တည်း ပြုစုပျိုးထောင်ရတာ မင်းအတွက် တော်တော်ခက်ခဲခဲ့မှာပဲ...." ထန်ကျားယီက ဇီယန်နှင့် စကားစမြည်ပြောသည်။

ဟုန်ချီထောင်က သူတို့၏စကားဝိုင်းတွင် အခါအားလျော်စွာ ဝင်ပြော၏။

အချိန်ကျပြီဟု ခံစားရသည့်အခါမှ သူ ကျန်းဟန်အား ကြည့်ကာ တုံ့ဆိုင်းစွာ ပြောသည်။ "မစ္စတာကျန်း ငါတို့ အရင်

တစ်ခါ ဆွေးနွေးခဲ့တဲ့ကိစ္စလေ။ မင်းက ရှောင်ယန်ရဲ့ခင်ပွန်းဆို တော့ ငါ အဲ့တာကို မင်းနဲ့ပြောချင်တယ်…”

"ခင်ဗျားက ဂူချွမ်းလုံနဲ့ ပတ်သက်တဲ့ကိစ္စကို ပြောတာလား” ကျန်းဟန်က မုန့်မုန့်အား လိမ္မော်သီးစိပ်ခွံ့ကျွေးပြီး သူ့အား မော့ကြည့်ပြီး ပြတ်သားစွာပြောလိုက်သည်။ "သူ နောက်ထပ် ဘယ်တော့မှ ပေါ်လာမှာမဟုတ်တော့ဘူး”

"ဘယ်တော့မှ ပေါ်မလာတော့ဘူးလား” ဟုန်ချီထောင် စိတ်ရှုပ်ထွေးသွား၏။

ထန်ကျားယီ၊ ဟုန်လီနှင့် နီနီတို့က ကျန်းဟန်အား ကြည့်နေကြသည်။ သူဘာကိုဆိုလိုသည်အား သူတို့ မသိကြချေ။

ထိုအခိုက်မှာပင် စံအိမ်တံခါးက တွန်းဖွင့်ခံလိုက်ရပြီး လင်ရှန်းက အပြေးအလွှားဝင်လာသည်။ အထဲရောက်တော့ သူ ဘယ်သူ့ကိုမှ မတွေ့ရချေ။ ထို့ကြောင့် သူ အော်ပြောလိုက်သည်။ "အစ်ကိုဟုန် တစ်ခုခုဖြစ်သွားပြီး။ ကြီးကြီးမားမားတစ်ခုဖြစ်သွားပြီ”

"ဦးလေးလင်း ဒီဘက်မှာ" ဟုန်လီက အော်ပြောလိုက်သည်။

လင်ရှန်းက အသံကြားသည့်အခါ အပြေးထွက်လာပြီး သူ၏မျက်နှာက စိတ်လှုပ်ရှားမှုဖြင့် တောက်ပနေသည်။ ဧည့်ခန်းထဲသို့ ပြေးဝင်လာပြီးနောက် သူ အော်ပြောလိုက်သည်။ "ကြီးကြီးမားမားတစ်ခုဖြစ်သွားပြီ သတင်းကောင်းပဲ ဟားဟားဟား..."

သူ၏စကားမဆုံးခင်မှာပင် အခန်းထဲရှိလူများက သူ့အား စိုက်ကြည့်နေသည်ကို တွေ့လိုက်ရသည်။ ပထမ သူ အံ့အားသင့်သွားဦးပြီး ကျန်းဟန်အား မြင်လိုက်သည့်အချိန်တွင် သူ လန့်သွားသည်။

ဒီနတ်ဘုရားက ဒီမှာ ဘာလုပ်နေတာလဲ...

"အမ်.... တောင်းပန်ပါတယ်" လင်ရှန်းက အခန်းမှားဝင်လာသကဲ့သို့ အပြေးပြန်ထွက်သွားပြီး ဟန်ချီထောင်အား ထွက်ခဲ့ရန် လက်ဟန်ပြသွားသည်။

"မင်းတို့ စကားပြောနေကြပါ။ ဘာတွေဖြစ်နေတာလဲ ငါ သွားကြည့်လိုက်ဦးမယ်" ဟုန်ချီထောင်က ထထွက်သွားသည်။

ညှိခန်း၏အကြားတစ်ဖက်တွင် လင်ရှန်းက ဟုန်ချီထောင်၏နားနားသို့ကပ်ကာ စကားအနည်းငယ်အား တီးတိုးပြောလိုက်သည်။

ဘုန်း...

ကြားလိုက်ရသည့်သတင်းက ကောင်းကင်မှကျည်ဆန်တစ်ခုပမာ ဟုန်ချီထောင်အား ထိမှန်သွားပြီး သူ၏စိတ်ထဲတွင် စကားလုံးများက ထပ်ခါထပ်ခါ ကြားယောင်နေသည်။

"ဂူချုမ်းလုံသေပြီ"

"ကာကွယ်သူဟဲ၊ ကျန့်ဇုန်ဟောင်၊ ဂူဖန့်နဲ့ ဂူဖန်းဖုန်း... သူတို့အားလုံးကို မာစတာကျန်းက စက္ကန့်ပိုင်းအတွင်း သတ်ပစ်လိုက်တယ်"

"ဂူဖန်းဖုန်းက ဇီယန်ကို အန္တရာယ်ပေးဖို့ ကြိုးစားခဲ့တယ်။ မာစတာကျန်းက ဒေါသတကြီးနဲ့ လူ ၁၃ ယောက်ကို သတ်ပစ်လိုက်ပြီး လူ ၁၀၀ ကျော်ကို ခြေထောက်တွေချိုးပစ်ခဲ့တယ်"

"…"

"အဲ့ဒါ အမှန်ပဲလား" ဟုန်ချီထောင် အသက်ရှူကြပ်လာသည်။

"လုံး၀ သေချာတယ်။ အဲ့ကိစ္စကို အစိုးရက နှုတ်ပိတ်တားမြစ်ထားတာ။ မာစတာကျန်းက ဘယ်လောက်ကြောက်စရာကောင်းတဲ့သူလဲဆိုတာ တွေးကြည့်လို့ရပါတယ်။ သိုင်းပညာရှင်တချို့က အဲဒီအဖြစ်အပျက်ကို သိကြတယ်။ ဒါကို အတည်ပြုဖို့ ငါ လူတော်တော်များများကို မေးခဲ့တယ်" လင်ရှန်းက ပြန်ဖြေပြီးနောက် ရုတ်တရက် သူ၏မျက်နှာက အနည်းငယ် လေးနက်လာသည်။ "အစ်ကိုဟုန် မာစတာကျန်း

က ဒီကို ဘာလို့ ရောက်နေတာလဲ။ သူက အရမ်းအန္တရာယ်များတဲ့လူနော်”

"သူလား” ဟုန်ချီထောင် သက်ပြင်းရှည်ကြီးရှူသွင်းလိုက်ပြီး နောက်ဆုံးတွင် ရယ်ကာ ပြောလိုက်သည်။ "သူက ရှောင်ယန်ရဲ့ခင်ပွန်းလေ”

ထိုနောက် သူ ဧည့်ခန်းထဲသို့ ပြန်လာပြီး ပို၍ စိတ်အားထက်သန်လာသည်။ သူ ကျန်းဟန်အား ပြောလိုက်သည်။ "ကျေးဇူးတင်ပါတယ် မစ္စတာကျန်း။ ဂူချမ်းလုံက တကယ်ကို ထာဝရပျောက်ကွယ်သွားခဲ့ပြီ”

သေသွားသည့်လူက မည်သို့ ပြန်ပေါ်လာနိုင်ပါမည်နည်း။

ကျန်းဟန်က ခေါင်းကိုအသာယမ်းလိုက်ပြီး ဘာမှထပ်မပြောတော့။

ဇီယန်၊ ထန်ကျားယီနှင့် အခြားသူများမှာ သူတို့ပြောနေသည့်အကြောင်းကို နားမလည်သော်လည်း ထန်ကျားယီနှင့် ဟုန်လီကတော့ စိတ်သက်သာရာရသွားကြ၏။

မိနစ်အနည်းငယ်ကြာအောင် စကားပြောပြီးနောက် ဇီယန်၏ဆဲလ်ဖုန်းက မြည်လာပြီး သူမပြန်ဖြေလိုက်သည်။ စကားအနည်းငယ် ပြောပြီးနောက် ဇီယန်က တုံ့ဆိုင်းကာ ပြောသည်။ "အန်တီထန် ကျွန်မမိတ်ဆွေတစ်ယောက်က ဒီကို နေရောက်နေတယ်။ သူ အပြင်မှာရှိတယ်။ သူက အန်ကယ် ဟုန်ကို တစ်ခုခုပြောချင်တယ်လို့ ပြောတယ်။ အဲဒါ အန်တီတို့ အတွက် အဆင်ပြေပါ့မလားလို့..."

"အဆင်ပြေပါတယ်။ သူတို့က မင်းရဲ့မိတ်ဆွေတွေဆိုမှ တော့ သူတို့ကို တန်းပြီး ဝင်လာခိုင်းလိုက်ပါ" ဟုန်ချီထောင်က ပြောသည်။

"အင်း သူတို့ တံခါးဝနဲ့ သိပ်မဝေးဘူး” ဇီယန်က ခေါင်းညိတ်ကာ စကားအနည်းငယ်ပြောပြီးနောက် ဖုန်းချလိုက်သည်။

"လင်ရှန်း ဧည့်သည်တွေကို သွားကြိုလိုက်ပါ” ဟုန်ချီ ထောင်က တံခါးဝတွင် ရပ်နေသည့် လင်ရှန်းအား ပြောလိုက်သည်။

"ကောင်းပြီ” လင်ရှန်းက ခပ်သုတ်သုတ်ထွက်သွားသည်။

တံခါးဝသို့ရောက်သည့်အခါ ဝမ်ကျားဝမ်နှင့် အခြားသူများ ရပ်နေသည်ကို တွေ့လိုက်ရသည်။ အိမ်စေက သူစိမ်းများအား တင်းကြပ်စွာ တားဆီးထားပြီး အထဲဝင်ခွင့်မပြုချေ။

လင်ရှန်းက သူတို့ဆီ အပြေးသွားပြီး ရယ်မောကာ ပြောလိုက်သည်။ "ကြိုဆိုပါတယ် ကြိုဆိုပါတယ် ဝင်ခဲ့ကြပါ”

သူ၏အမူအရာက ဝမ်ကျားဝမ်နှင့် အခြားသူများအား အနည်းငယ် အံ့အားသင့်သွားစေခဲ့သည်။

သူ အလွန်စိတ်လှုပ်ရှားနေပုံရ၏။ မစ္စတာကျန်းမှာ အမှန်တကယ်ကို သြဇာကြီးမားသူဖြစ်လေသည်။

သူတို့ ညှော်ခန်းထဲဝင်ပြီးနောက် နှုတ်ခွန်းဆက်စကားအနည်းငယ်ပြောသည့်အချိန်တွင် ကျန်းဟန်တို့မိသားစုအပေါ် ဟုန်ချီထောင်၏သဘောထားက အလွန်ဖော်ရွေကြောင်း တွေ့ရှိခဲ့ကြသည်။

ကျန်းဟန်၏လူမှုဆက်ဆံရေးမှာ လုံးဝ အံ့အားသင့်စရာပင်။ လျိုချင်းဖုန်းက သူ့အား အရက်များလက်ဆောင်ပေးခဲ့ပြီး ဟုန်ချီထောင်က သူ့အား အလွန်ဖော်ရွေသည်။

လူတိုင်း ဆွံ့အသွားကြ၏။

စကားအနည်းငယ် ပြောပြီးနောက် ဟုန်ချီထောင်က သူတို့၏ပြဿနာကို မေးသည်။ ဟုန်ချီထောင်က သူမအား ကူညီပေးနိုင်သည်ဟု ခံစားမိသည့်အတွက် ဝမ်ကျားရွှမ်က သူ့အား အမှန်အတိုင်းပြောလိုက်သည်။

သို့သော် သူမ မဖျော်လင့်ထားသည်မှာ ဟုန်ချီထောင်က သူ့ခေါင်းအား တန်း၍ ဖုန်းဆက်ပြီး အကြွင်းမဲ့လေသံဖြင့် ပြော လိုက်သည်။ "ဝမ်ကျားရွှမ်ရဲ့ ပူပေါင်းဆောက်ရွက်မှုအတွက် အားလုံးကို သုံးရက်အတွင်း အချိန်မှီ ပြင်ဆင်ဖို့လိုတယ်။ နှောင့် နေးကြန့်ကြာတာမျိုးတွေ တခြားမတော်တဆမှုတွေ ငါ မ လိုချင်ဘူး”

ဟုန်ချီထောင်က ထိုအချိန်တွင် ဖျော်ဖြေရေးနယ်ပယ်၏ အကောင်ကြီးတစ်ကောင်နှင့် တူသွားပြန်သည်။

ပြဿနာအား သူ ဖြေရှင်းလိုက်သည့်အချိန်တွင် စုယွီနှင့် အခြားသူများ နောက်ထပ် ဆယ်မိနစ်ခန့် ထိုင်နေလိုက်ကြ သည်။ ထိုနောက် သူတို့ ထရပ်ကာ နှုတ်ဆက်လိုက်ကြ၏။

တံခါးဆီသို့ လျှောက်လာကြပြီး ကားပေါ်တက်လာကြ သည်အထိ ဝမ်ကျားရွှမ်မှာ အိပ်မက်မက်နေသလို ခံစားနေရ သည်။ သူမ ရေရွတ်လိုက်၏။

"မစ္စတာကျန်းက ဇီယန်ရဲ့ ခင်ပွန်းပေါ့။ သူတို့က အရမ်း ထူးကဲတယ်"

"တစ်ခါတစ်လေကျရင် ငါတို့ရဲ့စိတ်ထဲက အခက်အခဲတွေ က သူတို့အတွက် တောင်းဆိုမှုလေးတစ်ခုတည်းနဲ့ ဖြေရှင်းနိုင် တယ်" ဝူယန်က စိတ်လှုပ်ရှားစွာ ပြောသည်။

"အင်း... ပြဿနာက ပြေလည်သွားပြီ။ ရှင် ပြန်ပြီ တက် ကြွလာပြီမဟုတ်လား" ဝမ်ကျားရွှမ် ပြုံးကာ သူ့အား ကြည့် လိုက်သည်။

"အရင်ပြန်ကြွရအောင်။ ဒီတစ်ခါတော့ ငါတို့ မစ္စတာကျန်း နဲ့ ဇီယန်တို့ကို အများကြီး အကြွေးတင်သွားပြီထင်တယ်"

"ငါတို့ သူတို့ကို ကျေးဇူးတင်ရမယ်။ ဇီယန်ပြန်လာရင် ငါ သူမဆီ သွားလည်လိုက်မယ်" ဝမ်ကျားရွှမ်က ခေါင်းညိတ်သည်။

"..."

သူတို့ စကားမပြောခင်က ဇီယန်သည် ညနေ ၃ နာရီတွင် ပြည်မကြီးသို့ သွားမည်ဖြစ်ကြောင်း ကျိုးဖေးထံမှ ကြားသိခဲ့ရသည်။ သူမ ပြန်လာရန် ဆယ်ရက်ခန့် ကြာနိုင်၏။

ကျန်းဟန်က ဇီယန်အတွက် ချက်ပြုတ်ပေးရန် စားသောက်ဆိုင်သို့ ပြန်ချင်သော်လည်း ထန်ကျားယီက သူတို့အား ဆက်နေရန် စိတ်အားထက်သန်စွာဖြင့် နားချနေခဲ့သည်။

သူမအား မငြင်းဆန်နိုင်သည့်အတွက် သူတို့ နေ့လည်စာ စားခဲ့ကြသည်။

စားသောက်နေစဉ်တွင် စိတ်ဝင်စားဖွယ်ရာတစ်ခု ဖြစ်ပျက်ခဲ့၏။

ဟုန်ချီထောင်က မုန့်မုန့်အား ခဏလောက်စိုက်ကြည့်ပြီးနောက်ဆုံးတွင် ဇီယန်ဘက်သို့ လှည့်ကာ ပြောလိုက်သည်။ "ရှောင်ယန် မုန့်မုန့်က အရမ်းချစ်စရာကောင်းတယ်။ ငါ သူမရဲ့ ခေါင်းကိုင်အဖေလုပ်လို့ရမလား”

"ဘာရယ်" ဇီယန် အံ့သြသွားသည်။

"ဖူး...." ဟုန်လီမှာ အံ့သြမှုကြောင့် ပါးစပ်ထဲမှ စားစရာများ ထွေးထုတ်လိုက်မိသည်။

သူ၏အဖေက မုန့်မုန့်၏ခေါင်းကိုဖခင်ဖြစ်လာလျှင် သူ့အား မည်သည့်နေရာတွင် ထားရမည်နည်း။

ထန်ကျားယီမှာ စိတ်ဆိုးသွားပြီး ဟုန်ချီထောင်အား စားပွဲအောက်မှ ကန်လိုက်သည်။

"ကောင်းပြီ။ သူက နောက်တာပါ"

ဟုန်ချီထောင်က အမြန်ပြောလိုက်သည်။ "ငါ ညက သိပ်ပြီး အိပ်မပျော်လို့။ ခေါင်းနည်းနည်းကိုက်နေသေးတယ်။ မုန့်မုန့်ကလည်း အရမ်းချစ်စရာကောင်းနေတော့..."

ညစာစားပြီးနောက် ၁ နာရီထိုးခန့်တွင် ကျန်းဟန်နှင့် အခြားသူများ ပြန်လာကြသည်။

ဟုန်ချီထောင်နှင့် ထန်ကျားယီက သူတို့အား ဝင်ပေါက်ဆီသို့ လိုက်ပို့ပေးသည်။

သူတို့၏သာမန်ပန်ဒါကားလေးကို မြင်လိုက်ရသည်။

သူတို့ ခေါင်းယမ်းကာ သက်ပြင်းချလိုက်၏။

သူတို့အား ရက်ပေါင်းများစွာ ခြောက်လှန့်ခဲ့သည့် အကျပ်အတည်းကို ကျန်းဟန်က ထိုကဲ့သို့ ရက်စက်ကြမ်းတမ်းသည့်နည်းဖြင့် ဖြေရှင်းနိုင်လိမ့်မည်ဟု မမျှော်လင့်ထားခဲ့ချေ။

ရည်ရွယ်ချက်ရှိရှိ မျက်နှာသာပေးခဲ့ခြင်းမဟုတ်သော်လည်း ၎င်းက သူတို့၏ပြဿနာကြီးကို ဖြေရှင်းပေးခဲ့သည်။ ဟုန်ချီထောင်က သူတို့အား အလွန်ကျေးဇူးတင်မိသည်။

ထိုနောက် ကျန်းဟန်နှင့် အခြားသူများ စားသောက်ဆိုင်သို့ ပြန်သွားကြသည်။

ပထမထပ်တွင် လူ ၁၀၀ ကျော်ထိုင်နေ၏။

၎င်းတို့ထဲတွင် ကျောက်ဖုန်း၊ အားဟူ၊ မုံ့ကြီးနှင့် လန်ယွဲ့ အပါအဝင် အခြား အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးခြောက်ဦးတို့လည်း ရှိသည်။ ထိုလူ ၁၁ ယောက်လုံးမှာ ဇီယန်အား ပြည်မကြီးသို့ လိုက်ပို့မည့် သက်တော်စောင့်များပင်။

-အခန်း(၃၆၆-ခ)ပြီး

wunzinnosp

## အခန်း(၃၆၇) ဒါရိုက်တာဘုတ်အဖွဲ့က သူတို့အား လိုက်ပါပို့ဆောင်နှုတ်ဆက်ခြင်း

ဇီယန်၊ ကျန်းဟန်နှင့် မုန့်မုန့်တို့ ဒုတိယထပ်သို့ တက်သွားကြစဉ် ကျိုးစဉ်က သူမ၏တိုက်ခန်းသို့ပြန်ကာ ပစ္စည်းများအားထုပ်ပိုးလိုက်သည်။

စားသောက်ဆိုင် ဒုတိယထပ်ရှိ အိပ်ခန်းထဲတွင် ကျန်းဟန်နှင့် မုန့်မုန့်တို့ ကုတင်ပေါ်တွင် ထိုင်နေကြသည်။ ဇီယန်သည်

မျက်လုံးလှလှလေးများဖြင့် ကျန်းဟန်အား တစ်ချက်ကြည့်လိုက်ပြီး ထိုအမျိုးသားအား ရှောင်ဖယ်မနေတော့ဘဲ အဝတ်အစားများကို လဲလိုက်သည်။

အကျႌလက်တို၊ ဂျင်းဘောင်းဘီနှင့် အဖြူရောင် ဝိုင်းဘရိတ်ကာကို လဲလိုက်ပြီးနောက် ဇီယန်သည် နေ့စဉ်သုံးပစ္စည်းများ၊ အပိုအဝတ်အစားများဖြင့် ခရီးဆောင်အိတ်ကို စတင်ထုပ်ပိုးလိုက်သည်။

ခရီးဆောင်အိတ်ကို ကြည့်ပြီးနောက် သူမနှင့် အချိန်တချို့ကြာအောင် ခွဲခွာရတောမည်ကို တွေးမိသွားပြီး ကျန်းဟန်သည် ပထမထပ်မှ ယန်ချင်ရေငါးပုလင်းကိုယူကာ ခရီးဆောင်အိတ်ထောင့်ထဲတွင် ထည့်လိုက်သည်။

"ပင်ပန်းရင် သောက်လိုက်ပါ" နူးညံ့သည့်အသံလေးဖြင့် ပြောလိုက်သည်။ "ကိုယ့်ကိုကိုယ် ဂရုစိုက်ပါ။ အလုပ်တွေအရမ်းကြီး မလုပ်နဲ့"

ကျန်းဟန်သည် ဇီယန်နှင့် ခွဲခွာရန် တွန့်ဆုတ်နေ၏။ သူ ဤကောင်မလေးအား တွေ့တာ သိပ်မကြာသေးသော်လည်း ယခု အရူးအမူးချစ်သွားခဲ့ပြီဖြစ်သည်။

ဇီယန် အောက်နှုတ်ခမ်းအား ညင်သာစွာ ကိုက်လိုက်ပြီး "အင်းပါ" ဟု ပြန်ဖြေလိုက်သည်။

"အမ်" မုန့်မုန့်က ကုတင်နားသို့ တွားသွားလာပြီး မေးသည်။ "မေမေ မေမေ ခရီးဆောင်အိတ်နဲ့ ဘာလုပ်နေတာလဲ"

"မေမေက အလုပ်သွားလုပ်မလို့။ ရက်နည်းနည်းကြာရင် ပြန်လာမှာပါ။ မုန့်မုန့်က လိမ်လိမ်မာမာနဲ့ ဖေဖေ့စကားကို နားထောင်ရမယ်နော်" ဇီယန် ပြုံးလိုက်သည်။

"ဟမ် မေမေ့ကို မသွားစေချင်ဘူး။ မေမေ သမီးတို့ကို မထားခဲ့ပါနဲ့ ဝါး....ဝါး...မေမေ့ကို သွားခွင့်မပေးဘူး" မင်းသမီးလေးမှာ မျက်ရည်များကျဆင်းလာသည်။

ကျန်းဟန်နှင့် ဇီယန်မှာ မင်းသမီးလေးအား ချော့မော့ရန် ကုတင်အစွန်းတွင် ထိုင်လိုက်သည့်အချိန်တွင် မုန့်မုန့်သည် ဇီယန်၏ရင်ခွင်ထဲသို့ တိုးဝင်လာပြီး သူမ၏မျက်ရည်များဖြင့် စွဲဆောင်ရန် ကြိုးစားသည်။ သနားစရာမင်းသမီးလေးပင်။

"ဟုတ်ပါပြီ ဟုတ်ပါပြီ။ မေမေက ရက်နည်းနည်းကြရင် ပြန်လာမှပါ။ မငိုနဲ့တော့နော်။ မုန့်မုန့်…"

ကျန်းဟန်နှင့် ဇီယန်မှာ မုန့်မုန့်၏မျက်ရည်များအား ရပ်တန့်သွားစေရန် ၁၀ မိနစ်ခန့်ကြာအောင် ကြိုးစားခဲ့သော်လည်း နှုတ်ခမ်းစူနေသည့် ကလေးမလေးမှာတော့ စိတ်ဆိုးနေဆဲဖြစ်သည်။

မင်းသမီးလေးအား ချော့မော့ရန်အတွက် သူမလေးနှင့် နောက်ထပ် နာရီဝက်ခန့် ကစားပေးလိုက်ကြ၏။

နေ့လည် ၂ နာရီတွင် ကျိုးဖေးသည် သူမ၏အိတ်ဖြင့် ပြန်လာခဲ့သည်။ ဆယ်မိနစ်ခန့် အနားယူပြီးနောက် သူတို့ လေဆိပ်သို့ ထွက်လာကြ၏။

ကျောက်ဖုန်းနှင့် အခြားသူများက နောက်မှလိုက်သွားပြီး ရှုယုံက ကျန်သည့်လူများနှင့် လိုက်လာခဲ့သည်။

အနက်ရောင် မာစီးဒီး အစီး ၂ဝ ခန့်ပါရှိသည့် ယာဉ်တန်းမှာ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မောင်းနှင်သွားခဲ့၏။

ထိုအချိန်အတောအတွင်း၌…

ဟောင်ကောင်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဆရာမား ဦးဆောင်သည့် တော်ဝင်အန်တာတိတ်မန့်၏ခေတ်ပုံဆရာများသည် ဝင်ပေါက်အနီး၌ ရပ်နေကြ၏။

သူတို့သည် ကျိုးနွံ့ပုံရပြီး အနည်းငယ်တောင့်တင်းစွာဖြင့် ရပ်နေကြကာ သူတို့နှင့် မီတာအနည်းငယ်အကွာရှိ တစ်စုံတစ်ဦးအား လှမ်းကြည့်နေကြသည်။

၎င်းမှာ ဘုတ်အဖွဲ့ဝင်များနှင့် သူတို့၏အတွင်းရေးမှူးများပင်။ ပြည်ပရောက်နေသည့် နှစ်ယောက်မှလွဲလျှင် ကျန်သည့် ဒ

ရိုက်တာခုနှစ်ယောက်မှာ အရည်အသွေးမြင့်အနောက်တိုင်း ဝတ်စုံများဖြင့် ရောက်ရှိနေကြသည်။

လီချန်း၏မိဘများမှာလည်း လူအုပ်ကြားထဲတွင် ရှိလေသည်။ ခဏအကြာတွင် လီချန်းသည် သူ၏သစ္စာရှိနောက်လိုက်နှစ်ဦးနှင့်အတူ ကားပေါ်မှ တုတ်ကောက်ဖြင့်ဆင်းလာပြီး ဘီးတပ်ကုလားထိုင်ပေါ် ထိုင်လိုက်သည်ကို တွေ့လိုက်ရ၏။

လီချန်း၏မိဘများမှာ သူ့ဆီသို့ ခပ်သုတ်သုတ်လျှောက်သွားကြသည်။

"ချန်း ကိုယ့်ကိုကိုယ်ပြန်သုံးသပ်ပြီး မော်လ်ဒိုက်မှာ ကောင်းကောင်းအနားယူလိုက်ပါ။ ဒီကိစ္စကို သင်ခန်းစာယူပြီး အောင်မြင်မှုကြောင့် ဘယ်တော့မှ မယစ်မူးစေနဲ့" လီအဖေက မျက်မှောင်ကြုတ်ကာ ပြောသည်။

"ဟုတ်ကဲ့" လီချန်းက ပေါ့ပေါ့ပါးပါး ပြန်ဖြေသည်။

"မင်နဲ့ ဖန့် ကျေးဇူးပြုပြီး ချန်းကို ကူညီပေးဖို့ ဒုက္ခပေးပါရစေ" လီအမေက လီချန်း၏နောက်လိုက် လူငယ်နှစ်ယောက်အား တောင်းဆိုလိုက်သည်။

"ကိစ္စမရှိပါဘူး အန်တီ။ အစ်ကိုလီကို ကျွန်တော်တို့ သေချာဂရုစိုက်ပါ့မယ်" လူငယ်နှစ်ယောက်က ဖားယားရင်း အလုပ်ရှုပ်နေကြသည်။

"အဖေ ဘာလို့ အဖေတို့အကုန်လုံး ဒီကိုရောက်နေတာလဲ" လီချန်းသည် သူ့အား စောင့်နေကြသည့် ဒါရိုက်တာအရေအတွက်ကို ကြည့်ပြီး အံ့သြသွား၏။

"ဇီယန်နဲ့ တခြားသူတွေ လာနေကြပြီ။ သူတို့ကို တွေ့ဖို့ ငါတို့ ရောက်လာတာ" ဒါရိုက်တာလီ၏မျက်နှာထက်တွင် တွန့်ဆုတ်မှုအနည်းငယ် ပေါ်လာသော်လည်း စုပေါင်းလှုပ်ရှားမှုအား ရှောင်လွှဲ၍ မရဘဲ ဒါရိုက်တာထက်ဝက်ကျော်က သူတို့၏စိတ်ကောင်းကို ပြသရန် သဘောတူခဲ့ကြသည်။

ဇီယန်၏ချစ်သူမှာ မာစတာကျန်းဖြစ်ကြောင်း အားလုံးသိကြပေသည်။

ဒါရိုက်တာလီသည် ပုဂ္ဂိုလ်ရေးကိစ္စဖြင့် ဒါရိုက်တာဘုတ်အဖွဲ့၏ဆုံးဖြတ်ချက်ကို မပြောင်းလဲနိုင်ချေ။

"သူ လာမှာလား" ယမန်နေ့ညက အဖြစ်အပျက်က သူ့အား ထိတ်လန့်ကြောက်ရွံ့နေသေးသည့်အတွက် လီချန်း မျက်လုံး ပြူးထွက်လာသည်။ "သွားရအောင်။ လေယာဉ်ထွက်တော့မယ်" ဟု ကမန်းကတမ်းပြောလိုက်သည်။

မနေ့ညက ကျန်းဟန်၏သတိပေးမှုကြောင့် လီချန်းသည် သူနှင့် ဇီယန်အား မျက်နှာချင်းဆိုင်ရန် ကြောက်ရွံ့နေခဲ့သည်။ သူ၏ဆိုးရွားသည့် လုပ်ရပ်များကို ရှာတွေ့သွားမည်ဟုသည့် အတွေးက သူ့အား တုန်လှုပ်ခြောက်ခြားစေသည်။

လီချန်း မော်လ်ဒိုက်သို့ သွားရသည့်အကြောင်းအရင်းမှာ ဂူဖန်းဖုန်းကဲ့သို့ ဆိုးရွားစွာ မသေချင်သောကြောင့်ပင်။

"သွားရအောင်။ အမေ မင်းကို လိုက်ပို့မယ်" လီအမေက ခေါင်းညိတ်ကာ လူအုပ်နှင့်အတူ လေဆိပ်ထဲသို့ ဝင်သွားခဲ့သည်။ လေဆိပ်ခန်းမထဲတွင် မိနစ်အနည်းငယ် စကားပြောပြီးမှ ပြန်ထွက်လာခဲ့သည်။

သူတို့ ပြန်ထွက်လာသည့်အချိန်တွင် မာစီးဒီးယာဉ်တန်းက ရောက်ရှိလာခဲ့ပြီး သူတို့ရှေ့ မီတာတစ်ရာခန့်တွင် ရပ်တန့်သွားသည်။

မော်တော်ယာဉ်တန်း၏အလယ်တွင်...

မုန့်မုန့်က ဇီယန်၏ရင်ခွင်ထဲတွင် ဂျီတိုက်နေ၏။ "မေမေ မြန်မြန်ပြန်လာခဲ့နော်"

"အင်းပါ မေမေပြန်လာရင် မုန့်မုန့်နဲ့ နှစ်ယောက်လောက် လျှောက်ကစားပေးမယ်နော်" ဇီယန်က မုန့်မုန့်၏ပါးပြင်လေးအား နမ်းကာ ကတိပေးလိုက်သည်။

သားအမိနှစ်ယောက်၏နှုတ်ဆက်ပွဲက ခဏအတွင်း ပြီးဆုံးမည်မဟုတ်ကြောင်း သိရှိပြီး ကျန်းဟန်က ကားပေါ်မှ ဆင်းကာ ဇီယန်၏ခရီးဆောင်အိတ်အား ကားနောက်ဖုံးထဲမှ ထုတ်ယူလိုက်သည်။

ကျိုးဖေး၊ ကျောက်ဖုန်းနှင့် လန်ယွဲ့တို့လည်း ထွက်လာကြ၏။

ကျောက်ဖုန်းက ကျန်းဟန်ထံမှ ခရီးဆောင်အိတ်အား ယူလိုက်ပြီး ဘေးသို့ အနည်းငယ် လျှောက်လာလိမ့်သည်။ သုံးယောက်သား မိသားစုအား အနှောင့်အယှက်မဖြစ်စေရန် အတွက် လေဆိပ်ဝင်ပေါက်ဆီသို့ အကြည့်လွှဲလိုက်သည်။

အခြားတစ်ဖက်ရှိ တော်ဝင်အန်တာတိတ်မန့်ဘက်တွင်...

"အဲဒီအမျိုးသမီးတွေက ဇီယန်ရဲ့ သက်တော်စောင့်တွေမလား" ဆရာမား၏အဖွဲ့ထဲမှတစ်ယောက်က ရုတ်တရက် ပြောလိုက်သည်။

"ဝှစ်"

အားလုံး၏အကြည့်များက ယာဉ်တန်းဆီသို့ လှည့်သွားကြသည်။

အနက်ရောင်ဝတ်စုံဝတ် သက်တော်စောင့်အတန်းလိုက်ကြောင့် သူတို့ ချက်ချင်း အံ့အားသင့်သွားကြသည်။

ထူးခြားလိုက်တဲ့မြင်ကွင်း...

လူတိုင်း၏အကြည့် အောက်တွင်...

ဇီယန် ကားပေါ်မှ ဆင်းလာ၏။

အနက်ရောင်အနောက်တိုင်းဝတ်စုံဝတ်ဆင်ထားသည့် လူအုပ်ကြားတွင် ရပ်နေသည့် ကျန်းဟန်၊ ဇီယန်နှင့် ကျိုးဖေးတို့မှာ သူတို့၏ ပေါ့ပါးသည့်အဝတ်အစားများကြောင့် မျက်စိဖမ်းစားထားသည်။

"ကျွန်မ သွားတော့မယ်" ဇီယန်သည် အောက်နှုတ်ခမ်းအားကိုက်ကာ ကျန်းဟန်၏ရှေ့တွင်ရပ်လျက် လှပသည့်

မျက်လုံးဝိုင်းလေးများဖြင့် မျက်တောင်မခတ်ဘဲ သူ့အား စိုက်ကြည့်နေသည်။

ကျန်းဟန်က လက်နှစ်ဖက်အား ဆန့်ကာ ဇီယန်အား ပွေ့ဖက်လိုက်သည်။ "မင်းပြန်လာရင်..” သူ ဇီယန်၏နားနားသို့ ကပ်ကာ တိုးတိုးလေးပြောသည်။ "... မင်းကို ကိုယ်စားမယ် အနီရောင်လေး”

နီမြန်းနေသည့်မျက်နှာဖြင့် ဇီယန်သည် ကျန်းဟန်၏လက်မောင်းတွင်းသို့ တိုးဝင်ကာ မခို့တရို့လေး ပြောလိုက်သည်။ "နှာဘူး”

"ဟားဟားဟား...” ကျန်းဟန်က ရယ်မောလိုက်ပြီး ဇီယန်၏ခါးအား ပုတ်လိုက်သည်။ "သွားပါ”

"အင်း ဒါဆို... အဲ နေပါဦး ‘ဟိုရောက်ရင် ဖုန်းဆက်ဦး’ လို့ ဘာလို့ မပြောတာလဲ” ဇီယန်က ခေါင်းပြန်လှည့်ကာ ကျန်းဟန်အား ကြည့်လိုက်၏။

"အမ်... ဘာလို့လဲဆိုတော့... မင်းလေယာဉ်ပေါ်ကဆင်းရင် ကိုယ်သိတယ်လေ။ ကိုယ်ဖုန်းဆက်လိုက်မှာပေါ့" ကျန်းဟန်က ပြုံးကာ ပြန်ပြောသည်။

"သွားတော့မယ်။ မွ..." ဇီယန်က ကျန်းဟန်၏နှုတ်ခမ်းအား နမ်းလိုက်ပြီး လူအုပ်နှင့်အတူ ဝင်ပေါက်သို့ လျှောက်သွားတော့သည်။

မုန့်မုန့်က ပြတင်းပေါက်မှန်အား ချကာ ခေါင်းလေးပြူထွက်လာသည်။ "မေမေ မြန်မြန်ပြန်လာခဲ့နော်" သူမလေးက အသံကျယ်ကျယ်ဖြင့် လှမ်းပြောရန် ကြိုးစားသည်။

ဇီယန်က ပြုံးကာ လက်ယမ်းပြလိုက်သည်။

နောက်တံခါး၏အပြင်ဘက်တွင် ကျန်းဟန်က ဇီယန်အား တိတ်ဆိတ်စွာ ရပ်ကြည့်နေသည်။

လူအုပ်ကြီးအား ဖြတ်သွားသည့်အချိန်တွင်...

ဘုတ်အဖွဲ့ဝင်များက သူမအား ကြိုဆိုကြပြီး သူတို့ထဲမှ အများစုက ရယ်မော၍ ပြောကြသည်။ "ဧယန် ဒီပြည်မကြီး ခရီးစဉ်က အရမ်းခက်ခဲနိုင်တယ်။ မင်း အကောင်းဆုံးသာလုပ်ပါ။ အဖွဲ့ခေါင်းဆောင်ကို လိုအပ်တာမှန်သမျှ တောင်းဆိုလို့ရတယ်။ ဘာမှ တုံ့ဆိုင်းမနေပါနဲ့"

"ခုတလော မင်း ကောင်းကောင်းလုပ်ခဲ့တာပဲ။ ကုမ္ပဏီက မင်းလိုအပ်တဲ့ အရင်းမြစ်တွေအားလုံး ထောက်ပံ့ပေးပြီး မင်းကို တော်ဝင်အန်တာတိတ်မန့်ရဲ့ ကုမ္ပဏီ၏နံပါတ်တစ်ဖြစ်လာအောင် ထောက်ပံ့ပေးဖို့ ဆုံးဖြတ်လိုက်တယ်"

"ဧယန် ဒီတစ်ခေါက်..."

အဖြစ်မှန်ကို မသိကြသည့် ဆရာမားနှင့် အဖွဲ့သားများမှာတော့ မြင်ကွင်းကြောင့် အလွန်ရှော့ခ်ရသွားကြသည်။

ဘုတ်အဖွဲ့ဝင်များသည် တစ်စုံတစ်ဦးအား လာကြိုသည်သို့မဟုတ် အမိန့်တချို့ပေးရန် ရောက်လာခြင်းဖြစ်သည်ဟု သူတို့ မျှော်လင့်ခဲ့ကြသည်။ သို့သော်...

လွန်ကြူးသည့် စိတ်အားထက်သန်မှုက သူတို့အား တွေး လေတွေးလေ ပို၍ ကြောက်လန့်စေဖြစ်သည်။

"ဒါရိုက်တာဘုတ်အဖွဲ့တစ်ခုလုံးနီးပါးက ဇီယန်ကို တွေ့ဖို့ လာတာလား"

"ရှီး…"

အများစုမှာ သက်ပြင်းရှည်ကြီး ရှူသွင်းလိုက်မိကြသည်။

အခြားတစ်ဖက်တွင် ဇီယန်နှင့် အဖွဲ့သားများသည် လေဆိပ်ထဲသို့ ဝင်သွားရင်း ရယ်မောကာ စကားပြောနေ ကြ၏။

ထိုအချိန်တွင် ဘုတ်အဖွဲ့ဝင်များက အဖွဲ့ခေါင်းဆောင်နှင့် ဆရာမအားအား ဇီယန်၏ဆန္ဒအတိုင်း လိုက်နာရန် ညွှန်ကြားချက်ပေးသည်။

နောက်ပိုင်းတွင် ပို၍ပင် စိတ်ရှုပ်ထွေးလာကြ၏။

ဘာကြောင့်မှန်းမသိသော်လည်း

ဇီယန်သည် မကြာခင်တွင် ရုတ်တရက်ပေါ်လာသည့် ဖော့ဆို့ကဲ့သို့ တော်ဝင်အန်တာတိတ်မန့်၏ထိပ်တန်းမင်းသမီး ဖြစ်လာတော့မည်ကို သူတို့ သဘောပေါက်သွားကြသည်။

သူ၏မျက်လုံးများက လေဆိပ်ထဲသို့ လိုက်ပါသွားပြီး နောက် ကျန်းဟန်သည် ခေါင်းကိုအသာယမ်းကာ ကားပေါ်ပြန် တက်လာပြီး မုန့်မုန့်အား ပွေ့ချီလိုက်သည်။

ဖြတ်သွားဖြတ်လာများ၏ စူးစမ်းလိုစိတ်ဖြင့်ကြည့်သည့် အကြည့်များအောက်တွင် ယာဉ်တန်းသည် လေဆိပ်မှ လဆန်း ပင်လယ်ကွေ့သို့ ဖြည်းညှင်းစွာ မောင်းနှင်လာခဲ့သည်။

"ဘော့စ် အစ်ကိုဖုန်းက သူတို့နဲ့လိုက်သွားတာဆိုတော့ ဘော့စ်တစ်ခုခုလိုရင် ကူညီပေးလို့ရအောင် ကျွန်တော် လာခဲ့ပါ မယ်။ ဒါမှမဟုတ်... ကျွန်တော် စားသောက်ဆိုင်ကို နေ့တိုင်း လာရမလား” ရှုယုံက ကားမောင်းနေရင်းဖြင့် မေးသည်။

"မင်းသဘောအတိုင်းသာလုပ်ပါ” ကျန်းဟန်က ခေါင်းကို အသာယမ်းလိုက်၏။

ညနေ ၄ နာရီဝန်းကျင်တွင် သူတို့ စားသောက်ဆိုင်သို့ ပြန်ရောက်လာခဲ့သည်။ ကျန်းဟန်က မုန့်မုန့်အား လဆန်းတောင်သို့ လိုက်ပို့ပေးရင်း ကြက်များဖမ်းလာခဲ့သည်။ ကြက်တောင်ပံများကို ဖြတ်လိုက်ပြီးနောက် ကျန်သည့်ကြက်သားမျိုးကို ရှူယံ့နှင့် အခြားသူများအား ပေးလိုက်၏။

ညစာမှာ မုန့်မုန့်အတွက် အထူးသီးသန့်လုပ်ပေးထားသည့် ကြက်တောင်ပံကင်တစ်ပန်းကင်နှင့် ဗီအိုင်ပီဖောက်သည်များအတွက် အာလူးကြော်ဖြစ်သည်။

အစပိုင်းတွင် ဗီအိုင်ပီဖောက်သည်များမှာ သူဌေးကတော်ရှိမရှိကို အလေးမထားကြဘဲ အလုပ်ကိစ္စခရီးသွားသည်ကို သာမန်မျှသာတွေးကြသည်။

သို့သော် မကြာမီပင် သူတို့၏ ဗီအိုင်ပီအစားအသောက်များ၏အရည်သွေး ကျဆင်းသွားသည်ကို တွေ့ရှိခဲ့ရပြီး မုန့်မုန့်တစ်ဦးတည်းသာ အရသာရှိသည့်ဟင်းလျာများကို ယခုထိစားနိုင်သည့်သူဖြစ်သည်။ ဗီအိုင်ပီစားသုံးသူများသည် စားသောက်

ဖွယ်ရာများကို လွှမ်းဆွတ်လာကြပြီး သူဌေးကတော် ပြန်လာရန် ဤကဲ့သို့ တစ်ခါမျှ မမျှော်ခဲ့ကြဖူးချေ။ ထိုအကြောင်းကို နောက်မှပြောကြပေမည်။

ညစာစားချိန်တွင် ကျန်းဟန်သည် အချိန်ကိုတစ်ချက် ကြည့်လိုက်ပြီး ည ၇ နာရီ ၁၀ မိနစ်ခန့်တွင် ဇီယန်အား ဖုန်းဆက်လိုက်၏။ သူမ လေယာဉ်ဆင်းချိန်တန်ပေပြီ။

"ဝိုး ရှင်အချိန်ကိုက်ပဲ။ ကျွန်မ အခုပဲ ရောက်တာ" ကျန်းဟန်အား ဖုန်းဆက်ရန်ပြင်နေသည့် ဇီယန်မှာ အလွန်ပျော်ရွှင်သွားသည်။

ဖုန်းဆိုမှုမှာ မိနစ်အနည်းငယ်သာ ကြာခဲ့သည်။ သူ ဖုန်းချလိုက်သည့်အချိန်တွင်တော့ ညစာလည်း ကုန်သွားခဲ့ပြီဖြစ်ရာ ထမင်းစားခန်းမှာ တိတ်ဆိတ်သွားပြန်သည်။

ကျန်းဟန်သည် မုန့်မုန့်နှင့် ညဦးပိုင်းတွင် ကစားခဲ့ပြီး အိပ်ရာဝင်ချိန်တွင် ပုံပြင်ပြောကာ ချော့သိပ်သည်။ ဇီယန်၏ကု တင်အား တစ်ချက်လှမ်းကြည့်လိုက်ရင်း ကျန်းဟန်သည်

အမျိုးသမီးလေးအား လွမ်းဆွတ်နေသည်ကို ခံစားလိုက်ရ၏။ ဇီယန်သည် သူ၏ဘဝအစိတ်အပိုင်းတစ်ခုဖြစ်လာခဲ့သည်။

ကျန်းဟန်၏အတွေးများမှာ WeChat မက်ဆေ့ချ်တစ်ခုကြောင့် ကြားဖြတ်ခံလိုက်ရသည်။

ဇီယန်က သူ့အား ဆဲလ်ဖီပုံများစွာ ပို့ပေးထား၏။

"ကျွန်မတို့ ကွမ်ကျိုးတစ်ဝိုက် လမ်းလျှောက်ကြတယ်။ ဒီမှာ မုန့်တွေက အရမ်းအရသာရှိတယ်။ ဒါပေမယ့် ရှင်လုပ်ပေးတာလောက်တော့ မကောင်းဘူး"

"အင်း ဓာတ်ပုံတွေက အရမ်းကောင်းတယ်"

"ဟီးဟီး..."

"ဒင်...ဒင်..."

၎င်းမှာ ဇီယန်၏ခန္ဓာကိုယ်အပေါ်ပိုင်း၌ အတွင်းခံအဝတ်အစားသာဝတ်ထားပြီး လှဲလျောင်းနေသော

သူမ၏ကိုယ်လုံးကိုယ်ပေါက်ကို ပြီးပြည့်စုံစွာ ပြသထားသည့် ဆဲလ်ဖီပုံဖြစ်သည်။

"ဒင် ဒင်…”

ရှည်လျားသည့် ခြေတံသွယ်နှစ်ချောင်းကို ပြသထားသော နောက်ထပ် ဆဲလ်ဖီတစ်ပုံဖြစ်သည်။

ကျန်းဟန်၏နှုတ်ခမ်းထောင့်များက တုန်ခါသွားပြီး "အရမ်းကြမ်းတယ်” ဟု စာပြန်လိုက်သည်။

"ဟမ့် ရှင် နှာခေါင်းသွေးယိုနေတာလား”

"…”

ဖုန်းပေါ်တွင် ညသန်းခေါင်အထိ တစ်ယောက်နှင့်တစ်ယောက် ပရောပရီလုပ်ပြီးနောက် နှစ်ယောက်လုံး စိတ်ကျေနပ်သွားကြသည်။

တစ်နေ့တာ၏အဆုံးတွင် ကျန်းဟန်သည် ပြုံးရွှင်သည့်မျက်နှာဖြင့် အိပ်ပျော်သွား၏။

အခြားမြို့မှ ဟိုတယ်တစ်ခုတွင် ဇီယန်သည်လည်း ဆင်တူသည့်အပြုံးတစ်ခုကို ဆင်မြန်းထား၏။

ထိုအပြုံးမှာ အချစ်၏ပျော်ရွှင်မှုကို ရှင်းပြပေးနေသည်။

နောက်တစ်နေ့...

ထုံးစံအတိုင်းပင် ကျန်းဟန်က မနက်စာပြင်ဆင်ပြီး မုန့်မုန့်အား ပေါက်စီလေးများ ကျွေးသည်။

ရှုယုံက ယနေ့မနက်စောစောတွင် စားသောက်ဆိုင်သို့ ရောက်လာခဲ့သည်။

မနက်စာစားပြီးနောက် ၉ နာရီခန့်တွင် ကျန်းဟန်သည် မုန့်မုန့်အား ပွေ့ချီကာ အောက်ထပ်သို့ ဆင်းလာသည်။

"ငါတို့ နေ့လည်ကျရင် ဆိုင်ပိတ်မယ်"

ကျန်းဟန်က မုန့်မုန့်နှင့်အတူ စားသောက်ဆိုင်မှ ထွက်လာခဲ့သည်။

ပန်ဒါကားလေးက သူတို့အား ဖြည်းဖြည်းချင်း သယ်ဆောင်သွားခဲ့သည်။

သူသည် ရှေးဟောင်းလမ်းသို့ မုန့်မုန့်နှင့်အတူ စျေးဝယ်ထွက်နေခြင်းပင်။

ကျန်းဟန်သည် ယွမ်ချင်သစ်သီးအား စောင့်ရန် သတ်မှတ်ထားသည့် အချိန်ကာလကို မစောင့်လိုသော်လည်း သူ၏ခွန်အားကို မြှင့်တင်ရန် တောင့်တနေဆဲဖြစ်သည်။

ထို့ကြောင့် သူသည် ဟောင်ကောင် ရှေးဟောင်းလမ်းလေးခုအား လျှောက်ပတ်ကြည့်ကာ အထောက်အကူဖြစ်စေမည့် တစ်ခုခုကို ရရှိရန် မျှော်လင့်နေခဲ့သည်။

-အခန်း(၃၆၇)ပြီး

wunzinnosp

## အခန်း(၃၆၈) လက်တွေ့အသုံးကျသည့် စိတ်ဝိဉာဉ်ရတနာ

"ဖေဖေ သမီးတို့ ဒီလူတွေအများကြီးရှိတဲ့နေရာကို နောက်တစ်ခါ ဈေးဝယ်ထွက်မလို့လား” မုန့်မုန့်က နောက်ခုံတွင် အနားယူရင်း မေးသည်။

"အင်း ဈေးဝယ်ထွက်ကြမယ်။ အဲဒီ လူတွေအများကြီးရှိတဲ့နေရာကို ရှေးဟောင်းလမ်းလို့ခေါ်တယ်။ ပြီးတော့ ဟိုးရှေးခတ်က လုပ်ထားတဲ့ဟာတွေ ထူးဆန်းပြီး လှပတဲ့ဟာတွေ တွေ့နိုင်တယ်” ကျန်းဟန်က ရှင်းပြသည်။

"ရှေးခေတ်က လုပ်ထားတာက ဘာတွေလဲ” မုန့်မုန့်က စိတ်ဝင်တစားမေးသည်။

“ဟိုးအရင်ကတည်းက လုပ်ထားပြီးတော့ လက်ဆင့်ကမ်းလာခဲ့တဲ့ဟာတွေပေါ့” ကျန်းဟန်က ပြုံးကာ ပြန်ဖြေသည်။

"သမီးတို့ ဘာလို့ အသစ်တစ်ခုမဝယ်တာလဲ”

"အင်း... ဖေဖေတို့ လိုက်ရှာပြီးတော့ ကြိုက်တဲ့ဟာကိုပဲ ဝယ်ကြမယ်လေ"

"ဒါပေမယ့် ဒီဟာတွေအကုန်လုံးက လှလည်း မလှဘူး။ ဒီမှာ ဝက်ဝံတွေလည်းမရှိဘူး။ အရုပ်တွေလည်း မရှိဘူး..." မုန့်မုန့်က ကားနောက်ခန်းထဲမှ အသံတိုးတိုးလေးဖြင့် ပြောသည်။

အရင်တစ်ခေါက် ဖေဖေနှင့်သွားခဲ့စဉ်က သူမလေးသည် စိတ်ဝင်စားစရာ ဘာမှ မတွေ့ခဲ့ချေ။

ယနေ့ သူတို့တွင် ဦးတည်ချက်ပန်းတိုင်လေးခုရှိသည်။

ပထမတစ်ခုမှာ မြောက်ဘက်ပတ်လမ်းပင်။ မုန့်မုန့်နှင့် အတူ လမ်းတစ်လျှောက် လျှင်မြန်စွာရှာဖွေခဲ့ပြီး ယခင်တစ်ခေါက်က ကျန်ခဲ့သည့် ဆိုင်များကို အထူးဂရုပြုကာ ရှာဖွေပြီးနောက် ကျန်းဟန်သည် လက်ဗလာဖြင့် လမ်းထဲမှ ထွက်လာခဲ့သည်။

ပထမဦးတည်ချက်မှာ အလွန်သေးငယ်သည်ဟု ယူဆသဖြင့် ကျန်းဟန်သည် မြောက်ဘက်သို့ မောင်းနှင်လာပြီး ကျန်းရှခရိုင်ရှိ လဲ့ကျုံးလမ်းသို့ ရောက်လာခဲ့သည်။ ဟောင်ကောင်၏ ဒုတိယအကြီးဆုံး ရေးဟောင်းလမ်းဖြစ်သည့် လဲ့ကျုံးလမ်းမှာ တရုတ်လူမျိုးတို့၏ ရှေးဟောင်းပစ္စည်းများ စုစည်း ဖြန့်ဝေရာ ဗဟိုဌာနဖြစ်သည်။

သို့သော် ကျန်းဟန်သည် မုန့်မုန့်၏မျက်လုံးအား ဖမ်းစားနိုင်သည့် အဆင်တန်ဆာလေးသုံးခုမှလွဲ၍ အခြား ဘာကိုမှ မတွေ့ခဲ့ရချေ။

ဒုတိယနေရာမှ ထွက်ခွာလာချိန်တွင် မွန်းတည့်နေပြီဖြစ်သည်။ ထိုနောက် သူတို့ အထူးစပါယ်ရှယ် ဝမ်ထုံခေါက်ဆွဲကို နေ့လည်စာစားခဲ့ကြသည်။

ခဏအနားယူပြီးနောက် သူတို့ လော့ရှန်းလမ်းသို့သွားခဲ့ကြပြီး မစ်ကီမောက်စ်တစ်ရုပ်နှင့် ဘာဘီအရုပ်တစ်ရုပ် ရရှိခဲ့သည်။

ကျန်းဟန်မှာ စိတ်ပျက်စွာ သက်ပြင်းချလိုက်၏။

သူသည် ယခင်တစ်ခေါက်ကလောက် ကံမကောင်းခဲ့ချေ။ ဤသုံးနေရာတွင် ရှေးဟောင်းပစ္စည်း အစစ်အမှန်များစွာရှိနေသေးသော်လည်း အကြမ်းဖျင်းခွဲခြမ်းစိတ်ဖြာပြီးနောက် အပြစ်အနာဆာငါးခုရှိနေသည့်အတွက် ပယ်ချခဲ့သောတစ်ခုမှလွဲ၍ ပြီးပြည့်စုံသည့် စိတ်ဝိညာဉ်ရတနာများကို မတွေ့ခဲ့ရချေ။

"နောက်ဆုံးဦးတည်ရာပေါ့"

ကျန်းဟန်သည် ဟောင်းကောင်ရှေးဟောင်းလမ်းတစ်ခုသို့ မောင်းသွားခဲ့သည်။ မြောက်ဘက် ဗဟိုဇုန်မှအစပြု၍ ရှည်လျားကွေ့ကောက်ပြီး အထက်ပတ်လမ်းနှင့် မြောက်ဖက်ပတ်လမ်းတစ်လျှောက် တရုတ်နိုင်ငံ၏ အဆင့်မြင့် အရည်အသွေးရှိ ရှေးဟောင်းပစ္စည်းဆိုင် ၁၀၀ ကျော်အထိ ရှိသည်။

ကြွေထည်များ၊ ကျောက်စိမ်းထည်များ၊ ကျောက်ပန်းပုများ၊ ဆင်စွယ်ပန်းပုများ၊ ကြေးထည်များ၊ ငွေထည်များ၊

ယွန်းထည်များ၊ ပရိဘောဂများ၊ လက်ရေးလှလက်ရာများ၊ ပန်းချီများ၊ ရှေးဟောင်းစာအုပ်များနှင့် ရှားပါးရှေးဟောင်း မင်္ဂလာဝတ်စုံများကို ရောင်းချကြသည်။ ရှေးဟောင်းပစ္စည်း အမျိုးအစားအားလုံးနီးပါးကို ထိုနေရာတွင် တွေ့နိုင်၏။

ထို့ပြင် အနောက်တိုင်းမှ ရှေးဟောင်းပန်ကာများနှင့် ခေတ်စက်များ၊ လက်ဝတ်ရတနာများ၊ ငွေထည်များနှင့် ဂျပန်နှင့် အရှေ့တောင်အာရှမှ ရှေးဟောင်းပစ္စည်းများကို ရှာဖွေနိုင်သည်။ ကမ္ဘာတစ်ဝှမ်းမှ ရှေးဟောင်းပစ္စည်းစုဆောင်းသူများနှင့် ဝါသနာရှင်များသည် ပြိုးပြိုးပြက်ပြက်နှင့် အဆုံးမရှိသည့် ရှေးဟောင်းပစ္စည်းများကို ရှာဖွေရာတွင် အလုပ်များနေကြသည်။

မတူညီသည့် အလုပ်အကိုင်နှင့် လူမှုရေးနောက်ခံများရှိသည့် ရတနာရှာဖွေသူများသည် အဆုံးမဲ့ရေစီးကြောင်းများမှ ထွက်လာသည့်ပမာ ၎င်းတို့၏ အစစ်အမှန်အထောက်အထားနှင့် ရည်ရွယ်ချက်ကို မသိနိုင်ကြချေ။ ဝတ်ကောင်းစားလှ

ဝတ်စားထားသူသည် တစ်စုံတစ်ရာ အင်အား စွမ်းအား ရှိသူ ဖြစ်နိုင်သည်။ သို့မဟုတ် မထင်မရှားသက်ကြီးရွယ်အိုတစ်ယောက်ကလည်း သန်မာသည့်နောက်ခံရှိသော စုဆောင်းသူ ဖြစ်နေနိုင်သည်။

"ဖေဖေ ဟိုမှာ အရုပ်တွေအများကြီးတွေ့တယ်" မုန့်မုန့်က ကျန်းဟန်၏ရင်ခွင်ထဲတွင် ငြိမ်ငြိမ်လေးနေရင်း သူမလေး၏ တောက်ပသည့် မျက်လုံးဝိုင်းများက ဘယ်ညာလိုက်ကြည့်နေရာ ညာဘက်မျက်နှာစာဆိုင်ရှိ အရုပ်တန်းများ၏ ဆွဲဆောင်ခြင်းကို ခံလိုက်ရသည်။

"သွားကြည့်ရအောင်" ကျန်းဟန်က ဆိုင်ခန်းဆီသို့ လျှောက်သွားလိုက်သည်။

အသက်သုံးကျော် လေးဆယ်ခန့်ရှိပြီး ဆံဖြူနေသည့် ဆိုင်ပိုင်ရှင်က ဈေးဝယ်သူနှစ်ယောက်အား အပြုံးလေးဖြင့် နှုတ်ဆက်သည်။

"ချစ်စရာကောင်းလိုက်တဲ့ ကလေးလေး။ မင်းသဘောကျတဲ့ ဟာရှိလား ကြည့်ကြည့်။ မင်းကို ၃၀ ရာခိုင်နှုန်းလျှော့ပေးမယ်"

ကျန်းဟန်က ပေါ့ပေါ့ပါးပါး ပြုံးလိုက်ပြီး ပြန်မဖြေ။

ပုံမှန်အားဖြင့် ရေးဟောင်းပစ္စည်းဆိုင်ရှင်များသည် သူတို့၏ကိုယ်ပိုင်ဈေးနှုန်းကို သတ်မှတ်ပြီးနောက် ဈေးဝယ်သူအသစ်များက သူတို့အား ငွေအမြောက်အများပေးဆောင်သည့်အတွက် လျှော့ဈေးမှာ ဘာမှမဖြစ်ချေ။

"ဒီအရုပ်နှစ်ရုပ်ကို ကြိုက်တယ်" မုန့်မုန့်က ဘေးနားရှိ လက်ဖဝါးအရွယ် အရုပ်နှစ်ရုပ်ကို ညွှန်ပြသည်။

အရုပ်နှစ်ရုပ်မှာ ကောင်းလေးတစ်ရုပ်နှင့် ကောင်မလေးတစ်ရုပ်ဖြစ်သည်။ နှစ်ခုစလုံးမှာ ချစ်စရာကောင်းပြီး ဦးခေါင်းကြီးကြီးနှင့် ခန္ဓာကိုယ်သေးသေးလေးရှိသည်။ ကောင်ကလေးမှာ ဦးထုပ်နက်၊ အဝါရောင်လည်စီးပုဝါတစ်ထည်နှင့် ဝက်ဝံရုပ်

ပါအကျႌကို ဝတ်ဆင်ထားပြီး ကောင်မလေးမှာ ဦးထုပ်အဖြူ၊ ပန်းရောင်ပုဝါနှင့် ယုန်ရုပ်ပါ ဝတ်စုံကို ဝတ်ဆင်ထားသည်။

"စုစုပေါင်း ယွမ် ၁၀၀၀ ပါ။ ယွမ် ၇၀၀ ပဲ ပေးပါ" ဆိုင်ရှင် အဘိုးကြီးက အပြုံးလေးဖြင့် ထပ်ပြောသည်။

"ဝိုး ဟိုတစ်ခုလည်း အရမ်းလှတာဘဲ" မုန့်မုန့်က ဆင်တူ အရုပ်နှစ်ရုပ်ကို ညွှန်ပြသည်။

"ကျုပ် အဲတာတွေအကုန်လုံးကို လိုချင်တယ်" ကျန်းဟန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

"ကောင်းပြီ။ ငါ ဒါတွေကို ထုပ်ပိုးလိုက်မယ်" အဘိုးကြီးက ခေါင်းညိတ်ကာ အရုပ်များအား ထုပ်ပိုးရန် ဘေးနားတွင် အဆင်သင့်ပြင်ထားသည့် ဘောက်စ်တစ်ခုကို ဆွဲယူလိုက်သည်။

သို့သော် မုန့်မုန့်က နှုတ်ခမ်းလေးစူကာ တိုးတိုးလေး ပြောလိုက်သည်။

"နှစ်ခုမဟုတ်ဘူး။ တစ်ခုတည်းပဲ။ မဟုတ်ဘူး လေးခု မဟုတ်ဘူး နှစ်ခု။ အဲဒါတွေကို အတူတူပဲ။ သမီး နှစ်ခုပဲ လိုချင်တယ်”

"သမီးကြိုက်တယ်ဆိုရင် အကုန်လုံးဝယ်ကြမယ်လေ” ကျန်းဟန်က ပြုံးကာ မင်းသမီးလေး၏ပါးကို ညှစ်လိုက်သည်။

"ဆင်တူတဲ့အရုပ်တွေကို အများကြီးမတောင်းရဘူးလို့ မေမေက ပြောထားတယ်။ လေးခုက အရမ်းများတယ်။ နှစ်ခု ဆို ရပါပြီ”

"ဟားဟား....” အဘိုးကြီးက ရယ်မောလိုက်သည်။ "ဒါဆို ဘယ် နှစ်ခုကို ယူချင်လဲ”

"အင်း....” မုန့်မုန့် အကျပ်ရိုက်သွား၏။ သူမ လေး၏မျက်လုံးဝိုင်းများကို တဖျပ်ဖျပ်ခတ်ရင်း နောက်ဆုံးတွင် ပထမအရုပ်နှစ်ရုပ်ကို ညွှန်ပြလိုက်သည်။ "အဲ့နှစ်ခု”

"ကောင်းပြီ။ ငါ မင်းအတွက် ထုပ်ပိုးပေးမယ်”

ပြောနေရင်းဖြင့် အဘိုးကြီးသည် အရုပ်လေးရုပ်အား ထုပ်ပိုးလိုက်ပြီး အိတ်နှစ်အိတ် ခွဲထည့်လိုက်သည်။ "ဒါက မင်း ဝယ်တဲ့ဟာ” သူက မုန့်မုန့်အား တစ်အိတ်ပေးလိုက်သည်။ "ဒါက လက်ဆောင်”

"ဟမ်” မုန့်မုန့် အနည်းငယ် အံ့သြသွားကာ ကျန်းဟန်အား ကြည့်လိုက်ပြီး သူမလေး၏မျက်လုံးများက ရွှင်မြူးတောက်ပ လာသည်။

အဘိုးကြီးက ပြုံးနေ၏။ ကျန်းဟန်က မုန့်မုန့်အား ကြည့်ကာ မေးလိုက်သည်။ "အခု သမီး ဘာပြန်ပြောရမလဲ”

"ကျေးဇူးတင်ပါတယ် ဖိုးဖိုး” မုန့်မုန့်က အဖိုးကြီးအား ဝမ်းသာအားရ ကျေးဇူးတင်လိုက်သည်။

"ရပါတယ်” အဘိုးကြီးက ပေါ့ပေါ့ပါးပါး လက်ခါယမ်းပြ လိုက်သည်။

အလွန်ချစ်စရာကောင်းသည့် ကလေးမလေးအား သူ အလွန်ချစ်ခင်သည့်အတွက် လက်ဆောင်ပေးခဲ့ခြင်းဖြစ်သည်။

ကျန်းဟန်က အိတ်ကို ယူလိုက်ပြီး ပိုက်ဆံအိတ်ကိုထုတ်ကာ ငွေရှင်းရန်ပြင်လိုက်စဉ် ထူးခြားသည့် ရနံ့တစ်ခုက သူ၏နှာခေါင်းထဲသို့ ဝင်လာပြီး သူ၏လှုပ်ရှားမှုများ ရပ်တန့်သွားသည်။ သူသည် ညာဘက်အား လှည့်ကြည့်ကာ ဂရုတစိုက်ရှာဖွေလိုက်ပြီး နောက်ဆုံးတွင် အနက်ရောင်သတ္တုသေတ္တာအား စိုက်ကြည့်လိုက်သည်။

ထိုသေတ္တာသည် စိတ်ဝိညာဉ်ရတနာတစ်ခု၏ အထူးရနံ့ကို ပေးစွမ်းနေသည်။

"ဒီသေတ္တာကို ပြပေးပါ" ကျန်းဟန်က ညာဘက်သို့ ခြေလှမ်းနှစ်လှမ်း လှမ်းလိုက်ပြီး အနက်ရောင်သေတ္တာကို ညွှန်ပြလိုက်သည်။

သတ္တုသေတ္တာမှာ အလျား အနံ အမြင့် ၁၃ လက်မ ရှိသည့် ကျူဗတုံးတစ်တုံးဖြစ်သည်။ အပြင်ဘက်မှကြည့်လျှင်တော့

အနက်ရောင်စစ်စစ်ဟုထင်ရသော်လည်း ၎င်း၏လျှည်ရှားသော သမိုင်းကြောင်းအား ပြသနေသည့် အမှတ်အသားတချို့ပါရှိလေသည်။

"မင်းက တော်တော်အမြင်စူးရှတာပဲ” အဘိုးအိုက လျှောက်လာပြီး သေတ္တာအား ဖြည်းညှင်းစွာ ယူလိုက်ပြီး ရှေ့တွင် တင်လိုက်သည်။ "ဒီသတ္တုနက်သေတ္တာက စုန့်မင်းဆက်မှာ သွန်းလုပ်ထားတဲ့ ရှေးဟောင်းပစ္စည်းအစစ်ပဲ” အဘိုးအိုက ရှင်းပြသည်။ "ဒါက ယွမ် ၃.၈ သန်းကျသင့်တယ်။ ဒီသေတ္တာက ရှေးခေတ်အရာရှိတွေ မှူးမတ်တွေ တော်ဝင်မိသားစုတွေရဲ့ စုဆောင်းမှုသေတ္တာဖြစ်ပြီးတော့ အတွင်းမှာ လေးထောင့်မြောင်းတွေနဲ့အထူးဒီဇိုင်းဆွဲထားတာ။ ကံမကောင်းစွာနဲ့ပဲ မူရင်းပါရှိတဲ့ပစ္စည်းတွေကတော့ အထဲမှာ မရှိတော့ဘူး။ ဒါကြောင့် မြောင်းတွေနဲ့ ကိုက်ညီတဲ့ ငါ့ရဲ့ ကိုယ်ပိုင်သတ္တုပြားတစ်စုံကို ထည့်ထားလိုက်တယ်။ ရှေးဟောင်းပစ္စည်းနှစ်ခုပေါင်းပြီး ယွမ် ၃. ၉၈ သန်းနဲ့ ရောင်းပါတယ်”

အဘိုးအိုက ၎င်း၏အတွင်းပိုင်း ဖွဲ့စည်းပုံကို ပြသရန် သေတ္တာအား ဖွင့်လိုက်သည်။ သာမန်သေတ္တာနှင့် သိပ်ပြီး မကွာခြားလှ။ သို့သော် အောက်ခြေတွင် မြောင်းငယ် ၁၈ ခုပါရှိပြီး တစ်ခုစီတွင် ရွှေနက်ရောင်ကဒ်တစ်ကဒ်ပါရှိ၏။

ကျန်းဟန်သည် သေတ္တာအား အနံ့ခံကြည့်လိုက်ပြီးနောက် အသေးစိတ်သိရှိရန် ကဒ်တစ်ကဒ်ကို ယူလိုက်သည်။ သူ၏မျက်လုံးများ တောက်ပသွား၏။

ထိုကဒ်များတွင် မှုန်ဝါးဝါးပုံစံအချို့ပါရှိပြီး သူ၏လက်ထဲရှိ ကဒ်တွင် ကျားဖြူပုံစံပါရှိသည်။ သို့သော် ကျန်လိုင်းများ၏ မူလပုံစံကို သူ မှန်းဆနိုင်၏။ အခြားကဒ်များတွင် ပုံစံအချို့ပါရှိသော်လည်း ၎င်းတို့မှာ မှုန်ဝါးဝါးသာဖြစ်ပြီး တစ်ခုမျှ ပြည့်ပြည့်စုံစုံမရှိချေ။

"အရမ်းကောင်းတယ်”

ကျန်းဟန် လက်ဖျားခါသွားရသည်။

ဤကဲ့သို့သော စိတ်ဝိညာဉ်ရတနာအား ယခုလိုနေရာတွင် ရှာတွေ့လိမ့်မည်ဟု သူ မမျှော်လင့်ခဲ့ချေ။ သူ၏အကဲဖြတ်မှု အပေါ် အခြေခံ၍ ပြောရလျှင် ဤဖဲချပ်ပုံ ကဒ်ပြားများမှာ လက်နက်တစ်စုံဖြစ်ပြီး အဆင့်တစ် စိတ်ဝိညာဉ်ရတနာ ဖြစ်သည်။

၎င်း၏အရည်အသွေးမြင့် ကုန်ကြမ်းပစ္စည်းများကြောင့် စိတ်ဝိညာဉ်ရတနာအဖြစ် သတ်မှတ်ခံရခြင်းဖြစ်သည်။

ရွှမ်ဟင်းလင်းပြင်ရွှေသည် လူအများစု လက်နက်အဖြစ် တွင်ကျယ်စွာ အသုံးပြုသော အဆင့်မြင့်သတ္တုဖြစ်သည်။ ဒုတိယအဆင့် စိတ်ဝိညာရတနာတစ်ခု မွေးဖွားလာနိုင်ခြင်း ကြောင့် ရွှမ်ဟင်းလင်းပြင်ရွှေသည် မှတ်ဉာဏ်ရှိပစ္စည်း ဖြစ်သည်။ ထို့ကြောင့် ၎င်းဖြင့် ပြုလုပ်ထားသည့်လက်နက်မှာ စွမ်းအင်အလုံအလောက်ရှိနေသ၍ ထိခိုက်ပျက်စီးသွားပါက လည်း ၎င်းကိုယ်တိုင် ပြန်လည်ပြုပြင်နိုင်လေသည်။ ၎င်း၏အခြားလုပ်ဆောင်ချက်များထဲမှ လက်တွေ့အကျဆုံး

တစ်ခုမှာ ၎င်းသည် လွှဲပြောင်းစခန်းတစ်ခုပမာ စွမ်းအင်အား ထိန်းသိမ်းထားနိုင်ပြီး လူ၏ထိန်းချုပ်မှုအောက်တွင် စွမ်းအင် အား စုပ်ယူခြင်း သို့မဟုတ် ထုတ်လွှတ်ခြင်းကို ပြုလုပ် နိုင်သည်။

အချို့သောလူများသည် မိုးကြိုးစွမ်းအင်ကဲ့သို့သော စွမ်းအားကို ရွှမ်ဟင်းလင်းပြင်ရွှေဖြင့် ပြုလုပ်ထားသည့် လက်နက်ဖြင့် ကြိုတင်စုပ်ယူစည်းပိတ်ထားကြသည်။ သူတို့ လိုအပ်သည့်အချိန်တွင် ထိုလက်နက်ကို ထိန်းချုပ်ကာ လျှပ်စီး ကြောင်းများ ထုတ်လွှတ်နိုင်သည်။

ထို့ပြင် ရွှမ်ဟင်းလင်းပြင်ရွှေသည် ပြင်းထန်သည့် အဆင့် မြှင့်တင်နိုင်စွမ်းရှိသည်။ ရွှမ်ဟင်းလင်းပြင်ရွှေဖြင့် ပြုလုပ်ထား သည့် လက်နက်များကို ပိုမိုသန့်စင်နိုင်ရန်အတွက် အခြားသော ရှားပါးပစ္စည်းများဖြင့် ထပ်မံပေါင်းစပ်နိုင်သည်။ ထိုလုပ်ငန်းစဉ် အတွင်း ရွှမ်ဟင်းလင်းပြင်ရွှေသည် ကူးသန်းမှုအားလုံး၏ ဂျက် ပင်ကဲ့သို့ပင်။

ထို့ကြောင့် ကျန်းဟန်၏အမြင်တွင် ဤကဒ်ပြားများသည် ပျက်စီးနေသည့် စိတ်ဝိညာဉ်ရတနာတစ်ခုဖြစ်သည်။

ကဒ်တစ်ခုစီ၏ပုံစံအတွင်း၌ တိရိစ္ဆာန်စိတ်ဝိညာဉ်တစ်ခုအား စည်းပိတ်ထားသည်။ ဥပမာအားဖြင့် ကျားဖြူတစ်ကောင်၏စိတ်ဝိညာဉ်အား မှုန်ဝါးဝါးကျားဖြူပုံစံဖြင့် စည်းတံဆိတ်ခတ်ပိတ်ထားနိုင်သည်။

စည်းတံဆိပ်အား ဖယ်ရှားလိုက်သည့်အခါ ကဒ်အား ကိုင်ဆောင်ထားသူသည် ကျားဖြူ၏သတ်ဖြတ်နိုင်စွမ်းအားကို ထုတ်ဖော်နိုင်မည်ဖြစ်သည်။ ထိုနောက် ကဒ်ကိုင်ဆောင်သူ၏ တိုက်ခိုက်ရေးစွမ်းအားကို ၂၀ ရာခိုင်နှုန်း တိုးလာစေပြီး ကျားဖြူ၏စိတ်ဝိညာဉ်ကြောင့် ၅၀ ရာခိုင်နှုန်း ထပ်တိုးလာကာ တိုက်ပွဲအတွင်း၌ ကိုင်ဆောင်သူ၏ခွန်အားကို ကြီးမားစွာ အထောက်အကူဖြစ်စေနိုင်သည်။

ကျန်းဟန်သည် ဤကဒ်ပြားများမှာ တတိယအဆင့် လက်နက်ဖြစ်ကြောင်း ပြောနိုင်သည်။ ၎င်း၏အသုံးပြုသူ

အနေဖြင့် ကဒ်ပြားထဲတွင် တိရိစ္ဆာန်စိတ်ဝိညာဉ်ကို စည်းခတ်ထားနိုင်ရာ ထိုသူ၏ကျင့်ကြံမှုအဆင့်သည် အခြေခံတည်ဆောက်ခြင်း အလယ်အဆင့် သို့မဟုတ် သိုင်းလောက၏အဆင့်သတ်မှတ်ချက် ဂရန်းမာစတာနှောင်းပိုင်းအဆင့်တွင် ဖြစ်လိမ့်မည်။

အကယ်၍ လက်နက်အား ဤနေရာတွင် ရောင်းချနေပါက ထိုကဒ်များ၏ဘုန်းကျက်သရေနှင့် မူလပိုင်ရှင်မှာ တိုက်ပွဲထဲတွင် သေဆုံးသွားပြီဖြစ်ပေလိမ့်မည်။

ထိုသို့မဟုတ်ပါက သတ္တုအပိုင်းအစများနှင့်မကွဲပြားသည့် ပထမအဆင့်ထိ လျော့ကျသွားရန် မဖြစ်နိုင်ချေ။ ကံကောင်းထောက်မစွာဖြင့် ၎င်းအား ရွှမ်ဟာင်းလင်းပြင်ရွှေဖြင့် ပြုလုပ်ထားပြီး ၎င်းကိုယ်တိုင် ပြန်လည်ကောင်းမွန်နိုင်စွမ်းရှိလေသည်။

"သနားစရာပဲ။ အရင်ပိုင်ရှင်က ရွှမ်ဟာင်းလင်းပြင်ရွှေကို နားလည်မှုလွဲပြီး ရွေးချယ်မှုမှားယွင်းခဲ့တယ်"

ကျန်းဟန် တိတ်ဆိတ်စွာ သက်ပြင်းချလိုက်သည်။

ကဒ်ပြား ၁၈ ခုလုံးတွင် ပုံစံများပါရှိသည့်အတွက် ယခင်ပိုင်ရှင်သည် ၎င်းတို့အား စည်းတံဆိပ်ခတ်ရန် နှစ်ပေါင်းများစွာ အချိန်ယူရပေမည်။ သို့သော် ပုံစံများ၏ပုံသဏ္ဍာန်အရ စည်းခတ်ထားသည့် ဝိညာဉ်များ၏ခွန်အားမှာ မညီမညာဖြစ်ကာ ကျားဖြူ၏ဝိညာဉ်မှလွဲ၍ အများစုမှာ ခွန်အား မရှိချေ။ ထို့ကြောင့် ယခင်ပိုင်ရှင်သည် အသုံးဝင်သည့် လက်နက်တစ်စုံကို တည်ဆောက်ရန် ကြိုးစားခဲ့ခြင်းဖြစ်ရပေမည်။

စိတ်ဝိညာဉ်များအား စည်းခတ်ရန် ဤကဲ့သို့သော စိတ်ဝိညာဉ်ရတနာကို အသုံးပြုခဲ့ခြင်းမှာ အစကတည်းက မိုက်မဲသည့် အကြံတစ်ခုဖြစ်လေသည်။

ဤလက်နက်၏ အကောင်းဆုံးအသုံးဝင်ပုံမှာ အခြားအရာများကို အလိုအလျောက်သန့်စင်နိုင်ရန်ဖြစ်ပြီး စိတ်ဝိညာဉ်စည်းတံဆိပ်ဟုခေါ်သည့် ထိုနည်းလမ်းမှာ စိတ်ဝိညာဉ်စွမ်းအားကို ငှားယူသုံးစွဲခြင်းဖြစ်သည်။ ထိုနည်းလမ်းက စွမ်းအားထိန်းချုပ်

မှုလွတ်သွားသည်နှင့် အသုံးပြုသူကိုယ်တိုင်အား ထိခိုက်စေနိုင်၏။

ကျန်းဟန်သည် ထိုကဒ်ပြားများအား သဘောကျလေသည်။ နောက်ဆုံးတွင် သူသည် စိတ်ဝိညာဉ်ရတနာတစ်ခုအား တွေ့ရှိခဲ့ပြီဖြစ်ရာ လက်ဗလာဖြင့် မပြန်တော့ချေ။

"ကျုပ် ဒီတစ်ခုယူမယ်"

ကျန်းဟန်က ကဒ်များနှင့် သေတ္တာအတွက် ချက်ချင်း ငွေပေးချေသဖြင့် ဆိုင်ရှင်အဖိုးကြီးမှာ အံ့အားသင့်သွားသည်။

အဘိုးကြီးမှာ စိတ်ရှုပ်ထွေးသွားသော်လည်း ကျန်းဟန်အား သတိမပေးဘဲ မနေနိုင်ချေ။ "အင်း... လူငယ်လေး ဈေးဝယ်ထွက်ရင် အမြဲတမ်း ခုလိုပေါ့ပေါ့ပါးပါးနေတာလား"

"အင်း"

"ဒီမှာ မင်းသတိထားတာ ပိုကောင်းမယ်" အဘိုးကြီး၏နှုတ်ခမ်းများ အနည်းငယ် တုန်ခါသွားပြီးနောက် ထိုသို့ပြောလိုက်သည်။

တစ်ချိန်တည်းမှာပင် သူ တွေးနေမိ၏။

အင်တာနက်ပေါ်မှ ငွေအများကြီးလိမ်ခံရတဲ့သတင်းတွေ မကြာခဏကြားရတာ အံ့ဩစရာမရှိပါဘူး။ ဒီလိုမျိုးဈေးဝယ်သူတွေရဲ့သဘောထားက လူလိမ်လူညစ်တွေကို အတော်လေးသဘောကျစေတယ်...

-အခန်း(၃၆၈)ပြီး

wunzinnosp

## အခန်း(၃၆၉) များပြားလွန်းသည့်ရတနာများ

အဘိုးကြီး ထုပ်ပိုးပြီးသည့်အခါ ပစ္စည်းအားလုံးမှာ ၁၅ ကီလိုဂရမ်ကျော်သွားသော်လည်း ကျန်းဟန်က ၎င်းတို့ကို ပေါ့ပေါ့ပါးပါးပင် ကောက်ယူလိုက်သည်။

ဆိုင်ထဲမှထွက်လာပြီးနောက် ကျန်းဟန်သည် မုန့်မုန့်အား ပွေ့ချီကာ အခြားဆိုင်များသို့ လျှောက်ကြည့်သော်လည်း စိတ်ဝိညာဉ်ရတနာများအား မတွေ့တော့ချေ။ ထို့ကြောင့် အိမ်ပြန်ရန် ဆုံးဖြတ်လိုက်၏။

သူတို့ ပန်ဒါကားအနီးသို့ ရောက်သည့်အခါ ကျန်းဟန်၏ဖုန်းက ဗီဒီယိုကောအသံတစ်ခု မြည်လာခဲ့သည်။

မုန့်မုန့်အား ညာဘက်လက်မောင်းတွင် ချီထားလိုက်ပြီး ဘယ်လက်ရှိအိတ်များအား ညာဘက်သို့ ပြောင်းကိုင်ကာ ဖုန်းအား ဘယ်ဘက်ဖြင့် ထုတ်လိုက်သည်။ ဖုန်းအား ဖွင့်ကြည့်လိုက်သည်နှင့် ဇီယန်၏ခေါ်ဆိုမှုဖြစ်ကြောင်း တွေ့လိုက်ရပြီး ကိုင်လိုက်သည်။

"ရှင်ဘယ်မှာလဲ ဈေးဝယ်ထွက်နေတာလား" ကျန်းဟန်အား မြင်သည့်အခါ ဇီယန်က စပ်စုသည်။

"မေမေ မေမေ သမီး ဖေဖေနဲ့ ဈေးလျှောက်ဝယ်နေတာ" မုန့်မုန့်က ဝမ်းသာအားရပြောသည်။

"ကိုယ်တို့ ရှေးဟောင်းလမ်းကို ရောက်နေတာ" ကျန်းဟန်က ပြုံးကာ ပြန်ဖြေသည်။

ဇီယန်နှင့် စကားပြောနေရင်း ကားဘေးသို့ သွားကာ နောက်ဖုံးအားဖွင့်၍ ဝယ်လာသည့် ပစ္စည်းများအားထည့်လိုက်ပြီးနောက် မုန့်မုန့်ကို ချီထားရင်း နောက်ခုံသို့ လျှောက်သွားလိုက်သည်။

"ရှင်က ရှေးဟောင်းပစ္စည်းတွေကို သဘောကျတာလား" ဇီယန်က ပေါ့ပေါ့ပါးပါး မေးသည်။

"သမီးတို့.... ရတနာတွေရှာဖို့ ရောက်နေတာ" မုန့်မုန့်က နှုတ်ခမ်းလေးစူကာ ဝင်ပြောသည်။

"ဒါဆိုရင် မုန့်မုန့်တော့ အရုပ်တွေအများကြီးရလာတာဖြစ်ရမယ်”

"အဲ…” မုန့်မုန့်မှာ အရုပ်လေးရုပ်အား တွေးမိပြီး မျက်လုံးဝိုင်များကို ပေကလပ်ပေကလပ်လုပ်ရင်း "မဟုတ်ပါဘူး” ဟု ပြန်ဖြေသည်။

"အင်း…. အရုပ်အများကြီး မရလာဘူးပေါ့”

"မေမေ သမီး ဆင်တူအရုပ်လေးရုပ် မဝယ်ခဲ့ပါဘူး”

"ဒါဆို သမီး ဆင်တူအရုပ်လေးရုပ် ရလာတယ်ပေါ့လေ” ဇီယန် ပြုံးလိုက်သည်။

မေမေ၏အမူအရာကြောင့် မုန့်မုန့်မှာ ရှက်ရွံ့စွာ ရေရွတ်လိုက်သည်။ "မဟုတ်ပါဘူး။ သမီး မရခဲ့ဘူး”

မုန့်မုန့်သည် ကျန်းဟန်၏ရင်ခွင်ထဲသို့ တိုးဝင်လာသည့်အတွက် ကျန်းဟန် ရယ်မောလိုက်သည်။

"သူတို့ထဲက နှစ်ရုပ်ကို ဖေဖေတို့ ပိုက်ဆံပေးပြီး ဝယ်လာတာ။ ကျန်တဲ့နှစ်ရုပ်က..." ကျန်းဟန်က မင်းသမီးလေးအား ဥာဏ်အလင်းပေးသည်။

"ဟုတ်တယ် ဟုတ်တယ် မေမေ" မုန့်မုန့်က ခေါင်းမတ်လာပြီး လေးနက်စွာပြောသည်။ "သမီးတို့ နှစ်ရုပ်ပဲ ဝယ်ခဲ့တာ။ ကျန်တဲ့နှစ်ရုပ်က အဲဒီဘိုးဘိုးက မုန့်မုန့်ကို လက်ဆောင်ပေးလိုက်တာ"

"အင်း သမီး သူ့ကို ကျေးဇူးတင်ပါတယ် လို့ ပြောခဲ့ရဲ့လား"

"ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ် ဘိုးဘိုးလို့ သမီးပြောခဲ့ပါတယ်"

"ဟားဟားဟား..."

သားအမိနှစ်ယောက် စကားပြောနေပုံကြောင့် ကျန်းဟန် ရယ်မောလိုက်ပြီး ခေါင်းကိုယမ်းရင်း ယာဉ်မောင်းထိုင်ခုံသို့ ရွှေ့ ကာ လဆန်းပင်လယ်ကွေ့သို့ မောင်းနှင်လာခဲ့သည်။

မိနစ် ၂၀ ကြာ စကားပြောပြီးနောက် ဇီယန် ဖုန်းချကာ အလုပ်သွားသည်။

ကျန်းဟန်နှင့် မုန့်မုန့်တို့ ညနေ ၄ နာရီ ခွဲတွင် စားသောက်ဆိုင်သို့ ပြန်ရောက်သည်။

အပေါ်ထပ်သို့ ပစ္စည်းများအားလုံးယူသွားပြီး ကြွေရုပ် လေးများကို ဗီဒိုပေါ်သို့ တင်လိုက်သည်။

မင်းသမီးလေးသည် သူမ၏အကြိုက်ကို ကျေနပ်နေပုံရ သည်။

အားလုံး စနစ်တကျစီစဉ်ပြီးသည့်အခါ ကျန်းဟန်သည် အနက်ရောင်သေတ္တာအား သူ၏အိပ်ခန်းထဲသို့ ယူသွားပြီး အဝတ်ဗီရိုထောင့်တစ်နေရာတွင် ထားလိုက်သည်။

ရှမ်ဟင်းလင်းပြင်ရွှေဖြင့် ပြုလုပ်ထားသည့် စိတ်ဝိညာဉ်ရတနာများသည် အထောက်အကူဖြစ်သော်လည်း ယခုအချိန်တွင် ကျန်းဟန်အတွက် မသုံးမဝင်ချေ။ ထိုကဒ်များအားသန့်စင်ပြီး သူ၏လက်နက်အဖြစ်အသုံးပြုရန်အတွက် စိတ်ဝိညာဉ်အာရုံလိုအပ်သောကြောင့်ပင်။

စိတ်ဝိညာဉ်အာရုံမှာ သန်မာသည့် စိတ်အာရုံခံစားမှုတစ်နည်းအားဖြင့် စိတ်ပိုင်းဆိုင်ရာ လှုံ့ဆော်မှုဖြစ်သည်။ အဆင့်မြင့်စိတ်ဝိညာဉ်အာရုံသည် ပိုင်ရှင်အား သဘာလွန်စွမ်းအားကိုပင် ကူညီပေးနိုင်သည့် အမျိုးမျိုးသော တိုက်ခိုက်မှုမျိုးရှိသော လက်နက်အဖြစ်ပင် အသုံးပြုနိုင်သည်။

အဆက်မပြတ် သန့်စင်လေ့ကျင့်မှုအော်ကတွင် စိတ်ဝိညာဉ်အာရုံသည် စိတ်ဝိညာဉ်စွမ်းအားပမာ တဖြည်းဖြည်းနှင့်အားနည်းအာရမှ သန်မာရာသို့ ပြောင်းလဲသွားမည်ဖြစ်သည်။ နောက်ဆုံးတွင် ဦးနှောက်အတွင်းရှိ လမ်းကြောင်းများနှင့် စုံမှတ်များအားလုံးကို နက်ရှိုင်းစွာချဲ့ထွင်ကာ စိတ်ဝိညာဉ်ပင်လယ်

အား နိုးထလာစေမည်ဖြစ်ပြီး ကျင့်ကြံသူများအား သဘာဝ စွမ်းအင်အမျိုးမျိုးနှင့် ဆက်သွယ်စေနိုင်ပြီး ၎င်းတို့အား ရုပ်ပိုင်း ဆိုင်ရာ တိုက်ခိုက်မှုသို့ပင် ပြောင်းလဲစေသည်။

ယေဘူယျအားဖြင့် ကျင့်ကြံသူများသည် ရှန်းထျန်းအဆင့် တွင် စိတ်ဝိညာဉ်အာရုံကို စတင်ကျင့်ကြံနိုင်သည်။

သို့သော် သူသည် အချိန်အကြာကြီး မစောင့်ချင်တော့ သဖြင့် အခြေခံတည်ဆောက်ခြင်းအဆင့်တွင် သူ၏စိတ်ဝိညာဉ် အာရုံကို ရှာဖွေရန် ဆုံးဖြတ်ခဲ့သည်။ တစ်ချိန်က အတိဒုက္ခ အဆင့်သို့ တက်လှမ်းခဲ့သည့် ပြန်လည်မွေးဖွားလာသော ကျင့်ကြံသူတစ်ဦးအနေဖြင့် ကျန်းဟန်သည် ဤကဏ္ဍတွင် များ စွာ သင်ယူနားလည်ထားပြီးဖြစ်ရာ အလွန်ယုံကြည်မှုရှိသည်။

"ငါ အရမ်းတွေးလွန်းနေပြီပဲ"

ကျန်းဟန်သည် သူ၏အတွေးများကို စုစည်းလိုက်ပြီး ခေါင်းယမ်းကာ သူ့ကိုယ်သူပြောလိုက်သည်။ "ဒီနေ့ ငါ စိတ်ဝိ

ညဉ့်ရတနာဖြစ်တဲ့ ကဒ်ပြားတွေကို ရခဲ့ပေမယ့် ငါတကယ် လိုအပ်တာကိုတော့ ရှာမတွေ့ခဲ့ဘူး"

"ကြည့်ရတာ ကမ္ဘာပေါ်မှာ စိတ်ဝိညာဉ်ရတနာအနည်းငယ်ပဲ ရှိတယ်ထင်တယ်"

ကျင့်ကြံခြင်းကမ္ဘာ၏အချို့သော ဒေသများတွင် စိတ်ဝိညာဉ်ရတနာအဆင့်ရှိ အပင်များမှာ လမ်းဘေးတွင် အလေ့ကျပေါက်နေသော်လည်း ကမ္ဘာပေါ်တွင်တော့ ပထမအဆင့် စိတ်ဝိညာဉ်ရတနာများပင် ရှားပါးနေသည်။

ကျန်းဟန် စဉ်းစားနေရင်း ရုတ်တရက် နောက်ထပ်အကြံတစ်ခုဝင်လာသည်။

လဲ့ထျန်းနန်က အမျိုးသားလုံခြုံရေးအောဂျင်စီအတွက် တာဝန်ထမ်းဆောင်ပါက အမှတ်တချို့ရနိုင်ပြီး ၎င်းအမှတ်များဖြင့် အထူးပစ္စည်းတစ်ခုခု လဲလှယ်နိုင်ကြောင်း ပြောခဲ့သည်။

ကျန်းဟန် ဖုန်းကိုထုတ်ကာ လဲ့ထျန်းနန်ထံမှ မက်ဆေ့ချ်အား ဖွင့်လိုက်၏။

မည်သည့် မိတ်ဆက်စကားမျှမရှိဘဲ လင့်ခ်တစ်ခုသာရှိရာ ကျန်းဟန် ၎င်းကို နှိပ်လိုက်သည်။

ဝဘ်ဆိုဒ်စာမျက်နှာပေါ်လာသည့်အခါ ကျန်းဟန် ဖုန်းကို ပိတ်လိုက်သကဲ့သို့ အနက်ရောင်စခရင်ဖြစ်သွားလေသည်။

ရုတ်တရက် တစ်စုံတစ်ရာဖြစ်သွား၏။

တရုတ်နဂါးနှစ်ကောင်သည် စခရင်၏အောက်ဘက်ထောင့်နှစ်ခုမှ အသီးသီးထွက်ပေါ်လာပြီး စခရင်ပေါ်တွင် ပျံသန်းကြသည်။ နောက်ဆုံးတွင် ၎င်းတို့သည် စခရင်၏အလယ်ဗဟို၌ ရပ်တံ့သွားဦးကာ ဂုဏ်သရေကြီးမားပြီး လျှို့ဝှက်ဆန်းကြယ်ပုံရသည့် "နဂါးနှစ်ကောင်နှင့် ပုလဲတစ်လုံး"ဟု သိကြသော ဂန္တဝင်ပုံစံတစ်ခုအဖြစ် အချင်းချင်း ရောယှက်သွားကြသည်။

ထိုနောက် နဂါးနှစ်ကောင်၏အောက်တွင် ဖြစ်စဉ်တန်း တစ်ခု ပေါ်လာသည်။

[အမျိုးသားလုံခြုံရေးအေဂျင်စီစနစ်အား အင်စတော့လုပ် နေသည်... 1%…5%….10%….]

[အင်စတောလုပ်ခြင်း ပြီးပါပြီ]

[အကျုံးဝင်မှု ပြီးပါပြီ]

[လုံခြုံရေးတပ်ဖွဲ့စင်တာအား အင်စတောလုပ်နေ ပါသည်….1%….10%….50%….90%….]

[အင်စတာလုပ်ခြင်း ပြီးပါပြီ။ အထောက်အထား အချက်အလက်များချိတ်ဆက်နေပါသည်]

[ချိတ်ဆက်မှုပြီးပါပြီ။ စနစ်ကို ပြန်လည်စတင်နေပါသည်]

ဖုန်းမှာ ပုံမှန်အတိုင်း ပြန်လည်စတင်လည်ပတ်လာသည့် အခါ ကျန်းဟန်သည် စခရင်ပေါ်တွင် ပုလဲတစ်လုံးနှင့် နဂါးနှစ် ကောင် ကစားနေသည့် ပုံစံကို တွေ့လိုက်ရသည်။

အသစ်ထည့်သွင်းထားသည့် စနစ်သည် ဖုန်းတည်နေရာနှင့် ဆက်သွယ်ရေး၏လုံခြုံရေးကို အဆင့်မြှင့်ထားသည့် မူရင်းစနစ်၏ ကာကွယ်စောင့်ရှောက်သူအဖြစ် ဆောက်ရွက်နေပုံရသည်။

ကျန်းဟန်က ၎င်းကို ဂရုမစိုက်ချေ။ စခရင်အား ဘယ်ဘက်သို့ ပွတ်ဆွဲလိုက်သည့်အခါ နဂါးခေါင်းပုံသင်္ကေတရှိသော Safety-Force Center အမည်ရှိ အက်ပ်အိုင်ကွန်အသစ်တစ်ခုကို တွေ့လိုက်ရသည်။

"အမြဲတမ်း ကြွားဝါနေတာပဲ"

ကျန်းဟန် ရယ်လိုက်သည်။ သူ၏အမြင်တွင် ကြွားဝါနေသော်လည်း ၎င်းက အမျိုးသားလုံခြုံရေးအေဂျင်စီအား လေးစားမှုနှင့် မျှော်လင့်ချက်များကို ပိုမိုရရှိစေရန်အတွက် ထိရောက်သည်။

အက်ပ်ကို နှိပ်လိုက်သည်နှင့် ကျန်းဟန်သည် ချက်တင်ဆော့ဖ်ဝဲလ်ကဲ့သို့ ထိပ်ဆုံးတွင် ပရိုဖိုင်ဓာတ်ပုံနှင့် သူ၏နာမည်ပါရှိသော စာမျက်နှာကို တွေ့လိုက်ရသည်။

ကျန်းဟန်ယန်

အမျိုးသားလုံခြုံရေးအေဂျင်စီ၏ ကာကွယ်သူ၊ ဟောင်ကောင်ဌာနခွဲ

ရမှတ် - ၁၀၀၀

အောက်ခြေတွင် သတိပေးချက်၊ ကျွန်ုပ်၏သူငယ်ချင်းများ၊ လုံခြုံရေးတပ်ဖွဲ့စင်တာ၊ တာဝန်ခန်းမ၊ မပြီးဆုံးသေးသော တာဝန်များ၊ ပြီးဆုံးသွားသည့်တာဝန်များ၊ တာဝန်ဆုကြေး၊ ရတနာစံအိမ် စသဖြင့် ရွေးချယ်စရာ အိုင်ကွန်များပါရှိသည်။

ကျန်းဟန်သည် စာမျက်နှာအား လျင်မြန်စွာ ကြည့်လိုက်ပြီး ရတနာစံအိမ်ကို နှိပ်လိုက်သည်။

အတွင်းပိုင်းတွင် အခြား ဈေးရောင်းဝတ်ဆိုဒ်များကဲ့သို့ ဓာတ်ပုံများ၊ ပစ္စည်းအမည်များနှင့် ဈေးနှုန်းများပါရှိသည်။

မစ္စည်းအားလုံး၏ တန်ဖိုးမှာ ရမှတ် ၁၀၀၊ ၂၀၀၊ ၃၀၀ တို့ ဖြစ်ကြသည်။

၎င်းတို့ထဲတွင် လက်နက်များ၊ နေ့စဉ်သုံးပစ္စည်းများ၊ စုဆောင်းမှုများ၊ စိတ်ဝိညာဉ်ဆေးပင်များ၊ သတ္တုများ စသဖြင့် ရှိသည်။

သို့သော် ၎င်းတို့အားလုံးသည် အဆင့်နိမ့်ပစ္စည်းများဖြစ်ပြီး အချို့ကို ငွေသားဖြင့်ပင် ဝယ်ယူ၍ရနိုင်သည်။

ကျန်းဟန်သည် ၎င်းတို့အား ဈေးနှုန်းအမြင့်ဆုံးမှ အနိမ့်ဆုံးသို့ အစဉ်လိုက်စီစဉ်ရန် နှိပ်လိုက်သည်။

"ဝှစ်”

စာမျက်နှာကို ပြန်လည်စတင်ပြီးနောက် ကျန်းဟန်သည် မည်သည့်အရာမှန်းမသိလိုက်ခင်မှာပင် တန်ဖိုး သုညအတန်း လိုက်ကြီးကို တွေ့လိုက်ရသည်။

စာရင်းထိပ်ဆုံးတွင်ရှိသည့်အရာမှာ ရမှန် ၁,၀၀၀,၀၀၀ ကျသင့်လေသည်။

တစ်သန်း။

ကျန်းဟန်၏နှုတ်ခမ်းများ အနည်းငယ် တုန်ယင်သွားသည်။

သူသည် ကာကွယ်သူတစ်ယောက်အဖြစ် ရမှန် ၁၀၀၀ သာ ရရှိခဲ့သည်။

အမှတ် ၁၀၀၀ ဖြင့် သူ ဘာကို ရနိုင်မည်နည်း။

ရတနာစာရင်း၏ထိပ်ဆုံးတွင် ဓားတစ်လက်ဖြစ်သည်။

နဂါးခွင်းခါး - ဥက္ကာခဲမှ သွန်းလုပ်ထားသည့် ကောင်းကင်အဆင့်ရတနာ၊ ချီစွမ်းအားပြောင်းလဲမှုနှုန်း ၄ ရာခိုင်နှုန်း တိုးမြှင့်ပေးနိုင်ပြီး တိုက်စားမှုစွမ်းရည်ရှိသည်။

အသေးစိတ်အချက်အလက်များက ကျန်းဟန်အား ချက်ချင်းဆွဲဆောင်သွားသည်။

သူသည် ကောင်းကင်ရတနာများအကြောင်း နည်းပြလျို နှင့် ကျောက်ဖုန်းတို့ထံမှ သင်ယူခဲ့ပြီး ၎င်းတို့အား ဟွမ်အဆင့်၊ ရွှမ်အဆင့်၊ မြေအဆင့်နှင့် ကောင်းကင်အဆင့်ဟူ၍ အနိမ့်မှ အမြင့်သို့ ခွဲခြားသတ်မှတ်ထားကြောင်း သိခဲ့သည်။

ဟွမ်အဆင့်တွင် နှစ်ပေါင်းများစွာစိုက်ပျိုးထားခဲ့သည့် ဆေးပင်များနှင့် ကောင်းစွာသွန်းလုပ်ထားသည့်လက်နက်များ ပါရှိပြီး အများးစုမှာ ပထမအဆင့် စိတ်ဝိဉာဉ်ရတနာအောက် ဖြစ်သည်။ ရွှမ်အဆင့်သည် ပထမအဆင့် စိတ်ဝိဉာဉ်ရတနာ များဖြစ်သည်။ မြေအဆင့်သည် ဒုတိယအဆင့် ရတနာများဖြစ်

ပြီး ကောင်းကင်အဆင့်သည် တတိယအဆင့် ရတနာများ ဖြစ်သည်။

ယခု နဂါးခွင်းထားသည် ချီစွမ်းအားပြောင်းလဲမှုနှုန်းကို ၄ ရာခိုင်နှုန်းတိုးမြင့်စေပြီး တိုက်စားနိုင်စွမ်းရှိသဖြင့် ၎င်းသည် တတိယအဆင့် စိတ်ဝိဉာဉ်ရတနာတစ်ခုဖြစ်ကြောင်း သိသာပေသည်။

မတူညီသည့် အမျိုးအစားခွဲခြားမှုစနစ်များတွင် အမျိုးအမည်ကွဲပြားသော်လည်း သတ်မှတ်စံနှုန်းများမှာ တူညီကြသည်။

ဈေးအကြီးဆုံးပစ္စည်းမှာ တတိယအဆင့် စိတ်ဝိဉာဉ်ရတနာသာဖြစ်သော်လည်း အနာဂတ်တွင် အဆင့်လေးနှင့် အဆင့်ငါး ရတနာများကဲ့သို့ ပိုမိုကောင်းမွန်သည့် ပစ္စည်းများကို ရရှိနိုင်မည်ဖြစ်သည်။

သို့သော် ကျန်းဟန်အတွက် ဈေးနှုန်းက အနည်းငယ် မြင့်နေခဲ့သည်။ အမှတ်တစ်သန်း ရရှိရန်အတွက် အမျိုးသား

လုံခြုံရေးအောဂျင်စီတွင် သူဘဝ၏အချိန်အများစုကို တာဝန်ထမ်းဆောင်နေရပေလိမ့်မည်။

သူ၏အကြည့်အား အောက်သို့ရွှေ့လိုက်ရာ ဒုတိယရတနာက ပို၍စိတ်ဝင်စားဖွယ်ကောင်းသည်ကို ကျန်းဟန် တွေ့လိုက်ရသည်။

ဒြပ်စင်ပါးမျိုးမီးပြင်းဖို - ကောင်းကင်အဆင့်ရတနာ၊ ဆေးလုံးပြုလုပ်ရန် သို့မဟုတ် လက်နက်ပြုလုပ်ရန် ဒြပ်စင်ငါးမျိုးကို အသုံးပြုနိုင်သည်။ တန်ဖိုး အမှတ် ၁,၀၀၀,၀၀၀။

တတိယအဆင့်ရှိ မီးပြင်းဖိုသည် ထိုဓားထက် ကျန်းဟန်အား ပို၍ ဆွဲဆောင်နိုင်သည်။

၎င်း၏အောက်တွင် လက်မအရွယ် သတ္တုတုံးတစ်ခုဖြစ်ပြီး မိတ်ဆက်မှာလည်း စိတ်ဝင်စားဖွယ်ကောင်းလေသည်။

-အခန်း(၃၆၉)ပြီး

wunzinnosp

## အခန်း(၃၇၀-က) အိပ်မက်နှင့် လက်တွေ့(၁)

နေရာလပ်အဆင်တန်ဆာများသည် များသောအားဖြင့် နေရာလပ်လက်စွပ်များ၊ နေရာလပ်လည်ဆွဲများ စသဖြင့် ထိုကဲ့သို့သော အရာများကို ရည်ညွှန်းသည်။ ကျန်းဟန် ၎င်းကို မျက်စိကျသွားသည့်အချိန်တွင် အမှတ် တစ်သန်း ဈေးနှုန်းက သူ့အား ရပ်တန့်သွားစေပြန်သည်။

ရမှတ်တစ်သန်းရှိသည့် ပစ္စည်းသုံးမျိုးကို ဖယ်လိုက်သည့်အခါ ကျန်းဟန်၏အကြည့်သည် စာမျက်နှာအောက်သို့ ပို၍မြန်သည့် အရှိန်ဖြင့် ဆင်းလာခဲ့သည်။ ရမှတ် ၉ သိန်းမှ ၁ သိန်း အထိရှိသော ဈေးနှုန်းရှိသည့် ပစ္စည်းများဖြစ်သည်။ ဝိညာဉ်ထိန်းချုပ်ခြင်းအလံ၊ ပုံစံရှစ်မျိုးအလံနှင့် လူတစ်ယောက်၏ခွန်အားကို မြှင့်တင်ပေးနိုင်သည့် ဆေးလုံးအချို့ရှိသည်။

နောက်ဆုံးတွင် ကျန်းဟန်သည် ဘက်စကတ်ဘော အရွယ်အစား ကျောက်တုံးတစ်တုံးတွင် ရပ်တန့်သွားသည်။

"ဟမ်"

စွမ်းအင်ကျောက်တုံး - ရွှမ်အဆင့်ရတနာ၊ စိတ်ဝိညာဉ်ချီ ခတ်ကြွယ်ဝစွာပါရှိပြီး မီတာနှစ်ရာပတ်လည်အား စိတ်ဝိညာဉ် ချီခတ် တိုးပွားစေသည်။ သုံးနာရီကြာ ကျင့်ကြံရန်အတွက် လုံလောက်၏။ တန်ဖိုး ရမှတ် ၂၃၀၀။ စာရင်းရှိအရေအတွက် ၂ ခု။

ကျန်းဟန်သည် ထိုပုံအား သေသေချာချာကြည့်လိုက်ပြီး ဖုံးကွယ်စိတ်ဝိညာဉ်ကျောက်တုံးနှင့် ပို၍တူသည်ကို တွေ့လိုက် ရသည်။

ဖုံးကွယ်စိတ်ဝိညာဉ်ကျောက်တုံးသည် ရှားပါးသလင်း ကျောက်မျိုးဖြစ်သော်လည်း ၎င်းတွင် ပါရှိသည့် စွမ်းအင်မှာ အညစ်အကြေးများစွာ ရောနှောနေသည့်အတွက် ၎င်းအား စိတ်ဝိညာဉ်ကျောက်တုံးထက် အသုံးနည်းသည်။ ကျင့်ကြံသူများ

သည့် သူတို့၏ကျင့်ကြံခြင်းအရှိန်ကို မမြှင့်တင်ပေးနိုင်သည့်အတွက် ၎င်းကို မကြိုက်ကြချေ။

သို့သော် ၎င်းအား ယွမ်ချင်သစ်ပင်က စုပ်ယူနိုင်ပြီး အသီးသီးရန် လုပ်ငန်းစဉ်ကို အရှိန်မြှင့်ပေးနိုင်သည်။

"ဖုံးကွယ်စိတ်ဝိညာဉ်ကျောက်တုံးက ဒီလိုမျိုး မသုံးရဘူး"

ကျန်းဟန်က ခေါင်းကို အနည်းငယ်ခါယမ်းလိုက်သည်။ စိတ်ဝိညာဉ်ချီပါဝင်မှုအား တိုးမြှင့်ရန်အတွက် ဖုံးကွယ်စိတ်ဝိညာဉ်ကျောက်တုံးကို အသုံးပြုခြင်းသည် ဖြုန်းတီးချင်းသာဖြစ်ပြီး မှန်ကန်သည့် နည်းလမ်းအတွက် ဝိညာဉ်လမ်းညွှန်ဖွဲ့စည်းခြင်းလိုအပ်သည်။ ကျောက်တုံး၏အစစ်အမှန်အသုံးပြုနည်းနှင့်အညီ ဈေးနှုန်းသတ်မှတ်မည်ဆိုပါက အမှတ် ၂၀၀၀၀ ကျော် ဈေးတက်သွားနိုင်သည်။ ထို့ကြောင့် ယခု ကျန်းဟန်အတွက် အမှန်တကယ်သတ်မှတ်ပေးထားသည့် ဈေးနှုန်းဖြစ်နေသည်။

"ငါ ဒါကိုယူမယ်"

ကျန်းဟန် ဆုံးဖြတ်ချက်ချလိုက်ပြီးနောက် ခါးသီးစွာ ပြုံးလိုက်မိသည်။

ရမှတ် ၂၃၀၀ ကျသင့်သော်လည်း သူ့တွင် အမှတ် ၁၀၀၀ သာရှိသည်။

"သူ့ရဲ့အရည်အသွေးကို စစ်ကြည့်ဖို့ ရတနာစံအိမ်ကို သွားသင့်တယ်။ အဆင့်နိမ့် ဖုံးကွယ်စိတ်ဝိညာဉ်ကျောက်တုံးက ငါ့အတွက် အသုံးမဝင်ဘူး”

ကျန်းဟန်သည် အက်ပလီကေးရှင်းမှ ထွက်ကာ မနက်ဖြန် ရုံးချုပ်သို့သွားကာ ကျောက်တုံးအား စစ်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

နာရီအား ကြည့်လိုက်ရာ ညနေ ၅ နာရီ မိနစ် ၂၀ ရှိပြီဖြစ်၍ ကျန်းဟန် ညစာပြင်ဆင်ရန် စတင်လိုက်သည်။

တစ်ချိန်တည်းမှာပင် ကျူးကန်းခရိုင်အစွန်ရှိ ဂိုဒေါင်တစ်ခုတွင် တစ်စုံတစ်ရာဖြစ်ပျက်နေသည်။

ကုန်တင်ထရပ်ကား ၁၃ စီးနှင့် လူ ၂၀ ခန့်မှာ ပေါ့ပေါ့ပါးပါး ဆေးလိပ်သောက်ရင်း စကားပြောနေကြသည်။

ခဏအကြာတွင် လေ့ရှန်းနှင့် လုချောင်(အယ်ဗီချောင်) တို့ ဂိုဒေါင်ထဲမှ ထွက်လာခဲ့သည်။

"ညစာစားပြီး အနားယူလိုက်ကြ။ ငါတို့ ည ၁၁ နာရီထိုးရင် အလုပ်စမယ်။ အလုပ်ပြီးရင်တော့ အောင်ပွဲခံကြတာပေါ့" လေ့ရှန်းက ကျယ်လောင်စွာပြောသည်။

"ကျုပ် အောင်ပွဲခံတာကို ဂရုမစိုက်ပါဘူး။ ကျုပ်လိုချင်တာက ပိုက်ဆံပဲ။ ကျုပ် ခရီးစရိတ်မရသေးဘူး" နောက်တန်းတွင် ရပ်နေသည့် အသားညိုညိုလူက အော်ပြောသည်။

"စိတ်ချပါ။ မင်းရဲ့ စရိတ်တွေအပါအဝင် ကတိပေးထားတဲ့ အတိုင်း ငါပေးမှာပါ" လေ့ရှန်းက နက်ရှိုင်းစွာ ကြိတ်မှိတ်သည်းခံကာ ပြောသည်။

လော့ရှန်းအလုပ်အပ်ထားသည့် ထိုလူများမှာ အားလုံး နိုင်ငံ၏အခြားဒေသများမှလာသူများပြီး ယနေ့ည လှုပ်ရှားမှု အတွက် ပြင်ဆင်ရန် အချိန်အများကြီးကုန်ခဲ့ရသည်။

ယခု အားလုံးအဆင်သင့်ဖြစ်ပြီဖြစ်ရာ မှောင်သွားသည်နှင့် သူတို့ အလုပ်စတော့မည်။

လဆန်းတောင်အား ပြောင်သွားအောင် သေချာပေါက် လုပ်မည်ဖြစ်သည်။

သူသည် တောင်ပေါ်ရှိ အရည်အသွေးမြင့် ဟင်းချက်စရာ များအားလုံးဖြင့် အချက်အပြုတ်ဘုရင်ဘွဲ့ကို ဆွတ်ခူးမည် ဖြစ်သည်။

မုန့်မုန့်အပန်းဖြေရာ စားသောက်ဆိုင်တွင်...

ကျန်းဟန်သည် ညစာအတွက် နံရိုးနှပ်နှင့် ဝက် ခြေထောက်ကင်လုပ်ထားသည်။

ဗီအိုင်ပီစားသုံးသူများအား ဝေမျှပေးရန်အတွက် နံရိုးပေါင်းကို ယခင်ကထက် ပို၍များများ ချက်ပြုတ်ပေးထားသည်။

ဝက်ခြေထောက်ကင်သည်တော့ မုန့်မုန့်အတွက်သာဖြစ်၏။

မင်းသမီးလေးမှာ ဆန်ဒီယေဂိုတွင်နေစဉ်က ဇဝေဇဝါဖြစ်ခဲ့ဖူးသော်လည်း ယခုတော့ ကျန်းဟန်၏ချက်ပြုတ်မှုစွမ်းရည်ကြောင့် အသီးအရွက်ရော အသားငါးပါ ကြိုက်နှစ်သက်နေလေတော့သည်။

အသေအချာပင်။ မုန့်မုန့် အကြိုက်ဆုံး အစားအစာအချို့တော့ ရှိပေသည်။ ဥပမာ ဝက်ခြေထောက်၊ ကြက်တောင်ပံ၊ ကြက်ပေါင် စသည်တို့ကဲ့သို့ပင်။

ထမင်းစားခန်းမထဲတွင် ဗီအိုင်ပီစားသုံးသူများသည် နံရိုးများအား ကြက်ဥထမင်းကြော် သို့မဟုတ် ခေါက်ဆွဲပြုတ်ဖြင့်အရသာရှိစွာ စားနေကြသည်။

သူတို့သည် အမြဲတမ်း အချိန်မှန်ရောက်လာကြ၏။

ဝမ်ချမ်းတို့ဇနီးမောင်နှံသည် ပီရာဆန်နှင့်အတူ မီးဖိုချောင် အနီးရှိ စားပွဲတွင် ထိုင်နေပြီး စွန်းဒုန်ဟာမ်နှင့် ရှုယုံက အလယ် စားပွဲတွင်ထိုင်ကာ လျန်မုန့်ချီနှင့် သူမ၏သူငယ်ချင်းနှစ် ယောက်က တံခါးနှင့်နီးဂသည့် စားပွဲတွင် ထိုင်ကြသည်။ လင်းရှု ယ်သည်တော့ ပြတင်းပေါက်အနီးရှိစားပွဲတွင် တစ်ယောက်တည်း ထိုင်နေသည်။

ညစာစားပြီးနောက် အနားယူချိန်အတွင်း၌ လျန်မုန့်ချီက စွန်းဒုန်ဟန်ဆီသို့ အခါအားလျော်စွာ လှမ်းကြည့်နေသည်။

သူမ အချိန်အတော်ကြာ တုံ့ဆိုင်းနေပြီးနောက် တစ်ခုခု ပြောရန် ဆုံးဖြတ်လိုက်သည်။

"စွန်းဒုန်ဟာမ်"

"ဘာလဲ အစ်မလျန်" စွန်းဒုန်ဟာမ်က လှည့်ကာ မေးသည်။

"ငါ့အစ်ကိုက ရက်ပိုင်းအတွင်း ဟောင်ကောင်ကို လာမလို့လေ။ နင့်မှာ ဗီအိုင်ပီကတ် သုံးခုရှိတယ်လို့ နင်ပြောတယ်မလား။ ငါ့ကို အဲ့ထဲက တစ်ကတ်လောက် ငါ့အစ်ကိုအတွက် ငှားပေးနိုင်မလားလို့" လျန်မုန့်ချီက ပြောသည်။

သူမ၏အစ်ကိုက အသုံးအစွဲကြီးသူမဟုတ်သလို စားစရာတစ်စုံတစ်ရာအတွက် သူ အရသာမပြည်းကြည့်ခင် ကြိုတင်ငွေမပေးတတ်ချေ။ သို့သော် သူမတွင် ဗီအိုင်ပီကတ်တစ်ခုသာရှိပြီး သူမလည်း အခြားတစ်ယောက်အတွက် သူမ၏ညစာကို အလွတ်မခံနိုင်ချေ။ ဆိုင်ရှက်က ဗီအိုင်ပီကတ်များ၏ပိုင်ဆိုင်မှုပုံစံကို ဂရုမစိုက်သည့်အတွက် သူမ စွန်းဒုန်ဟမ်အား အကူအညီတောင်းရန် ဆုံးဖြတ်ခဲ့သည်။

"ရပါတယ်. အသေးအမွှားလေးပဲကို။ အစ်မလိုတဲ့အချိန် ကျွန်တော့်ကိုပြောပေါ့" စွန်းဒုန်ဟမ်က ပြုံးကာ ပြန်ဖြေသည်။

"ကျေးဇူးပဲ" လျန်မုန့်ချီက ရိုးသားစွာ ပြောသည်။

ထိုကတ်များမှာ ဗီအိုင်ပီစားသုံးသူများအတွက်သာ အခွင့်ရှိသည့် အထူးအရသာရှိသောဟင်းပွဲများကို စားရစေသည်။

မှန်ပေသည်။ အရာအားလုံးမှာ ကျန်းဟန်၏အပေါ်တွင် မူတည်လေသည်။

သူ မီးဖိုချောင်ဝင်ဖို့ ဆန္ဒမရှိပါက ဗီအိုင်ပီစားသုံးသူများပင် ဘာမှစားရမည်မဟုတ်ချေ။

ည ၉ နာရီခွဲမှ ပြန်သည့် ရှုယုံမှလွဲ၍ ည ၈ နာရီခန့်တွင် စားသုံးသူများအားလုံး ပြန်သွားကြသည်။ ရှုယုံလည်း အချိန်ကျသည်နှင့် ညပိုင်းထရိန်နင်အတွက် ကုမ္ပဏီသို့ ပြန်သွားသည်။ ထရိန်နင်၏ပြင်းထန်မှုမှာ သူ့အတွက် ကြီးကြီးမားမား မဟုတ်သော်လည်း သိုင်းပညာရှင်အဆင့်သို့ တက်လှမ်းပြီးနောက်တွင် သူ့ကိုယ်သူ သန်မာအစွမ်းထက်လာစေရန် စိတ်စွဲလန်းနေသည့်အတွက် နေ့စဉ်နေ့တိုင်း ထရိန်နင်လုပ်လေ့ရှိသည်။

ကျန်းဟန်သည် မုန့်မုန့်နှင့်အတူ အရုပ်များဖြင့် ခဏတာ ကစားခဲ့ပြီး ည ၁၀ နာရီ ခွဲတွင် ဇီယန်၏ဗီဒီယိုကောအား

လက်ခံရရှိသည်။ ခင်ပွန်း၊ ဇနီးနှင့် သမီးတို့မှာ မိသားစုနှင့် ပို ပို၍ တူလာကြသည်။ မဟုတ်သေး။ သူတို့က အမှန်တကယ် မိသားစုတစ်စုဖြစ်နေလေပြီ။

ည ၁၁ နာရီတွင် ကျန်းဟန်နှင့် မုန့်မုန့်တို့ မာစတာအိပ်ခန်းထဲသို့ အိပ်ရာဝင်ခဲ့ကြသည်။ ဇီယန် ပြန်မလာသေးသော်လည်း သူမ၏ကိုယ်သင်းရနံ့က လေထဲတွင် ခံစားနိုင်နေဆဲပင်။

ကျန်းဟန်၏အိပ်ရာဝင်ပုံပြင်ကို နားထောင်ရင်း ခဏအကြာတွင် မုန့်မုန့် အိပ်ပျော်သွားသည်။

ထိုအချိန်အတွင်း၌...

ကျူးကန်းခရိုင် မြောက်ပိုင်း ဆင်ခြေဖုံးရပ်ကွက်ရှိ ထို စက်ရုံဂိုထောင်အတွင်း၌...

လူ ၂၀ ကျော် မတ်တပ်ရပ်နေကြသည်။

လော့ရှန်း၊ လော့ချောင်နှင့် လော့ရှန်း၏တပည့်နှစ်ယောက်တို့က သူတို့ရှေ့တွင် ရှိနေကြသည်။

"ငါတို့ လူစုရတဲ့အကြောင်းကို ပြောမယ်" လော့ရှန်းက သူ၏မှတ်စုစာအုပ်နောက်မှ ပြောသည်။

"သဲချောင်၊ မင်းတို့သုံးယောက်က ထရပ်ကားသုံးစီးကို မြောက်ဘက်လမ်းကနေ တောင်ပေါ်ကို မောင်းရမယ်။ မြေပုံကို သေချာကြည့်ပြီး ဂရုစိုက်ဖို့ မမေ့နဲ့။ ရွှမ် မင်းတို့ခြောက်ယောက်က တောင်ဘက်လမ်းအတိုင်းမောင်း။ ရှောင်ဒုန် မင်းတို့ခြောက်ယောက်က လျှိုမြင်လမ်းကမောင်း။ အခု ၁၁ နာရီထိုးနေပြီ။ နာရီဝက်နေရင် ငါတို့ ဦးတည်ရာမှာ လူပြန်စုကြမယ်။ ရပြီ သွားကြ သွားကြ သွားကြတော့"

လုချောင်သည် စိတ်လှုပ်ရှားစွာဖြင့် သူ၏လက်နှစ်ဖက်ကို ယမ်းနေချိန်တွင် သူ၏လူ ၂၄ ယောက်က ထရပ်ကား ၁၂ စီးဖြင့် တစ်စီးပြီးတစ်စီး ထွက်သွားကြသည်။

လော့ရှန်းသည် သူတို့၏စွမ်းဆောင်ရည်ကို ကျေနပ်နေခဲ့၏။

လုချောင်မှာ ပို၍ စိတ်လှုပ်ရှားနေပြီး ယနေ့ညတွင် သူအောင်မြင်မှုတစ်ခုရရှိလိုက်သလို ခံစားနေရသည်။ သို့သော်တစ်ချိန်တည်းမှာပင် သူတို့သည် သူခိုးများကဲ့သို့ လုပ်နေကြပြီး သူတို့ခိုးမည့်အရာက တန်ဖိုးကြီးလွန်းသည့်အတွက် အနည်းငယ်တော့ စိုးရိမ်နေခဲ့သည်။ ကျွဲ၊ နွား၊ သိုး၊ ဝက်နှင့် အခြားတိရစ္ဆာန်များ၊ ကောက်ပဲသီးနှံများ စုစုပေါင်း အနည်းဆုံး ယွမ်တစ်သန်းခန့်တန်ဖိုးရှိလေသည်။

သူသည် လှုပ်ရှားမှုနှင့် ဆုတ်ခွာမှုလမ်းကြောင်းကို ရေးဆွဲထားပြီးဖြစ်သည်။ စောင့်ကြည့်ကင်မရာမရှိသည့် တောင်ပိုင်းနှင့် အရှေ့ပိုင်းခရိုင်များ၏အလယ်ပိုင်းတွင် နောက်ထပ် ယာဉ်တန်းကို စောင့်ဆိုင်းနေရန် စီစဉ်ခဲ့သည်။ သူတို့ ကိစ္စပြီးသည့်အခါ ထိုနေရာသို့သွားကာ ခိုးယူလာသည့် အစားအစာများကို ကုန်ကားအလွတ်များထဲသို့ ပြောင်းသယ်သွားကြမည်။ မူလ

ထရပ်ကားများက အရှေ့နှင့် မြောက်ပိုင်းခရိုင်သို့ မောင်းနှင သွားပြီး ကုန်အပြည့်တင်ထားသည့် ကားများက ဤနေရာသို့ ပြန်မောင်းလာကြမည်။

သူသည် အစီအစဉ်အား သေသေချာချာ ရေးဆွဲထားခဲ့ပြီး အချိန်အတော်ကြာ ပြင်ဆင်ခဲ့ရသလို အခြားနေရာများမှ အကူအညီများစွာကိုလည်း ရယူခဲ့ရသည်။ မနက်ဖြန် မနက် ၅ နာရီတွင် ဟောင်ကောင်မှ ထွက်ခွာနိုင်သရွေ့ သူတို့၏မစ်ရှင် အောင်မြင်မှာ သေချာလေသည်။

"သွားကြစို့”

လော့ရှန်းက လက်ကို ဝှေ့ယမ်းလိုက်ပြီး သူတို့လေး ယောက်က နောက်ဆုံးထရပ်ကားပေါ်တက်ကာ အမြန်ဆုံး လမ်းကြောင်းမှ လဆန်းတောင်သို့ သွားရန် ပြင်သည်။

"ဆရာ ဒီပါဝင်ပစ္စည်းတွေရဲ့ အရည်အသွေးအရ ဒီတစ် ကြိမ်အောင်မြင်ပြီးရင် ကျွန်တော်တို့ ချမ်းသာပြီပဲ” လုချောင်က ထရပ်ကားကို စက်နှိုးရန်ပြင်ရန် စိတ်လှုပ်ရှားစွာပြောသည်။

"ဒါပေါ့။ စားသောက်ဆိုင်က အဆင်သင့်ဖြစ်ခါနီးပြီ။ ဒီတစ်ခါ ငါစုဆောင်းထားသမျှ ငွေတွေအကုန်လုံးကို ထုတ်ထားတာ။ သေချာပေါက် အောင်မြင်မှာပါ။ ငါတို့စားသောက်ဆိုင်ဖွင့်တဲ့အခါကျရင် မင်းတို့က တည်ထောင်သူဖခင်တွေဖြစ်လာမှာ" လော့ရှန်းက မျက်လုံးများ မှေးစင်းကာ ပြောသည်။

-အခန်း(၃၇၀-က)ပြီး

wunzinnosp

## အခန်း(၃၇၀-ခ) အိပ်မက်နှင့် လက်တွေ့(၂)

ဝမ်လုံဟူသောနာမည်၏အောက်တွင် သူသည် ဟောင်ကောင်တွင် နှစ်ပေါင်းများစွာ အလုပ်လုပ်ခဲ့ပြီး တစ်နှစ်လျှင် ယွမ် တစ်သန်းကျော် ဝင်ငွေရှိသည်။ ထို့အပြင် သူသည် ပါးနပ်စွာဖြင့် စားသောက်ဆိုင်သုံးခု၏ စားဖိုမှူးအဖြစ်လည်း

တစ်ပြိုင်တည်း လုပ်ခဲ့ပြီး ဝင်ငွေများစွာ ရရှိခဲ့ကာ ယခုအချိန်တွင် သူ့၌ စုဆောင်းငွေ ယွမ် ၇ သန်းနီးပါးရှိနေပြီဖြစ်သည်။

သို့သော် ယခုတစ်ကြိမ်တွင် စားသောက်ဆိုင်များအတွက် ယွမ်လေးသန်း၊ ဂိုဒေါင်များအတွက် တစ်သန်းကျော်၊ ကားများနှင့် အလုပ်သမားများ ငှားရန်အတွက် ယွမ်သိန်းချီ၍သုံးခဲ့ပြီး ကျန်ငွေများအား စားသောက်ဆိုင်များ မွမ်းမံပြင်ဆင်ခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းအတွက် သုံးစွဲခဲ့သည်။ ယခု သူ၏စုဆောင်းငွေများ အားလုံးကုန်လုနီးပါးဖြစ်နေလေပြီ။

ငင်းမှာ သူ့အား ထိပ်တန်းအရည်အသွေးမြင့်ပါဝင်ပစ္စည်းများက စိတ်ခတ်ခွန်အားပေးနေသောကြောင့်ပင်။ သူ့အား တွန်အားဖြစ်စေသည်မှာ ထိုအရည်အသွေးမြင့် စားသောက်ကုန်များဖြစ်သည်။ ပြီးခဲ့သည့်အကြိမ်က သူသည် ကြက်အချို့နှင့် ဆန်အချို့ ခိုးယူကာ မြည်းစမ်းကြည့်ခဲ့ပြီး ၎င်းတို့အား ချက်ချင်းစွဲလန်းသွားခဲ့သည်။ ထိုကဲ့သို့ ပါဝင်ပစ္စည်း

များဖြင့် စားဖိုမှူးပြိုင်ပွဲများသို့ ဝင်ရောင်ယှဉ်ပြိုင်ခွင့်ရပါက ဟောင်ကောင်တွင် သူ သေချာပေါက် ကျော်ကြားလာပေမည်။

ထို့နောက်တွင် သူ ပို၍ ပိုက်ဆံရှာနိုင်ပေမည်။

သို့သော် အိပ်မက်နှင့် လက်တွေ့ကြား၌ ကွာဟချက်ရှိသည်ကို သူ မေ့လျော့သွားခဲ့သည်။

လုချောင်သည် အရှိန်ပြင်းစွာ မောင်းနှင်လာခဲ့သည်။ လဆန်းတောင်သို့ ရောက်ရှိရန် ၁၅ မိနစ်ခန့်သာ ကြာသည်။

ငါးမိနစ်ခန့်ကြာသည့်အခါ သူတို့ ပထမယာဉ်စု ရောက်ရှိလာသည်။ ၁၀ မိနစ်အကြာတွင် အခြား ယာဉ်စုနှစ်စု ရောက်ရှိလာသည်။ ၁၅ မိနစ်အကြာတွင် အရှည်ဆုံးလမ်းကြောင်းသို့ သွားသည့် ထရပ်ကားသုံးစီး ရောက်ရှိလာခဲ့သည်။

ထိုအချိန်မှာပင် နာရီဝက်ကုန်ဆုံးသွားပြီဖြစ်၏။

လူ ၂၈ ယောက်စလုံး ရောက်လာကြောင်း အတည်ပြုပြီးနောက် လော့ရှန်း၏တပည့်နှစ်ယောက်သည် ထရပ်ကားများ

အား စောင့်ရန် ကျန်နေခဲ့ပြီး ကျန် ၂၆ ယောက်က လဆန်း တောင်ဆီသို့ လျှောက်သွားကြသည်။

အချိန်မှာ ည ၁၁ နာရီ ၃၀ မိနစ်။

ကောင်းကင်တွင် တိမ်ထူနေပြီး စန္ဒာလမင်းမှာ ရံဖန်ရံခါ ညင်သာစွာအလင်းပေးနေပြီး ရံဖန်ရံခါ တိမ်များ၏နောက်တွင် ပုန်းကွယ်နေလေ၏။

တောင်ခြေရင်း၌ တိတ်ဆိတ်နေခဲ့သည်။ တိမ်တိုက်တစ်ခု က လရောင်အား ဖုံးကွယ်ထားပြီး ပတ်ဝန်းကျင်ရှုခင်းအား အနည်းငယ် မှေးမှိတ်သွားစေကာ တောင်ပေါ်ရှိ တောအုပ် သည် ပို၍ မည်းမှောင်လာခဲ့သည်။

"ရှေ့က သစ်တောက မှောင်နေတယ်။ ငါ နည်းနည်းတော့ လန့်တယ်ကွ" လူတစ်ယောက်က အနည်းငယ် စိုးရွံ့စိတ်ဖြင့် ပြောသည်။

"မင်းက အမှောင်ကြောက်တာလား” လုချောင်က ထို လူအား စိုက်ကြည့်ကာ ရယ်မောလိုက်သည်။ "ဒီမှာ လူတွေ အများကြီးရှိနေတာကို မင်းက ကြောက်နေသေးတာလား”

"မကြောက်ပါဘူး။ တောထဲမှာပဲ ပြောတာပါ” ထိုလူက အမှန်တိုင်းဝန်ခံရန် တွန့်ဆုတ်နေသည်။

"အဲ့ဒါဆို ကောင်းပါတယ်။ တောင်ပေါ်က ခွေးတွေကို တော့ သတိထား။ မင်းလက်ထဲက ဓားနဲ့ အဲ့ကောင်တွေကို သတ်လို့ရတယ်။ ဒီည ခွေးသားစားပြီး ပြန်ကြတာပေါ့” လု ချောင်က အခြားသူများအား သတိပေးသည်။

"သိပြီ” အခြားသူများက ပြန်ဖြေသည်။

လုချောင်သည် အခြားသူများအား ထိန်းချုပ်ရသည့် ခံစား ချက်ကို စွဲလန်းနေသကဲ့သို့ ဆက်လက်အမိန့်ပေးနေသည်။ "အ ရင်အစီအစဉ်အတိုင်း စပါး၊ ဂျုံနဲ့ တခြားကောက်ပဲသီးနှံတွေကို စုဆောင်းပါ” သူက ပြောသည်။ "မြန်မြန်သွား။ ကျန်တဲ့သူတွေ က တိရိစ္ဆာန်တွေကို ကြိုးနဲ့ချည်ပြီး လမ်းကြောင်းအတိုင်း

စနစ်တကျဆင်းကြ။ ဘာမှ မစိုးရိမ်နဲ့ ဒီတောင်ပေါ်မှာ ငါတို့က လွဲပြီး ဘယ်သူမှမရှိဘူး”

"ကောင်းပြီ” လေးငါးယောက်က သူ့အား ပြန်ဖြေသည်။

"အင်း... တောင်ပေါ်တက်ရအောင်”

ထိုအချိန်တွင် သူတို့ တောအုပ်အစွန်းသို့ ရောက်လာကြသည်။ လုချောင်က လက်ကိုဝှေ့ယမ်းကာ လော့ရှန်းနှင့်အတူ တောထဲဝင်သွား၏။

တောအုပ်ထဲတွင် အလွန်မှောင်နေပြီး ထိုအချိန်တွင် မည်သူမျှ စကားမပြောကြချေ။ လူတိုင်း စိုးရိမ်လာပြီး အများစုမှာ အသက်ရှူလေးလံလာကြသည်။

တစ်မိနစ်ခန့် လမ်းလျှောက်ပြီးနောက် တောထဲမှ ထွက်လာကြသည်။ ထိုအချိန်တွင် လရောင်အား ပိတ်ဆို့ကာဆီးထားသည့် တိမ်တိုက်များ လွင့်ပျံသွားပြီး လရောင်က သူတို့၏အမြင်အာရုံကို ပို၍ ကြည်လင်လာစေသည်။

"ဟူး..."

လော့ရှန်းက အသက်ပြင်းပြင်းရှူကာ သက်ပြင်းချလိုက်သည်။ "လေထဲကအနံ့က မွှေးနေတာပဲ။ ကောင်းလိုက်တဲ့ နေရာ"

"ဟုတ်တယ်။ လေက လတ်ဆတ်နေပြီးတော့ ဒီမှာနေရာ ပိုပြီး သက်တောင့်သက်သာခံစားရတယ်" လုချောင်က သူ့အား ပြုံးပြသည်။

"လှလိုက်တဲ့နေရာ"

အခြားသူများလည်း ပတ်ဝန်းကျင်အား ကြည့်ကာ အံ့သြတကြီးရေရွတ်ကြသည်။

"ဟိုမှာကြည့်စမ်း။ ပန်းတွေအများကြီးပဲ"

"မင်းက ပန်းခူးတဲ့သူဖြစ်ချင်လို့လား"

"မြေကြီးပေါ်က မြက်တွေကလည်း အရမ်းနူးညံ့ပြီး နင်းရတာ သက်တောင့်သက်သာရှိလိုက်တာ"

"ဟိုရှေ့က သစ်ပင်ကို ကြည့်ဦး။ ဝါး… အရှည်ကြီးပဲ။ ကြည့်ရတာ မှိုပွင့်ကြီးကျနေတာပဲကွာ။ အရမ်းလှတယ်။ ခုတ်လဲပြီး ယူသွားလို့ရမလား”

"ဘာတွေအံ့သြစရာရှိလို့လဲ” လုချောင်က သူတို့အား စိုက်ကြည့်ကာ အမိန့်ပေးသည်။ "အလုပ်စတော့။ အခု မင်းက ပန်းတွေကြည့်ပြီး သစ်ပင်ခုတ်ချင်နေတာလား။ အဲဒီခွေးတွေကို နောက်မှသတ်။ ဒီမှာ ခွေးဒါဇင်နဲ့ချီပြီးရှိတယ် မင်းတို့ သတိထားကြ”

"ကောင်းပြီ။ အားလုံး လာကြ” လော့ရှန်းက ဖြတ်ဝင်ပြီး တောင်တက်လမ်းသို့ ဦးဆောင်လျှောက်သွားသည်။

တောင်ထိပ်သို့ ရောက်သည့်အခါ…

တိရစ္ဆာန်များနှင့် ကြီးမားလှသည့် ဆန် ဂျူ ဧရိယာကြီးကို မြင်လိုက်ရသဖြင့် လော့ရှန်း အလွန်စိတ်လှုပ်ရှားသွားကာ အော်ပြောလိုက်သည်။ "စတော့”

လူအုပ်ကြီးမှာ တောင်နောက်ဘက်သို့ ပြေးသွားကြ၏။

လော့ရှန်းနှင့် လုချောင်တို့က ကျွဲ နွား သိုး ဝက် များ၏ အရည်အသွေးကို စစ်ဆေးရန် မွေးမြူရေးနယ်မြေသို့ သွားကြသည်။

ထိုနောက်တွင် တစ်စုံတစ်ရာဖြစ်ပျက်သွား၏။

အိမ်မွေးတိရစ္ဆာန်ဇရိယာ၏နောက်ဖက်တွင် တာဟေး သည် ထိုသူခိုးများအား စိုက်ကြည့်နေသည်။

တာဟေး၏ဘေးတွင် ရက်စက်သည့်အသွင်ဖြင့် ရှောင် ဟေးမှာတော့ သူခိုးများ တောင်ပေါ်ခြေချလိုက်ကတည်းက တွေ့ရှိသွားခဲ့ပြီဖြစ်ပြီး ယခုအခါတွင် သူ၏ချွန်ထက်သည့် အစွယ်များကို ပြသနေပြီဖြစ်သည်။ တာဟေးသာ မတားထား လျှင် ရှောင်ဟေးသည် သူတို့အား သင်ခန်းစာတစ်ခုခု သွားပေး ပေးလိမ့်မည်။

"ဝူး ဝူး”

တာဟေးက ရှောင်ဟေးအား နှစ်ကြိမ်အော်သည်။

"မင်းရဲ့ညီအစ်ကိုကို အရင်စခွင့်ပေးလိုက်စမ်းပါ"

ထိုနောက် တာဟေးသည် လေးပေရှိသည့် တိရစ္ဆာန်ဧရိယာကို တိတ်ဆိတ်စွာ ခုန်တက်လိုက်သည်။

အခြားတစ်ဖက်တွင် လုချောင်နှင့် အခြားသူများသည် မွေးမြူရေးတိရစ္ဆာန်များရှိရာသို့ ပြေးတော့မတတ် သွားနေကြသည်။

"ဟိုက ခွေးတွေက ဘာလို့ လုံး၀ မတုံ့ပြန်တာလဲ။ သူတို့အဲ့မှာ ဘာလုပ်နေကြတာလဲ။ ငါတို့ကို စိုက်ကြည့်နေတာလား။ အရူးအုပ်စုကျနေတာပဲ" လုချောင်က သူ၏ညာဘက်မှ ခွေးအုပ်ကို ကြည့်လိုက်သည်။

သူသည် ဒါဇင်ပေါင်းများစွာရှိသည့် ခွေးများ တန်းစီထိုင်ကာ သူတို့အား တိတ်ဆိတ်စွာကြည့်နေသည်ကို ဝိုးတဝါးမြင်နိုင်သည်။

ထို့ကြောင့် လုချောင်သည် ထိုမွေးများအား တော်းများဟု မှတ်ချက်ပြုလိုက်သည်။

သို့သော် ခွေးများမှာလည်း သက်ပြင်းချလိုက်ကြ၏။

"ဒီအရူးတွေက…"

"သူတို့က ငါတို့လောက်တောင် ဉာဏ်မကောင်းဘူး"

"စွမ်းအားကြီးတဲ့ ဟေးနှစ်ကောင်က အဲဒီကို သွားနေပြီ။ ဟူး… ဒီကောင်တွေ သနားစရာကောင်းလိုက်တာ"

"ဝိုး တိရစ္ဆာန်တွေ အများကြီးမှ အများကြီးပဲ။ သူတို့ထက် ငါတို့ပိုမွေးနိုင်ရငါ ငါတို့တော့ ချမ်းသာပြီ" လော့ရှန်းက နှုတ်ခမ်းများကို သပ်လိုက်ပြီး လောဘကြီးစွာ ပြောသည်။ "ဒီနေ့ ဒီနေရာကို အပြောင်ရှင်းကြမယ်"

"ဒီလိုပဲဖြစ်ရမယ်" လုချောင်က ပြန်ပြောသည်။

သူတို့ အနားရောက်သည်နှင့် သူက အမိန့်ပေးသည်။ "အစီအစဉ်အတိုင်းလုပ်။ လူစုခွဲကြ"

ထိုနောက်တွင်...

သူက ရှေ့ဆုံးမှ လှုပ်ရှားကာ "ဆရာ ဒီနွားတွေရဲ့ အရည်အသွေးနဲ့ အရွယ်အစားက အကောင်းဆုံးပဲ။ ဒီတစ်ကောင်ကို ကြည့်ပါဦး။ အနက်ရောင်စစ်စစ် ဂျပန်နွားနက်။ နေပါဦး ဒါက ဘာလဲ။ အဲဒါ နွားနဲ့မတူဘူး။ ဝက်တစ်ကောင်လား"

လုချောင်က သူ၏ရှေ့ရှိ နွားဘားနားမှ အနက်ရောင် အပြုံလိုက်အကောင်များကို ကြည့်ပြီး ဘာတွေလဲ မခွဲခြားနိုင်တော့။ ထို့ကြောင့် သူ လော့ရှန်းအား လှည့်ကြည့်ကာ မေးလိုက်သည်။ "ဆရာ အဲဒါ ဘာတွေလဲ။ ကျွန်တော်......"

"ရား..."

"အား..."

"ဘာလဲ..."

သူ၏စကားမဆုံးခင်မှာပင် လူများစွာ၏ ထိတ်လန့်တုန်လှုပ်နေသည့် အသံများကို ကြားလိုက်ရပြီး လော့ရှန်းနှင့်

အခြားသူများ၏ တုန်လှုပ်ခြောက်ခြားစွာ စိုက်ကြည့်နေသည့် မျက်လုံးများကို တွေ့လိုက်ရသည်။

"ဘာဖြစ်တာလဲ"

လုချောင် စိတ်ထဲ ထိတ်လန့်သွားသည်။

ရုတ်တရက် သူ့ခြေထောက်အောက် မြေပြင်မှ အရိပ်တစ်ခု ဖြည်းညှင်းစွာ မြင့်တက်လာသည်ကို တွေ့လိုက်ရသည်။

ထိုအရိပ်မှာ လုချောင်၏အရိပ်အား လုံး၀ ဖုံးအုပ်ထား၏။ ၎င်းအား ကြည့်ရသည်မှာ.... အလွန်အမင်းကြီးမားသည့် တစ်ခုခုပင်...

"အဲဒါ ဘာကြီးလဲဟ"

သူ၏အမူအရာမှာ တောင့်တင်းသွားသည်။ သူ ခေါင်းအား ဖြည်းညှင်းစွာ လှည့်ကြည့်လိုက်ရာ မတ်တပ်ရပ်နေသည့် တာ ဟေးအား တွေ့လိုက်ရ၏။ လုချောင်၏မျက်လုံးများလည်း ပြူး ကျယ်သွားလေသည်။

"ဂေါ်ရီလာအကြီးကြီးလား”

လုချောင်မှာ စိတ်ဗလာကျင်းသွားပြီး ဘာလုပ်လို့လုပ်လုပ်ရမှန်းမသိဘဲ တာပေါ်းအား စိုက်ကြည့်နေမိသည်။

"မင်...မင်...မဂ်လာပါ...” လုချောင် ခက်ခက်ခဲခဲ နှုတ်ဆက်လိုက်သည်။

"ဝူး...”

တာပေါ်းသည် သူ၏ကြီးမားသည့် ခေါင်းကြီးအား ရှေ့သို့ဆန့်ကာ ပြင်းထန်စွာ ဟိန်းဟောက်လိုက်သည်။

လုချောင်၏မျက်နှာအနှံ့ တံတွေးများ ဖြန်းသွားလေသည်။

သို့သော် လုချောင်မှာ ၎င်းကို ဂရုစိုက်နေရန် အချိန်မရှိချေ။ သူ အလွန်ထိတ်လန့်ကြောက်ရွံ့သွားပြီး ကျယ်လောင်စွာ အော်ဟစ်ကာ လှည့်၍ ပြေးလေတော့သည်။

"အား...”

လုချောင်သည် သူ့တွင် ခြေထောက်လေးချောင်းမရှိသည့်အတွက် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိသည်။ သူ ယခုမှ စပြေးပြီး ရုတ်တရက် သူ၏ခါးက နာကျင်လာသည်။ ထို့နောက် သူသည် အထပ်သို့ ရှစ်မီတာ ကိုးမီတာခန့် မြောက်တာလာပြီး သုံးထပ်တိုက်အမြင့်သို့ ရောက်ရှိသွားသည်ကို တွေ့လိုက်ရသည်။

"အား…"

အောက်သို့ ပြန်ကျလာသည်နှင့် လုချောင်၏သူငယ်အိမ်များ ကြောက်ရွံ့မှုကြောင့် ကျုံ့လာလေသည်။

"ဒုန်း"

ကံကောင်းထောက်မစွာဖြင့် အောက်ခြေမှာ ကွန်ကရစ်ခင်းမဟုတ်ဘဲ မြင်ခင်းပြင်တစ်ခုဖြစ်နေခဲ့သည်။ သို့မဟုတ်ပါက သူ သေသွားပေလိမ့်မည်။ ယခုကဲ့သို့ပင် ဒဏ်ရာအပြင်းအထန်ရသွားပြီး ထပင်မထနိုင်တော့ချေ။

အခြားသူများအတွက်တော့... လုချောင်၏ ပုံသန်းမှုနှင့် အတူ သူတို့၏ခေါင်းများ မော့လိုက်လာလိုက်ပြီး ပြန်ငုံ့လာသည်။ ထိုနောက် သူတို့ရှေ့ရှိ အရပ် ၂.၁ မီတာရှည်သော တာပေးအား စိုက်ကြည့်လိုက်ကြသည်။

"ပြေး”

"သားရဲကြီး”

"သူ သတ်နေပြီ”

"ပြေး မြန်မြန်ပြေး”

လူတိုင်း သူတို့၏ကိရိယာများကို ပစ်ချကာ တတ်နိုင်သမျှ မြန်မြန် လှည့်ပြေးကြတော့သည်။

၎င်းက စိုက်ပျိုးရေးစရိယာသွားသည့် ရိတ်သိမ်းရန်ပြင်နေသော လူခြောက်ယောက်၏အာရုံကို စွဲဆောင်သွားသည်။ သူတို့ ဖြည်းဖြည်းချင်းလှည့်ကြည့်လိုက်ရာ သူတို့၏မျက်နှာများ ပြောင်းလဲသွားစေသည့် မြင်ကွင်းကို တွေ့လိုက်ရသည်။

အလွန်ကြီးမားသည့် ဂေါ်ရီလာတစ်ကောင်က သူတို့၏လုပ်ဖော်ကိုင်ဖက်များကို လိုက်ဖမ်းနေပြီး လူတစ်ယောက်လျှင် လက်သီးတစ်ချက် သို့မဟုတ် ကန်ချက်တစ်ချက်ဖြင့် ကောင်းကင်သို့ လွင့်ပျံသွားစေသည်။

အရိုက်ခံလိုက်ရသူများမှာ တော်တော်ဝေးဝေးသို့ လွင့်ထွက်သွားပြီး သေသလား ရှင်သလား မပြောနိုင်ချေ။

သို့သော် တစ်စုံတစ်ယောက် "သူ သတ်နေပြီ” ဟု အော်သံကို ကြားလိုက်ရပြီးနောက် အရိုက်ခံရပါက သေမည်ဟု မသိစိတ်က ခံစားလိုက်ကြရသည်။

-အခန်း(၃၇၀-ခ)ပြီး

wunzinnosp

## အခန်း(၃၇၀-၈) အိပ်မက်နှင့် လက်တွေ့(၃)

"ပြေး မြန်မြန်ပြေး” သူတို့ထဲက တစ်ယောက်က ရုတ်တရက် ထအော်သည်။

လူခြောက်ယောက်မှာ လှည့်ကာ ပြေးကြသည်။

သို့သော် သူတို့ လှည့်လိုက်ပြီး ခြေလှမ်းမစခင်မှာပင် ဖြူဖျော့သည့်မျက်နှာများဖြင့် ရှေ့သို့ တုန်တုန်ယင်ယင် လှမ်းကြည့်လိုက်ကြသည်။

ဝံပုလွေနှင်တူသည့် ခွေးတစ်ကောင်က သူတို့ရှေ့တွင် ရပ်နေပြီး သူတို့အား ပြင်းထန်ရက်စက်သည့် မျက်လုံးများဖြင့် ကြည့်နေသည့်အတွက် သူတို့ လုံးဝ စိတ်ဓာတ်ကျသွားကြသည်။

"ပြေးကြ”

ရုတ်တရက် လူတစ်ယောက်က သူ၏ကြောက်ရွံ့မှုကို ခဏတာ ကျော်ဖြတ်ကာ အော်ဟစ်လိုက်သည်။

အခြားသူငါးယောက်မှာလည်း အမြန်ပြေးထွက်သွားချိန်တွင် အော်လိုက်သည့်လူသည် နောက်သို့ လျှင်မြန်စွာ လှည့်ပြေးလေတော့သည်။

သို့သော ခြောက်လှမ်း ခုနစ်လှမ်းခန့်သာ ပြေးပြီးနောက်တွင် သူ၏နောက်မှ အော်သံငါးခုကို ကြာလးိုက်ရသည်။ ထိုနောက်…

"ဘုန်း ဘုန်း ဘုန်း”

သူ၏နောက်မှ ခွေးက လိုက်လာနေသည်ကို ခံစားလိုက်ရပြီး ကြောက်လန့်သွား၏။

ပြေးနေရင်းဖြင့် သူ ခေါင်းလှည့်ကြည့်လိုက်သည်။

သို့သော် သူမြင်သမျှမှာ အမှောင်ထုသာဖြစ်ပြီး တစ်ခုတည်းတောမြင်နိုင်သည့်အရာမှာ ချွန်ထက်နေသည့် အစွယ်များပင်။

သူခိုးများ တစ်ယောက်ပြီးဂ လဲကျကုန်ပြီး ကျန်သည့်လူများမှာ ပို၍ပင် ကြောက်လန့်လာကြသည်။

သူတို့ အရပ်မျက်နှာအားလုံးသို့ ထွက်ပြေးကာ တာဟေးက သူတို့နောက်သို့ လိုက်နေရင်း မတူညီသည့် လမ်းကြောင်းများဆီသို့ လိုက်ရန် ခက်ခဲသွားခဲ့သည်။

သူ ခေါင်းကုတ်လိုက်၏။

"ဝူး ဝူး ဝူး"

"ရှောင်ဟေး မင်းအလှည့်ရောက်ပြီ။ ငါ မပြေးချင်တော့ဘူး"

"ဝုစ်"

အနက်ရောင်အရိပ်တစ်ခုက မြင်ခင်းပြင်အား ဖြတ်သန်းသွားသလိုဖြစ်သွားပြီး ထိုနောက်တွင် ပြေးနေသည့်လူများအားလုံး မြေပြင်ပေါ် လဲကျသွားကြသည်။

"ဟီးဟီး..."

တာဟေးက သူ၏ဗိုက်ကိုပုတ်ကာ ရယ်သည်။

"ဝုတ် ဝုတ်"

ရှောင်ဟေး ပြန်ရောက်လာပြီး အကြိမ်အနည်းငယ် ဟောင်လိုက်သည်။ ထို့နောက် တစ်စုံတစ်ယောက် ပြေးဝင်သွားသည့် တောင်နောက်ဘက်ရှိ တောအုပ်အား လှည့်ကြည့်လိုက်သည်။

သူက ထိုထဲတွင် အမဲလိုက်ချင်နေသည်။

"ဝူး ဝူး ဝူး"

"မင်း အဲ့ကိုသွားလိုက်။ ငါ ဒီစစ်မြေပြင်ကို ရှင်းလိုက်မယ်"

ရှောင်ဟေးက သူ၏ခန္ဓာကိုယ်အား လှုပ်ရှားကာ တောအုပ်ဆီသို့ အမြန်ပြေးသွားလေသည်။

ထိုအချိန်တွင် ဘေးနားရှိ ခွေးများက သူတို့၏လျှာများကို ထုတ်ကာ လှုပ်ရှားရန် အဆင်သင့်ဖြစ်နေသည့်ဟန်ဖြင့် အချိန်အကြာကြီး ရပ်နေကြသည်။

"ငါတို့ အခု ဘာလုပ်နိုင်ဦးမှာလဲ"

"အဲဒါဘာကြီးလဲ။ ကင်းကောင်လား"

"ကံဆိုးလိုက်တဲ့ငါ"

"ပြေး အဲဒါကြီးက အရမ်းကြောက်စရာကောင်းတယ်"

"သူငါ့ကို မီလာလို့မဖြစ်ဘူး"

လော့ရှန်း ရှုးသွပ်စွာ ပြေးနေသည်။ ကြောက်စိတ်ကြောင့် သူ၏နဖူးတွင် ချွေးအေးများ ဖုံးလွှမ်းနေ၏။

ပုံမှန်အားဖြင့် လော့ကျင့်ခန်း သိပ်မလုပ်တတ်သော်လည်း ယခုအချိန်တွင် သူ ပြေးနေသည်မှာ အလွန်မြန်သည်ဟု ခံစားရသည်။

၎င်းက သူ့အား အနည်းငယ် ဂုဏ်ယူသွားစေသည်။

ဂုဏ်ယူတာလား...

ဟုတ်ပါတယ်။ ဟိုလူအုပ်စုက တောင်ရဲ့ရှေ့ဘက်ကို ပြေးသွားဖို့ပဲသိကြပေမယ့် သူကတော့ တောင်နောက်ဘက်ကို ပြေးဖို့ ရွေးချယ်လိုက်တယ်လေ။ သေချာပါတယ်။ တောထဲက ထွက်ပြေးနိုင်တဲ့ တစ်ဦးတည်းသောလူမှာ သူပဲလေ...

ထိုနေရာတွင် ထိုင်နေကြသည့် ခွေးများအကြောင်းကို ပြန်တွေးလိုက်မိသည်။

တစ်ချိန်တည်းမှာပင် လုချောင်က ခွေးမိုက်များဖြစ်ကြောင်း သူတို့အား လှောင်ရယ်သည်ဟု တွေးမိလိုက်ပြန်သည်။ ယခုတော့ ထိုခွေးများက သူတို့အား စောင့်ကြည့်နေသည့်ပုံပင်။

"ဆိုးလိုက်တဲ့ကံ”

သူ အပြင်ထွက်ပြေးခါနီးတွင် အနည်းငယ် စိတ်သက်သာရာရသွား၏။

သို့သော် နောက်အခိုက်အတန့်တွင်တော့...

"ဝှစ်"

ရုတ်တရက် တစ်စုံတစ်ရာက သစ်ရွက်များကို နင်းကာ အရှိန်ပြင်းပြင်းဖြင့် ပြေးလွှားနေသကဲ့သို့ သူ၏ပတ်ပတ်လည်မှာ အသံများ ထွက်ပေါ်လာသည်။ ထိုသိပ်သိမ်းလှသည့် ကြိမ်နှုန်းမှာ ကြောက်မက်ဖွယ်အရှိန်ဖြစ်ကြောင်း ဆိုလိုနေသည်။

"အား"

လော့ရှန်း ကြောက်လန့်တကြား အော်ဟစ်ကာ ရှေ့သို့ အသည်းအသန် ပြေးလေသည်။

မြန်မြန် မြန်မြန်...

သူ တောအုပ်ထဲက ပြေးထွက်တော့မည်။ သူ အပြင်ထွက် ခါနီးပြီဖြစ်သည်။

နေပါဦး...

သူ၏ရှေ့ မနီးမဝေးတွင် သစ်ပင်များမရှိတော့ဘဲ လရောင်က တောက်ပနေသည်ကို မြင်လိုက်ရသည်။

သူ၏ ဦးတည်ရာပန်းတိုင်ပင်။

လော့ရှန်း အမြန်ပြေးထွက်တော့မည်။

ရုတ်တရက် သူ၏ခြေထောက်က မြေကြီးပေါ် နင်းမိမသွားသည်ကို သိလိုက်ရသည်။

"ဘာဖြစ်တာလဲဟ”

လော့ရှန်း အမြန်ကြည့်လိုက်သော်လည်း သူ့ကိုယ်သူ လေပေါ် ငါးမီတာ ခြောက်မီတာခန့်တွင် ရောက်ရှိနေသည်ကို တွေ့လိုက်ရသည်။

"မဟုတ်ဘူး”

လော့ရှန်း မအော်နိုင်ခင်မှာပင် မြေကြီးပေါ် ပြုတ်ကျသွား၏။

သူ မူးဝေနေပြီး သူ၏ဘယ်ဘက်ခြေထောက်အား ကျောက်တုံးဖြင့် ရှသွားသည့်အတွက် ပြင်းထန်သည့် နာကျင်မှုကို ခံစားလိုက်ရသည်။

ထိုနောက် သူ တောင်ထိပ်သို့ မော့ကြည့်လိုက်သည်။

ခွေးကြီးတစ်ကောင်က သူ့အား ငုံ့ကြည့်နေ၏။

ထိုခွေးက သူ့အား အထင်သေးနေပုံပင်။

"ဝှစ်”

သူ၏အကြည့်အောက်တွင် ရှောင်ဟေးက ဖြည်းညှင်းစွာ ဆင်းလာသည်။

ထိုနောက် ရှောင်ဟေးသည် လော့ရှန်းအား နောက်တစ်ကြိမ် လေပေါ်ပျံသွားစေရန် သူ၏လက်ကောက်ဝတ်အား ကိုက်ကာ ခေါင်းကိုခါယမ်းထုတ်လိုက်သည်။ ဤတစ်ကြိမ်တွင် သူ တောအုပ်ထွက်ပေါက်သို့ ပြုတ်ကျသွား၏။

"ဒါက ဘယ်လိုခွေးမျိုးလဲ”

လော့ရှန်းသည် စိတ်ဗလာကျင်းသွားပြီး ကမ္ဘာကြီးနှင့် ပတ်သက်သော သူ၏အမြင်များ ပြောင်းလဲသွားသည်ဟု ခံစားလိုက်ရသည်။

ထိုနောက် ခွေးသည် အလွယ်တကူပင် ပြေးလာပြီး သူ၏ခြေထောက်ကို ကိုက်ကာ နောက်သို့ တရွတ်ဆွဲ၍ ပြန်ဆွဲခေါ်သွားခဲ့သည်။

နှစ်မိနစ်အကြာတွင် လော့ရှန်းအား နောက်ဘက်တောင်ပေါ်သို့ ပြန်ခေါ်လာပြီး သူ၏လူ ၂၅ ယောက်က စက်ဝိုင်းတစ်ခုထဲတွင် ထိုင်နေသည်ကို တွေ့လိုက်ရသည်။ တာပေါးအားကြည့်လိုက်ရာ သူ လုံးဝ စိတ်ဓာတ်ကျသွားသည်။

"ဘယ်လိုလုပ် ဒီလိုဖြစ်ရတာလဲ”

သူစီစဉ်ခဲ့သည်ကား လဆန်းတောင်တစ်ခုလုံးအား ပြောင်သွားအောင် စီစဉ်ခဲ့ခြင်းဖြစ်သည်။ ယခုတွင်ကား သူသည် တိရစ္ဆာန်နှစ်ကောင်၏ပြုသမျှ နေရသည်။

ရှောင်ပောက ခေါင်းကိုခါယမ်းကာ လေ့ရှန်းအား လူအုပ်ထဲသို့ ပစ်ချလိုက်သည်။ လူအများပြား မြေကြီးပေါ်လဲကျသွားကြပြီး အော်သံများ ထမ်မံထွက်ပေါ်လာပြန်သည်။

"ဆရာ ခင်ဗျားလည်း ပြန်လာပြီပေါ့" လုချောင်က မြေကြီးပေါ် လဲလျောင်းနေပြီး အားနည်းသည့်အသံဖြင့် ပြောသည်။

"ငါ..." လေ့ရှန်း သူ၏ခြေထောက်များအား ပွတ်လိုက်ပြီး ထိုအခိုက်တွင် သူ ဘာမှ ပြောချင်စိတ်မရှိချေ။

လူအုပ်ကြီးမှာ စိတ်ပျက်လက်ပျက်ဖြင့် အတူတူထိုင်နေကြသည်။

"ဝုတ် ဝုတ်"

ရှောင်ပောက ဟောင်လိုက်ပြီး တောင်ရှေ့သို့ အမြန်ပြေးသွားသည်။

သူ၏အမြန်နှုန်းကြောင့် သူခိုးများအား ပို၍ပင် မျှော်လင့်ချက်မဲ့သွားစေသည်။

သူတို့ ဘယ်လိုမှ မလွတ်မြောက်နိုင်တော့ချေ။

ရှောင်ပေးသည် တစ်မိနစ်အတွင်း ပြန်လာပြီး တာပေး အား နှစ်ကြိမ် ပေါင်လိုက်သည်။

"ဝူး ဝူး ဝူး ဝူး" တာပေးက တဝူးဝူးအော်ရင်း ခြေဟန်လက်ဟန်ပြသည်။

"တောင်ပေါ်မှာ တခြားကောင်တွေရှိသေးတာလား။ သွား ကြစို့။ သူတို့ကို သွားရိုက်နှက်ပစ်ကြမယ်"

မြေကြီးပေါ်ထိုင်နေသည့် သနားစရာကောင်များမှာ ၎င်း ကိုကြည့်ပြီး သူတို့၏ခန္ဓာကိုယ်နာကျင်မှုများကိုပင် မေ့လျော့ သွားကာ အလွန်ထိတ်လန့်သွားကြ၏။

"ဘာလဲ"

"ဒီမကောင်းဆိုးရွားနှစ်ကောင်က အချင်းချင်း ဆက်သွယ် စကားပြောနိုင်တာလား"

"ဝုတ် ဝုတ်"

ခဏကြာ ပြောဆိုပြီးနောက် ရှောင်ဟေးသည် သူ၏နောက်လိုက် ၃၀ အား ဟောင်လိုက်သည်။

ထိုနောက် ဟေးနှစ်ကောင်သည် တောင်အနောက်ဘက်သို့ ပြေးသွား၏။

"ဆ...ဆရာ... သူတို့ စတုတ္ထလေးတို့ကို သွားရိုက်တာလား။ ငါတို့ထဲက တစ်ယောက်မှ ချမ်းသာမပေးတော့ဘူးလား" လုချောင်၏သွေးများ အေးခဲသွားသည်။

"ငါဘယ်လိုသိမှာလဲဟ" လော့ရှန်းက ဒေါသတကြီး ပြန်ပြောသည်။

"အခု သူတို့ ထွက်သွားပြီဆိုတော့ ငါတို့..." လူအုပ်ထဲက တစ်ယောက်က ဤအခွင့်အရေးကိုယူကာ ထွက်ပြေးရန် အကြံပေးသည်။

သို့သော် သူ ချက်ချင်း ပါးစပ်ပိတ်လိုက်၏။

ခွေး ၃၀ ကျော်မှာ ပြေးလွှားလာပြီး ထွက်ပြေးလိုသူများအား ခြိမ်းခြောက်ရန် သူတို့၏အစွယ်များကို ထုတ်၍ လူအုပ်အား ဝိုင်းရံလိုက်သောကြောင့်ပင်။

ယေဘူယျအားဖြင့် အကျင့်စရိုက် အနူးညံ့ဆုံးဟု အသိအမှတ်ပြုထားသည့် ဂိုးဒင်းရီထရီဗာပင် ရှောင်ပေါးအား အတုယူကာ သူ၏ရက်စက်ကြမ်းကြုတ်သည့်အမူအယာကို ပြသနေလေသည်။

ကဲ ပိုပြီး ရက်စက်ပြ။ ပိုပိုပြီး ကြမ်းကြုတ်ပြ။ သွားတွေကို များများလေး ဖြဲပြရမယ်...

ယေဘူယျအားဖြင့် အိမ်မွေးခွေးတစ်ကောင် နှစ်ကောင် လောက်က ကြောက်စရာမရှိချေ။ သို့သော ယခုက သူတို့ သေဘေးမှ လွတ်မြောက်လာခါစတွင် ခွေးအကောင် ၃၀ ကျော် က ဝိုင်းရံထားသည့်အတွက် သူတို့ အလွန်ထိတ်လန့် ကြောက်ရွံ့သွားကြပြီး မလှုပ်ရှားရဲကြတော့ချေ။

"ငါတို့ မလွတ်နိုင်တော့ဘူး။ ဆရာ ကျွန်တော်တို့ ဘာလုပ် ကြမလဲ" လုချောင်က စိုးရိမ်တကြီး ပြောသည်။

"ငါတို့ ရဲခေါ်လိုက်ကြမလား။ ဟိုဘီလူးနှစ်ကောင် ပြန်မ လာခင် ရဲကို ခေါ်လိုက်မယ်" နောက်တစ်ယောက်က သူတို့ အား တုန်တုန်ယင်ယင်နှင့်ပြောသည်။

"ရဲခေါ်မှလား။ ပြီးရင် ထောင်ထဲသွားကြမှာလား" လော့ရှ န်း ဒေါသထွက်သွားသည်။

"ငါတို့ ဘာလုပ်နိုင်မှာလဲ။ ဒီမှာပဲ နေလို့မရဘူးလေ။ ဟို ဘီလူးနှစ်ကောင်က စိတ်ဖောက်ပြီး အချိန်မရွေး ငါတို့ကို သတ် ပစ်နိုင်တယ်"

လော့ရှန်း အံ့အားသင့်သွားသည်။

ထိုကောင်ရဲ့စကားက အဓိပ္ပာယ်ရှိလေ၏။ ထို့ကြောင့် လော့ရှန်း မျက်မှောင်ကြုတ်ကာ အမြန် ပြောလိုက်သည်။ "ငါတို့ ရဲခေါ်လို့မရပေမယ့် တိရစ္ဆာန်အဖွဲ့အစည်းကို ဖုန်းဆက်ပြီး အကူအညီတောင်းလို့ရတယ်။ ဒီဂေါ်ရီလာကြီးနဲ့ ရော့မခွေးကြီးကို သူတို့ သေချာပေါက် လာဖမ်းမှာပဲ"

"သူတိုကို အခုချက်ချင်းခေါ်လိုက်။ ကြာကြာအချိန်ဆွဲလေ အန္တရာယ်များလေပဲ"

"ငါ သူတို့ကို အခုခေါ်လိုက်မယ်"

လော့ရှန်းသည် ဖုန်းကိုထုတ်ကာ တိရစ္ဆာန်အဖွဲ့အစည်း၏ဖုန်းနံပါတ်ကို ရှာဖွေပြီး ၂၄ နာရီ အလိုလျောက် ကမ်စတမ်မာဆားဗစ်ကို ခေါ်လိုက်သည်။

စိတ်ပျက်အားလျော့သည့်အသံဖြင့် သူ အော်ပြောလိုက်သည်။ "မြန်မြန် ကူညီကြပါ။ ဂေါ်ရီလာကြီးနဲ့ ခွေးကြီးတစ်

ကောင်က အခု လူတွေကို ရန်ပြုနေပါတယ်။ ကျုပ်တို့အားလုံး ဒဏ်ရာရသွားကြပြီ။ အခု ဒီကိုလာပြီး သူတို့ကို ဖမ်းလိုက်ပါ။ ဂေါ်ရီလာကြီးဂကက နှစ်မီတာလောက် မြင့်ပြီးတော့ ခွေးကြီးက လည်း အကြီးကြီးပဲ.....”

ဖုန်းချလိုက်ပြီးနောက်တွင် သူတို့ အနည်းငယ် စိတ်သက်သာရာရသွားကြ၏။

တိရစ္ဆာန်အဖွဲ့အစည်းမှ တစ်စုံတစ်ယောက်က သူတို့အား မကြာမီ လာ၍ ကယ်ဆယ်နိုင်လိမ့်မည်။

သို့သော် ၎င်းမှာ အိပ်မက်တစ်ခုသာဖြစ်လေ၏။

တကယ့်လက်တွေ့မှာကား... ရက်စက်လွန်းလှလေသည်။

-အခန်း(၃၇၀)ပြီး

-စာစဉ်(၃၀)ပြီး